မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

### ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့ သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

**စိတ္တဝဂ်(ဓမ္မပဒ - ၃၅)**

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၉ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၆၀)

# အမျိုးသမီးများကရှေ့မှ ဦးဆောင်ပြီး စိတ်ဓာတ်များအပါအဝင် ပြောင်းလဲအောင်ကြိုးစား

**နေပြည်တော်  မတ်  ၈**

ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသည် ဆက်စပ်နေကြောင်း၊ နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းမှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ရာ အမျိုးသမီး စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ရှေ့မှ ဦးဆောင်ဦးရွက်ပြုစေလိုပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

"၂၀၃၀ အမီ ကမ္ဘာကြီးကို ပြောင်းလဲဖို့ အမျိုးသမီးများ၏ စီးပွားရေးစွမ်းဆောင်မှုကို မြှင့်တင်စို့" ဦးတည်ချက်ဖြင့် ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယသမ္မတများ၏ ဇနီးများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့၏ ဇနီးများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ၏ ဇနီး၊

*စာမျက်နှာ ၃ ကော်လံ ၁* ◆



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်တာဝန်ရှိသူများ အမျိုးသမီးများနေ့အထိမ်းအမှတ်ပြခန်း၌ ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ ကြည့်ရှုစဉ် (သတင်းစဉ်)



## ကလေးစာပေပွဲတော်များအပြင် ပြည်သူအားလုံးကို အသိပညာနှင့် သတင်းပြန်ကြားခြင်းများဖြင့် ဝန်ဆောင်မှုပေးနေသည့် ပြန်/ဆက်ဦးစီးဌာန

စာမျက်နှာ » ၈၊ ၉

## နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

**နေပြည်တော်  မတ်  ၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေအေးများနှင့် ဘင်္ဂလားပင်လယ်အော်ဘက်မှ ရွေ့လျားလာသော လေနွေးများစုဆုံမှုကြောင့် လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများကြောင့် လည်းကောင်း၊ နောက်ငါးရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွဲကွဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**(မြန်မာ့အလင်း)**

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# အများပြည်သူအကျိုးအတွက် ပြည်သူများနှင့် အနီးဆုံးမှာ

သတင်းနှင့် ဝါဒဖြန့်ချိရေးဌာန၊ ပြည်သူ့ဆက်ဆံရေးဌာန၊ ပြန်ကြားရေးဌာန၊ ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စသဖြင့် ကိုလိုနီအစိုးရခေတ်မှသည် မျက်မှောက်ခေတ်အထိ ခေတ်သမိုင်းတစ်လျှောက်တွင် အစိုးရအဆက်ဆက်တို့၏ လိုအပ်ချက်နှင့်အညီ ပြည်သူများထံ ဆက်သွယ်မှု စကြံတစ်ခုအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးကို ပုံစံအမျိုးမျိုးဖြင့်ဖွဲ့စည်းကာ ဆောင်ရွက်ခဲ့ကြသည်။ အစိုးရတစ်ရပ်အနေဖြင့် ၎င်း၏မူဝါဒသဘောထားများ၊ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြည်သူလူထုထံအသိပေးရန်၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူပေးရန်၊ အစိုးရ၏ လုပ်ငန်းဆောင်တာများတွင် ပြည်သူများနားလည်မှုရှိစွာဖြင့် ပူးပေါင်းပါဝင်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဆိုင်ရာ သတင်းအချက်အလက်များကို လူထုထံ တိုက်ရိုက်ပို့ဆောင်ပေးသည့်ဌာန တစ်ခုအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို ဖွဲ့စည်းဆောင်ရွက်ကြရခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရသစ်၏ ပထမတစ်နှစ်တာကာလသက်တမ်းအတွင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မူလလုပ်ငန်းတာဝန်များအပြင် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများကို ပိုမို၍ ဆောင်ရွက်လာနိုင်သည့် အနေအထားများကို ထင်ရှားစွာ တွေ့မြင်ရသည်။ အထူးသဖြင့် ကလေးစာပေများဖွံ့ဖြိုးလာစေရေး၊ ကလေးငယ်များ စာပေဖတ်ရှုဆည်းပူးမှုကို ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ရေး စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ကလေးစာပေပွဲတော်များကိုကျင်းပခဲ့ရာ ၂၀၁၆ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် နေပြည်တော်၌ လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အတွင်း မန္တလေးမြို့၌ လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီး ရည်ရွယ်ချက်များ အောင်မြင်ခဲ့သည်ကို တွေ့ရသည်။

နိုင်ငံတစ်ဝန်းလုံးရှိ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံး ၁၃၃ ရုံးတွင် ကလေးစာဖတ်ခန်းများကို ပြင်ဆင်ထားပေးကာ ကလေးများစာပေနှင့်ရင်းနှီးလာပြီး စာပေဖတ်ရှုမှုအားကောင်းလာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးများအတွက် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပလျက်ရှိကြောင်း သိရသည်။ ကလေးစာဖတ်ခန်းများကို ကလေးများ ပိုမိုစိတ်ဝင်စားကာ စာပေဝါသနာရှင်ကလေးငယ်များ တိုးပွားလာသည်နှင့်အမျှ အနာဂတ်ကာလ လူသားအရင်းအမြစ်များ ပိုမို၍ တန်ဖိုးမြင့်မားလာမည်ဟု ဆိုရမည်ဖြစ်သည်။ ကလေးမိဘများအနေဖြင့် မိမိတို့၏ သားငယ်၊ သမီးငယ်များကို မိမိတို့ရပ်ရွာများရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးများ၏ ကလေးစာဖတ်ခန်းများသို့သွားရောက်၍ စာပေဖတ်ရှုမှုအလေ့အထကို အားပေးကြရန် လိုအပ်သကဲ့သို့ ရုံးမှ ဝန်ထမ်းများကလည်း စာဖတ်ခန်းသို့ လာရောက်ကြသည့် ကလေးများကို နွေးထွေးစွာကြိုဆိုရင်း နေ့စဉ်နှင့်အမျှ အကြိမ်ကြိမ်လာရောက်ကြအောင် ဆွဲဆောင်စည်းရုံးသွားကြခြင်းဖြင့် အနာဂတ်မျိုးဆက်များအတွက် စာပေအမွေပေးဝေသွားနိုင်မည်ဟု ယုံကြည်မိသည်။

တစ်ဖက်တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် တည်ရှိပြီးဖြစ်သော ပြန်/ဆက်ရုံးများအနေဖြင့် ဌာနဆိုင်ရာ အဆောက်အအုံတစ်ခုအဖြစ်ထက် ဒေသတွင်း လူမှုအသိုက်အဝန်းတို့၏ အချက်အချာနေရာတစ်ခုဖြစ်လာစေရန် ဖော်ဆောင်လျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းစိန်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးတွင် လူမှုအခြေပြုဗဟိုဌာန **(Community Centre)** သတ်မှတ်ကာ လက်ရှိအခြေအနေတွင် မြောင်းမြ၊ နတ်မောက်နှင့် ပျဉ်းမနားတို့တွင် **Community Centre** များ ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း အမြို့မြို့အနယ်နယ်ရှိ ပြန်/ဆက်ရုံးများကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။ **Community Centre** များသည် ဟောပြောပွဲများကျင်းပသည့်နေရာ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများကျင်းပသည့်နေရာ၊ စာဖတ်ဝိုင်း များနှင့် စာပေရေးရာများဆွေးနွေးသည့်နေရာ၊ ကာတွန်းပြပွဲ၊ ပန်းချီပြပွဲ၊ ဓာတ်ပုံပြပွဲများကျင်းပသည့်နေရာ၊ ဓာတ်ပုံသင်တန်း၊ ပန်းချီသင်တန်း၊ ကာတွန်းရေးဆွဲနည်းသင်တန်း စသည့် သင်တန်းများဖြင့် စည်ကားသည့်နေရာ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတို့ စည်းဝေးညှိနှိုင်းတိုင်ပင်သည့်နေရာများအဖြစ်ဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းစဉ်များကို ပိုမို၍ ဆောင်ရွက်လာနေပြီဖြစ်သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများနှင့် လက်လှမ်းတစ်မီတွင်တည်ရှိနေသော၊ ပြည်သူများအကြားမှ ပြည်သူနှင့် အနီးစပ်ဆုံးသော မီဒီယာတစ်ခုဖြစ်သည့်အလျောက် ပြည်သူ့ဝန်ဆောင်မှုများ ပိုမိုပီပြင် သွက်လက်ထက်မြက်လာသည်နှင့်အမျှ နိုင်ငံတော်အစိုးရ၏ နိုင်ငံနှင့်ပြည်သူအတွက် ဆောင်ရွက်ချက်များတွင် ပြည်သူများ ပူးပေါင်းပါဝင်မှု ပိုမိုအားကောင်းလာမည်ဟု ရှုမြင်ပါကြောင်း။ ။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် မတ် ၈**

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးအလည်အပတ်ခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. POL SAROEUN ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ဟနွိုင်းမြို့မှ ကမ္ဘောဒီးယားနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဗီယက်နမ်ပြည်သူ့တပ်မတော် နိုင်ငံခြားဆက်ဆံရေးဌာန အကြီးအကဲ Lt. Gen. Vu Chien Thang နှင့် တပ်မတော်အရာရှိကြီးများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီး အောင်ကျော်ဦးနှင့် တာဝန်ရှိသူများက ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကမ္ဘောဒီးယားနိုင်ငံ Pochentong တပ်မတော်လေဆိပ်သို့ ရောက်ရှိရာ ကမ္ဘောဒီးယားဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Eth Sarath နှင့်ဇနီး၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမြင့်စိုးနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီး ဝင်းကိုနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကမ္ဘောဒီးယား ဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုစဉ်

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. POL SAROEUN က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ကမ္ဘောဒီးယားဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးရှိ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် တပ်မတော်ခေါင်းဆောင်များ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ အားကစားအဖွဲ့များ ချစ်ကြည်ရေးပြိုင်ပွဲများကျင်းပခြင်း၊ တပ်မတော်ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်ခြင်းနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် Peace Palace သို့သွားရောက်၍ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E.Samdach Maha Sera Pedey Techo HUN SEN အား ဂါရဝပြုတွေ့ဆုံသည်။

**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

မတ်လ ၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ရှေ့ဖုံးစာမျက်နှာတွင်ဖော်ပြခဲ့သော နိုင်ငံတော်သမ္မတထံမှ သြဝါဒလမ်းညွှန်မှုခံယူသတင်းတွင် **"လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ"** အစား **"လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ"** ဟု ဖြည့်စွက်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၈-၃-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၂၀/၇၂၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၃၀/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၆၀/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၄၀/၇၄၅ ကျပ် | (လက်ကားဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၇ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၁ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၂ · ၄၅ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၃၂ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၇၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ · ၆၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်နိုင်ငံ IAPC ဥက္ကဋ္ဌဟောင်းအား တွေ့ဆုံ

**နေပြည်တော် မတ် ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်နိုင်ငံ International Association of Political Consultants (IAPC)၏ ဥက္ကဋ္ဌဟောင်းနှင့် RBI Strategies and Research Inc.၏ ဥက္ကဋ္ဌဖြစ်သူ Mr.Rick Ridder အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား IAPC မှ ၁၉၉၅ခုနှစ်က ချီးမြှင့်ခဲ့သည့် ဒီမိုကရေစီဆုတံဆိပ်ကို IAPC အဖွဲ့အစည်းကိုယ်စား Mr.Rick Ridder က ပေးအပ်သည်။

IAPC အဖွဲ့အစည်းအား ၁၉၆၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ကမ္ဘာပေါ်တွင် ဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် ဦးတည်ဆောင်ရွက်နေသည့်အဖွဲ့အစည်းဖြစ်သည်။ ဒီမိုကရေစီထွန်းကားရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံဆောင်ရွက်ခဲ့သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား ၁၉၈၂ ခုနှစ်မှ စတင်၍ ဒီမိုကရေစီဆုတံဆိပ်ကိုချီးမြှင့်ခဲ့ရာ ပိုလန်နိုင်ငံမှ Mr.Lech Walesa၊ တောင်အာဖရိကနိုင်ငံမှ Mr.Nelson Mandela ကဲ့သို့ ပုဂ္ဂိုလ်များအား ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား IAPC မှ ၁၉၉၅ ခုနှစ်က ချီးမြှင့်ခဲ့သည့် ဒီမိုကရေစီဆုတံဆိပ်ကို IAPC အဖွဲ့အစည်းကိုယ်စား Mr.Rick Ridder က ပေးအပ်စဉ်** (သတင်းစဉ်)

◆ *ရှေ့စာမျက်နှာမှ*

ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုနှစ်သည် အမျိုးသမီးများနှင့်ပတ်သက်၍ အမျိုးသမီးများ၏ စီးပွားရေးကဏ္ဍကို ဦးစားပေးသည့်နှစ်ဟု နားလည်ပါကြောင်း၊ မည်သည့်အတွက် စီးပွားရေးဦးစားပေးသည်ကို အားလုံးက ပထမဆင်ခြင်ရန်လိုပါကြောင်း၊ စီးပွားရေးကောင်းမှ ကျန်သည့်အရာများ ကောင်းသွားမည်ဟု အမြင်ရှိနေခြင်းလားဆိုသည်ကို စဉ်းစားမိပါကြောင်း၊ ယခုနှစ်သည် နိုင်ငံအတွက် ငြိမ်းချမ်းရေးကို အဓိကထားရမည့်နှစ်ဖြစ်သည့်အတွက် အမျိုးသမီးများအနေဖြင့် စီးပွားရေးအကြောင်းပြောရာတွင် စီးပွားရေးကဏ္ဍမှ ငြိမ်းချမ်းရေးကို မည်သို့အားပေးနိုင်မည်၊ ငြိမ်းချမ်းရေးဖြစ်မြောက်ရေးအတွက် မည်သို့ကူညီနိုင်မည်ဆိုသည်ကို စဉ်းစားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့ပြင် "စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ စီးပွားရေးကို ပထမဦးစားပေး ဝါသနာပါတာ အပြစ်မဟုတ်ပါဘူး။ ကိုယ့်ရဲ့ကဏ္ဍမှာ ကိုယ်အောင်မြင်မှ မှန်ကန်တဲ့လမ်းကို ရောက်နိုင်မှာပါ။ သို့သော်လည်း ကျွန်မတို့နိုင်ငံအတွက် ကမ္ဘာကြီးအတွက် အရေးကြီးဆုံးက ငြိမ်းချမ်းရေးလို့ ကျွန်မထင်ပါတယ်။ ဒါကြောင့် ကျွန်မတို့ အမျိုးသမီးများဟာ မိမိတို့ရဲ့စီးပွားရေးနဲ့ပတ်သက်တဲ့ ခနအင်အား၊ လုပ်ငန်းရှင်အင်အားကို တစ်နိုင်ငံလုံးအတွက်သာမက တစ်ကမ္ဘာလုံးအတွက် တည်ငြိမ်အေးချမ်းရေးနဲ့ ငြိမ်းချမ်းရေးအတွက် ဘယ်လိုအသုံးချမလဲဆိုတာကို စဉ်းစားစေချင်ပါတယ်။ အင်အားဟာ အမှန်တရားလား၊ အမှန်တရားဟာ အင်အားလားဆိုရာမှာ အမှန်တရားဟာ အင်အားဆိုတဲ့ ခေတ်ကြီးကို ဦးတည်ပါတယ်။ ယဉ်ကျေးတဲ့သူတိုင်းဟာ အမှန်တရားဟာ အင်အားလို့ သတ်မှတ်ပြီးတော့ သတ်မှတ်တဲ့အတိုင်းလုပ်ကိုင်ပြောဆိုကြပါတယ်။ လူရိုင်းများကတော့ အင်အားဟာ အမှန်တရားလို့ ပြောကြပါတယ်။ အင်အားဟာ အမှန်တရားလို့ ထင်ရင်း ထင်ရင်းနဲ့ အမှန်တရားဆိုတာ ဘာမှန်းတောင် မသိကြတော့ပါဘူး။ အင်အားကိုပဲ အားကိုးလာကြပါတယ်။ ကျွန်မတို့ရဲ့စီးပွားရေးကဏ္ဍတွေမှာပါတဲ့ အမျိုးသမီးများဟာ မိမိတို့ရဲ့ခနအင်အား၊ စီးပွားရေး ကျွမ်းကျင်မှုအင်အားကို အမှန်တရားဆိုတဲ့ ငြိမ်းချမ်းရေးအတွက် သုံးကြပါလို့ တိုက်တွန်းချင်ပါတယ်"ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

ထို့ပြင် ခေတ်အဆက်ဆက် လူ့အသိုင်းအဝိုင်းတွင် အင်အားကို လွန်စွာ အလေးထားကြပါကြောင်း၊ ယခုခေတ်တွင် အများသဘောကျခေတ်စားနေသည့် အသုံးအနှုန်းမှာ ပျော့ပျောင်းသည့် အင်အားဖြစ်ပါကြောင်း၊ ပျော့ပျောင်းသည့်အင်အားဆိုရာတွင် ခနအင်အားလည်း ပါဝင်ပါကြောင်း၊ ငွေရေးကြေးရေးအရ၊ ရုပ်ပိုင်းဆိုင်ရာအရ ဩဇာအာဏာရှိခြင်းကို ပျော့ပျောင်းသည့် အင်အားဟု အများကနားလည်ကြပါကြောင်း၊ မိမိအနေဖြင့် အမှန်တရားသည် အင်အားအဖြစ် ခိုင်မြဲအောင်လုပ်ပါက ကျန်သည့်ကိစ္စများသည်လည်း မှန်မှန်ကန်ကန် ဖြစ်သွားမည်ဖြစ်ပါကြောင်း၊ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးကဏ္ဍတွင် ၅၀-၅၀ ရာခိုင်နှုန်းပါသကဲ့သို့ ငြိမ်းချမ်းရေးရရန်အတွက် လုပ်ဆောင်သည့်နေရာတွင် တစ်ဝက်တာဝန်ယူသင့်သည်ဟု ထင်မြင်ပါကြောင်း၊ ယခုအချိန်တွင် ငြိမ်းချမ်းရေးဖြစ်စဉ်၌ အမျိုးသမီးများ ၃၀ ရာခိုင်နှုန်းပါဝင်ရေးဆိုပြီး လှုပ်ရှားနေပါကြောင်း၊ ၃၀ ရာခိုင်နှုန်းသာမက ၅၀ ရာခိုင်နှုန်း ပါဝင်စေလိုပါကြောင်း၊ ပါဝင်သည်ဆိုရာတွင် အစည်းအဝေးထဲဝင်ထိုင်မှ ပါဝင်ခြင်းမဟုတ်ကြောင်း၊ ငြိမ်းချမ်းရေးဆိုသည်မှာ အစည်းအဝေးထဲမှ စခြင်းမဟုတ်ပါကြောင်း၊ ပြည်သူလူထု၏ နှလုံးသားနှင့်ဦးနှောက်ထဲမှ စတင်ခြင်းဖြစ်ရာ အဆိုပါကဏ္ဍတွင် အမျိုးသမီးများအနေဖြင့် များစွာ ကူညီနိုင်ပါကြောင်း ပြောကြားသည်။

**ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဘယ်လိုပံ့ပိုးမလဲ**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "စဉ်းစားနိုင်တဲ့ ဦးနှောက်တွေကို ငြိမ်းချမ်းရေးအတွက် သုံးမယ်ဆိုရင် ကျွန်မတို့နိုင်ငံအတွက် ဘယ်လောက်အင်အားဖြစ်မလဲဆိုတာစဉ်းစားစေချင်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ စိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်နေရတယ်။ ဒီလိုစိန်ခေါ်မှုတွေဟာ အားလုံးနဲ့ဆိုင်ပါတယ်။ ကျွန်မတို့အစိုးရတစ်ခုတည်းနဲ့ဆိုင်တာ မဟုတ်ပါဘူး။ အင်အားစုတစ်စုတည်းဆိုင်တာလည်း မဟုတ်ဘူး။ တချို့တစ်ဝက်နဲ့ ဆိုင်တာလည်း မဟုတ်ပါဘူး။ ကျွန်မတို့ရဲ့ နိုင်ငံသူ နိုင်ငံသားအားလုံးနဲ့ ဆိုင်ပါတယ်။ အမျိုးသမီးများဟာလည်း ဒီဖြစ်စဉ်ထဲမှာ တက်တက်ကြွကြွနဲ့ ပါဝင်ဖို့လိုပါတယ်။ စီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများဟာ ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဘယ်လိုပံ့ပိုးမလဲဆိုတာကို လေးလေးနက်နက်စဉ်းစားစေချင်ပါတယ်။" ဟု ပြောကြားသည်။




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်** (သတင်းစဉ်)

**စီးပွားရေးကဏ္ဍကို မြှင့်တင်ရာရောက်**

"ကျွန်မတို့ရဲ့အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ငွေရေးကြေးရေးနဲ့၊ စေတနာနဲ့ လှိုက်လှိုက်လှဲလှဲ ကူညီပံ့ပိုးပေးတဲ့ လုပ်ငန်းရှင်အားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကိုပဲ ကူညီတာမဟုတ်ပါဘူး။ စီးပွားရေးကိုလည်း ကူညီရာရောက်ပါတယ်။ ကျွန်မတို့နိုင်ငံမှာရော၊ တခြားမဖွံ့ဖြိုးသေးတဲ့နိုင်ငံတွေနဲ့ ဖွံ့ဖြိုးတဲ့နိုင်ငံတွေမှာလည်း အတိုင်းအတာတစ်ခုအထိ ဒီလိုပဲရှိနေပါတယ်။ ချမ်းသာတဲ့ စီးပွားရေးလုပ်ငန်းရှင်များ၊ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်များဟာ တခြားလူတွေ မိမိတို့လောက် ခနအင်အားမများတဲ့ သူတွေကို နှိမ်တယ်။ ကိုယ့်ရဲ့စီးပွားရေး တိုးတက်ဖို့ကိုပဲကြည့်တယ်ဆိုပြီးတော့ မလိုလားတဲ့အစိတ်အပိုင်းတွေရှိပါတယ်။ အဲ့ဒီတော့ ကျွန်မတို့ခနအင်အားဟာ ကျွန်မတို့ နိုင်ငံအတွက် ဖြစ်တယ်။ ကျွန်မတို့ စီးပွားရေးလုပ်ငန်းရှင်များ၊ အမျိုးသမီးလုပ်ငန်းရှင်များ အပါအဝင် စီးပွားရေးလုပ်ငန်းရှင်များဟာ ကျွန်မတို့နိုင်ငံတစ်ခုလုံးအတွက် အကျိုးပြုနိုင်မယ်ဆိုတာကို ပြခြင်းအားဖြင့် စီးပွားရေးကဏ္ဍကို မြှင့်တင်ရာရောက်ပါတယ်" ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

ဆက်လက်၍ ပြည်သူပြည်သားအားလုံးသည် စီးပွားရေးအောင်မြင်မှုကို အလေးထားရမည်ဖြစ်ကြောင်း၊ စီးပွားရေးအောင်မြင်မှုမှ အကျိုးရလဒ်များကို အများအတွက် မည်သို့ သုံးသည်ကိုပြရန်လိုပါကြောင်း၊ အတ္တဟိတ၊ ပရဟိတ နှစ်ခုလုံးတွဲပြီးလုပ်မှ အောင်မြင်မှုရမည်ဖြစ်ကြောင်း၊ နှစ်ခုလုံး မှန်မှန်ကန်ကန် ချိန်ခွင်လျှာညီမျှအောင် ပံ့ပိုးပေးခြင်းသည် စစ်မှန်သည့်အင်အားဖြစ်ပါကြောင်း၊ စီးပွားရေးသည် မှန်ကန်သည့် စီးပွားရေးပုံစံဖြစ်ရန် အရေးကြီးပါကြောင်း၊ စီးပွားရေးအောင်မြင်မှုကိုသာ ဦးတည်ရမည်ဆိုသည်ကို လက်မခံပါကြောင်း၊ စီးပွားရေးနှင့် နိုင်ငံရေး၊ နိုင်ငံရေးနှင့် လူမှုရေး၊ လူမှုရေးနှင့် ငြိမ်းချမ်းရေး အားလုံးဆက်စပ်နေပါကြောင်း၊ မိမိအကျိုးစီးပွားကို အများအတွက် သုံးမည်ဆိုပါက မိမိအကျိုးစီးပွားသည်လည်း ထပ်တလဲလဲတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

**စိတ်ဓာတ်များပြောင်းလဲအောင်ကြိုးစား**

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့အားလုံးဟာ တစ်ဦးကို တစ်ဦး လက်တွဲပြီးခေါ်သွားဖို့ အရေးကြီးပါတယ်။ အမျိုးသမီးများကို အမျိုးသားများကနေ မိမိတို့ရှိတဲ့စွမ်းအင်များနဲ့ ကာကွယ်စောင့်ရှောက်ကူညီသလို အမျိုးသမီးများကလည်း အမျိုးသားများကို မိမိတို့ရဲ့စွမ်းအင်များနဲ့ ကာကွယ်စောင့်ရှောက်ကူညီပြီး လက်တွဲခေါ်ဖို့ အရေးကြီးပါတယ်။ ကိုယ့်ကိုယ်ကိုယ် အထင်မသေးပါနဲ့၊ အခြားပုဂ္ဂိုလ်ကိုလည်း အထင်မသေးပါနဲ့၊ အမျိုးသားများကလည်း အမျိုးသမီးများကို အထင်မသေးပါနဲ့။ ကိုယ့်ကိုယ်ကိုယ်လည်း အထင်မသေးပါနဲ့၊ အထူးသဖြင့် လူငယ်အမျိုးသားများ ကြိုးစားပြီးတော့ ပညာရေးနယ်ပယ်မှာ အမျိုးသမီးတွေနောက်က မကျန်ခဲ့အောင် လုပ်စေချင်ပါတယ်။ ဒါမှ ကျွန်မတို့နိုင်ငံရဲ့အနာဂတ်ဟာ မျှမျှတတဖြစ်မှာပါ။ ဒီနှစ်အတွက် ဦးတည်ချက်ကတော့ စီးပွားရေးပါ။ "၂၀၃၀ အမီ ကမ္ဘာကြီးကို ပြောင်းလဲဖို့ အမျိုးသမီးများ၏ စီးပွားရေး စွမ်းဆောင်မှုကို မြှင့်တင်စို့" ဖြစ်ပါတယ်။ ကမ္ဘာကြီးကို ပြောင်းလဲဖို့ဆိုတာ စိတ်ဓာတ်ပါပဲ။ စီးပွားရေးနဲ့ပြောင်းလဲလို့မရပါဘူး။ ငွေရေးကြေးရေးနဲ့ကတော့ အတိုင်းအတာတစ်ခုအထိပဲ ပြောင်းလဲနိုင်မှာဖြစ်ပါတယ်။ တကယ့်ကမ္ဘာကြီးကို ငြိမ်းချမ်းရေးဘက်ကို၊ မေတ္တာဘက်ကို၊ ကရုဏာဘက်ကို၊ စေတနာဘက်ကို ပြောင်းလဲစေချင်တယ်ဆိုရင် ကျွန်မတို့ စိတ်များကို စပြီးပြောင်းရမှာဖြစ်လို့ အမျိုးသမီးများအနေနဲ့ ရှေ့ကဦးဆောင်ပြီးတော့ ပြောင်းသင့်ပြောင်းထိုက်တဲ့အရာများ၊ စိတ်ဓာတ်များအပါအဝင် ပြောင်းလဲအောင် ကြိုးစားပေးကြပါလို့ မေတ္တာရပ်ခံပါကြောင်း" ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းရာတွင် မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၁ ဒသမ ၄ သန်းခန့်ရှိပြီး အမျိုးသား ၄၉ ဒသမ ၂ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၁ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်ကို ကိုယ်စားပြုသော အမျိုးသမီးများသည် နိုင်ငံတော်၏ အရေးပါသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် အင်အားစုတစ်ရပ်အဖြစ် ပါဝင်ပါကြောင်း၊ ထို့ကြောင့် ကျား၊ မ တန်းတူညီမျှရေးနှင့်

*စာမျက်နှာ ၄ သို့*

# သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး တတိယနေ့ကျင်းပ

**ရန်ကုန် မတ် ၈**
သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဠသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ အရာထမ်း/အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာရက ဆောင်ရွက်တော်မူသည်။

အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသောနိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားကာ အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာ၍ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏိကာဘိဝံသက ရှင်းလင်းအတည်ပြုချက်ရယူပြီး နံနက်ပိုင်းအစည်းအဝေးကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် အစည်းအဝေး ပြန်လည်ကျင်းပရာ အနားယူသွားသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်နှင့် အစားထိုးရွေးချယ်ခံရသည့် နိုင်ငံတော်သံဃ မဟာနာယက ဆရာတော် ဘွဲ့အမည်စာရင်းကို အကျိုးတော်ဆောင် ဆရာတော်က ဖတ်ကြားတင်သွင်းပြီး အစားထိုးရွေးချယ်ခံရသော နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌဆရာတော်၏ ဘွဲ့အမည်စာရင်းကို ဥက္ကဋ္ဌဆရာတော်ကြီးကိုယ်စား အကျိုးတော်ဆောင် ဆရာတော်က ဖတ်ကြားတင်သွင်းသည်။

ထို့နောက် နိုင်ငံတော်သံဃဝိနည်းဓရအဖွဲ့ဝင် ဆရာတော်များအား နိုင်ငံတော်ဝိနည်းဓိုရ်လက်မှတ်များ ဆက်ကပ်ခြင်းနှင့် နိုင်ငံတော်သံဃဝိနိစ္ဆယစီရင်ထုံးများ ပြုစုခဲ့သည့် ဆရာတော်ကြီးများထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ဆက်ကပ်သည်။



ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင်မှတ်တမ်းစာအုပ်ကြီး၌ သြဝါဒါစရိယ ဆရာတော် ၁၅ ပါး၊ ဥက္ကဋ္ဌ ဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်၊ ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတို့မှ ကိုယ်စားလှယ်တစ်ပါးစီတို့က လက်မှတ်ရေးထိုးတော်မူကြသည်။

ထို့နောက် သဘာပတိဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ နိဂုံးချုပ် ဥယျောဇနကထာကို နာယူတော်မူကြပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာသည့် ဆရာတော်အားလုံးက "ဇယန္တောဗောဓိယာမူလေ" အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး "သာဓု" သုံးကြိမ်ခေါ်ဆိုကာ သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၁၆ ခုနှစ်၊ အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ကြေညာလိုက်သည်-

(က) အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၄၂ ဌာနတို့၌ ဖြေဆိုသူ ၁၅၀၀၅ ဦး၊ အောင်မြင်သူ ၁၂၉၀၁ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံး အောင်မြင်သူ ၂၂၄၀ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိကြသူများမှာ-

(၁) **တစ်ပြည်လုံး ပထမ**
ခုံအမှတ် ပဘတ-၃၊ ဒေါ်ယုယထွန်း၊ ပန်းဘဲတန်း
စာဖြေဌာန
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၂) **တစ်ပြည်လုံး ဒုတိယ**
ခုံအမှတ် သကတ-၉၁၊ မခင်သီတာဝေ၊ သာကေတ
စာဖြေဌာန၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၃) **တစ်ပြည်လုံး တတိယ**
ခုံအမှတ် ထီလာ-၉၈၊ မအေးအေးမော်၊
မိတ္ထီလာစာဖြေဌာန
မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

(ခ) အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၁၃ ဌာနတို့၌ ဖြေဆိုသူ ၃၆၁၀ ဦး၊ အောင်မြင်သူ ၃၀၆၈ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၆၄၈ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိကြသူများမှာ-

(၁) **တစ်ပြည်လုံး ပထမ**
ခုံအမှတ် သကတ-၄၆၊ ဒေါ်မြတ်မြတ်မင်း၊
သာကေတစာဖြေဌာန
သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၂) **တစ်ပြည်လုံး ဒုတိယ**
ခုံအမှတ် လှိုင်-၃၄၊ ဒေါ်သင်းသင်းစံ၊ လှိုင်စာဖြေဌာန
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၃) **တစ်ပြည်လုံး တတိယ**
ခုံအမှတ် တွင်း-၄၊ မယဉ်မွန်သိမ့်သိမ့်ကျော်၊
တောင်တွင်းကြီးစာဖြေဌာန
တောင်တွင်းကြီးမြို့ မကွေးတိုင်းဒေသကြီး

(ဂ) ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၉၁ ဌာနတို့၌ ဖြေဆိုသူ ၂၄၉၈ ဦး၊ အောင်မြင်သူ ၂၂၃၃ ဦး၊ နှစ်ချင်းပေါက် သုံးဆင့် အောင်မြင်သူ ၃၆၆ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိကြသူများမှာ-

(၁) **တစ်ပြည်လုံး ပထမ**
ခုံအမှတ် မဟမ-၆၃၊ မခင်ဆန်းဆန်းအေး၊
မဟာအောင်မြေစာဖြေဌာန
မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

(၂) **တစ်ပြည်လုံး ဒုတိယ**
ခုံအမှတ် အမစ-၂၊ ဒေါ်ခိုင်စုဝေ၊
အောင်မြေသာစံစာဖြေဌာန
အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

(၃) **တစ်ပြည်လုံး တတိယ**
ခုံအမှတ် လှိုင်-၆၄၊ ဒေါ်ခင်မေဦး၊ လှိုင်စာဖြေဌာန
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ အောင်စာရင်းအပြည့်အစုံကို တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးရုံးများ၊ စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် ကြည့်ရှုနိုင်သည်။

**သာသနာရေးဦးစီးဌာန**

*စာမျက်နှာ ၃ မှ*

အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပပျောက်ရေးကို နိုင်ငံတော်၏ တာဝန်ဝတ္တရားတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်အတိုင်း ကျား-မ တန်းတူညီမျှရေးနှင့် အမျိုးသမီးနှင့် မိန်းကလေးငယ်များအား စွမ်းပကားမြှင့်တင်ရေးရည်မှန်းချက်များ ပြည့်မီအောင်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ အမျိုးသမီးများအတွက် လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကဏ္ဍများတွင် အမျိုးသမီးအဖွဲ့အစည်းများ အချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ရေးဆွဲချမှတ်ခဲ့သည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) အကောင်အထည်ဖော်ဆောင်ရွက်ရေးတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ထည့်သွင်းပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို UNFPA မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် မစ္စ ဂျနက်ဂျက်ဆင်က ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

### လှည့်လည်ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများသည် ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်ပြခန်းတွင် ခင်းကျင်းပြသထားသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာ လူပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ အမျိုးသမီး သက်မွေးပညာသင်တန်းကျောင်းနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းကျောင်းများမှ ထုတ်လုပ်သည့် ထွက်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**

## ရန်ကုန်-နေပြည်တော်-ရန်ကုန်ရထား အချိန်စာရင်း ပြောင်းလဲပြေးဆွဲမည်

**နေပြည်တော် မတ် ၈**
မြန်မာ့မီးရထားအနေဖြင့် ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် အမှတ်(၇)အဆန်၊ ရန်ကုန်-နေပြည်တော် လူစီးအမြန်ရထားနှင့် အမှတ်(၈)အစုန်၊ နေပြည်တော်-ရန်ကုန် လူစီးအမြန်ရထားများအား မတ် ၁၁ ရက်မှစ၍ အောက်ပါအချိန်စာရင်းအတိုင်း ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်သည်-

| စဉ် | ရထားအမှတ် | ခရီးစဉ် | ထွက်ချိန် | ရောက်ချိန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | အမှတ်(၇)အဆန် | ရန်ကုန်မှနေပြည်တော် | ၂၁း၃၀ | ၀၆း၀၀ | |
| ၂ | အမှတ်(၈)အစုန် | နေပြည်တော်မှရန်ကုန် | ၂၁း၀၀ | ၀၅း၃၅ | |

အဆိုပါ ရထားအချိန်စာရင်းများအား ခရီးသွားပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာဘူတာများတွင် ကြိုတင်အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

**မြန်မာ့မီးရထား**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း(၇၈)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး ကျင်းပမည်

**နေပြည်တော် မတ် ၈**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏(၇၈)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးကို မတ် ၂၂ ရက်မှ ၂၃ ရက်ထိ နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ် စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးနှင့် ညီလာခံသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ၊ လူငယ်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြည်သူ့ဝန်ဆောင်မှု ရုပ်သံလွှင့်မီဒီယာသို့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ဆွေးနွေး

**နေပြည်တော် မတ် ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဂျာမနီနိုင်ငံ သံရုံးမှ ကောင်စစ်ဝန် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုဦးစီးအရာရှိ ဒေါက်တာ ကာသရီးနားရုပ်ပိစ်နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို နိုင်ငံပိုင်မီဒီယာမှ ပြည်သူ့ဝန်ဆောင်မှု ရုပ်သံလွှင့်မီဒီယာ (PSB) သို့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် Action Plan နှင့် Timeline ရေးဆွဲလုပ်ဆောင်နိုင်ရေး၊ ဝန်ထမ်းများအတွက် HR Plan များချမှတ်၍ စွမ်းရည်မြှင့်သင်တန်းများပေးနိုင်ရေး၊ ရုပ်သံလွှင့်မီဒီယာဥပဒေရေးဆွဲရာတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ MRTV Webportal ထူထောင်ရာတွင် ချမှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ မကြာမီ ကျင်းပပြုလုပ်မည့် Transition Forum တွင် အသွင်ကူးပြောင်းရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ဆွေးနွေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၈**

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးသို့ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ကော်မတီဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်ရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူပုဂ္ဂိုလ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် အနည်းဆုံးအခကြေးငွေ ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇ ဖြင့် ၂၀၁၃ ခုနှစ် မတ် ၂၂ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ၂၀၁၃ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ထုတ်ပြန်နိုင်ခဲ့ကြောင်း၊ အလုပ်သမားများ၊ အလုပ်ရှင်များ၏ရေရှည်အကျိုးအတွက် အနည်းဆုံးအခကြေးငွေတစ်ရပ် ဥပဒေနှင့်အညီ အမြန်ဆုံးပေါ်ထွန်းလာရေးအတွက် ဥပဒေပြဋ္ဌာန်းချိန်မှစ၍ လုပ်ငန်းစဉ်များ ချမှတ်၍ အကောင်အထည်ဖော်လျက်ရှိကြောင်း။

အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ) နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်အရ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ တစ်နိုင်ငံလုံးတစ်ပြေးညီ သတ်မှတ်သည့် အနည်းဆုံးအခကြေးငွေမှာ တစ်နာရီလျှင် ကျပ် ၄၅၀ နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်) အတွက် ကျပ် ၃၆၀၀ ဖြစ်ကြောင်းနှင့် ယင်းသတ်မှတ်ချက်သည် အလုပ်သမား ၁၅ ဦးနှင့်အောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစု တစ်ပိုင်တစ်နိုင်လုပ်ငန်းများ နှင့် သက်ဆိုင်မှုမရှိကြောင်း ထုတ်ပြန်ကြေညာနိုင်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ)အရ အဆိုပါ အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ သက်တမ်းသည် သုံးနှစ်ဖြစ်ပြီး ဒုတိယအကြိမ်အသစ် ပြန်လည်ဖွဲ့စည်းရန်လိုအပ်ပြီး ဥပဒေအရ သတ်မှတ်ထားသည့် အနည်းဆုံး အခကြေးငွေကိုလည်း ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်တို့နှင့်အညီ နှစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ပြန်လည်သုံးသပ်ရမည်ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့် အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို နိုင်ငံတော်သမ္မတရုံးမှ ဖေဖော်ဝါရီ ၁၆ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၇ ဖြင့် ဒုတိယအကြိမ် ပြန်လည်ဖွဲ့စည်းပေးခဲ့ကြောင်း၊ အဆိုပါ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ပြန်လည်ဖွဲ့စည်းပြီးဖြစ်သည့်အတွက် ယခင်က ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ် (၅) ရပ်အပြင် ထပ်မံဖြည့်စွက်လိုသည့် အချက်များရှိပါကလည်း ပြင်ဆင်ဖြည့်စွက်နိုင်ရေး အကြံပြုဆွေးနွေးပေးရန်၊ လုပ်ငန်းစဉ်များအား ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဘက်ဘက်မှ အကြံဉာဏ်များ လက်ခံရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ကော်မတီများအား ပြန်လည်ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ရေးအပါအဝင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ခြင်း၊ ကော်မတီ၏ ပုံမှန်အစည်းအဝေးများအပြင် အထူးအစည်းအဝေးများကျင်းပပြုလုပ်ခြင်း၊ သုတေသနနှင့် စာရင်းကောက်ယူရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပညာပေးလုပ်ငန်း အစီအစဉ်များ ဆောင်ရွက်ခြင်းနှင့် အလုပ်ရှင်၊ အလုပ်သမား၊ လူမှုအဖွဲ့အစည်း၊ ကျွမ်းကျင်သူများနှင့် ညှိနှိုင်းဆွေးနွေးခြင်း စသည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ လုပ်ငန်းကော်မတီအစည်းအဝေးများ ကျင်းပ

**နေပြည်တော် မတ် ၈**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့်အကြောင်းအရာများ အပေါ်အခြေခံ၍ စနစ်တကျစီမံဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီငါးခုကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်က ဖွဲ့စည်းခဲ့သည်။

အဆိုပါလုပ်ငန်းကော်မတီများ၏ ဆွေးနွေးပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနရှိ နေရာအသီးသီးတွင်ကျင်းပရာ ယင်းကော်မတီများတွင်ပါဝင်သော အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ကော်မတီဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးပွဲများမစတင်မီ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ကျင်းပခဲ့သည်။

### ဖက်ဒရယ်စနစ် အခြေခံရမည့်မူများ

ထို့နောက် လုပ်ငန်းကော်မတီအလိုက် အစည်းအဝေးများကို သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပရာ နိုင်ငံရေးကိစ္စရပ်များဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဦးခင်ဇော်ဦး၊ ဒေါက်တာလျန်မှုန်းဆာခေါင်းနှင့် စိုင်းကျော်ညွန့်တို့က ဦးဆောင်၍ ကော်မတီ၏လုပ်ငန်းလမ်းညွှန်များ၊ ဆွေးနွေးမည့်အစီအစဉ်နှင့် ခေါင်းစဉ်များကို ရှင်းလင်းပြောကြားကြပြီး ဗိုလ်မှူးချုပ် တင်အောင်၊ ဗိုလ်မှူးချုပ် လှသန်းမောင်၊ ဦးဌေးဝင်းအောင်၊ ဦးကျော်ကျော်ဟန်၊ ဒေါက်တာစိုင်းဦး၊ စောအယ်ကလူစေး၊ စောစံငြိမ်းသူ၊ စောကူးကူ၊ ဦးဇမ်ဇမုန်၊ စိုင်းဘိုးအောင်၊ ဒေါက်တာတူးဂျာနှင့် ဦးအောင်ကြည်ညွန့်တို့က ပြန်လည်ဆွေးနွေးကြသည်။

နိုင်ငံရေးကိစ္စရပ်များဆွေးနွေးမှု လုပ်ငန်းကော်မတီအနေဖြင့် ဖက်ဒရယ်စနစ်နှင့်ပတ်သက်သည့် အခြေခံရမည့်မူများကို ဆွေးနွေးခဲ့ကြသည်။

### လူမှုဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများ

အလားတူ လူမှုရေးကိစ္စရပ်များဆွေးနွေးမှု လုပ်ငန်းကော်မတီ၌ ဦးဇော်ဌေး၊ ဦးစိုင်းလနှင့် ဦးနိုင်ငံလင်းတို့က ဦးဆောင်၍ ကော်မတီ၏လုပ်ငန်းလမ်းညွှန်များ၊ ဆွေးနွေးမည့် အစီအစဉ်နှင့် ခေါင်းစဉ်များကိုရှင်းလင်းပြောကြားကြပြီး ဗိုလ်ချုပ်နေလင်း၊ ဒေါ်ဇင်မာအောင်၊ ဦးနိုင်ဆွေဦး၊ စောဆဲဗွယ်၊ ခွန်သောမက်စ်၊ ဒေါ်အေးသီတာမြင့်၊ ဦးတင်ဆွေ၊ ဦးဆမ်းဆောင်ကားနှင့် ဦးရွှေမင်းတို့က ပြန်လည်ဆွေးနွေးကြသည်။

လူမှုရေးကိစ္စရပ်များဆွေးနွေးမှု လုပ်ငန်းကော်မတီအနေဖြင့် ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သောအခြေခံမူများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

### ဖက်ဒရယ်စနစ်ဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးမူဝါဒများ

ထို့အပြင် စီးပွားရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဦးလှမောင်ရွှေ၊ ဒေါ်စောမြရာဇာလင်းနှင့် မင်းကျော်ဇေယျာဦးတို့ကဦးဆောင်၍ ကော်မတီ၏လုပ်ငန်းလမ်းညွှန်များ၊ ဆွေးနွေးမည့်အစီအစဉ်နှင့် ခေါင်းစဉ်များကို ရှင်းလင်းပြောကြားကြပြီး ဗိုလ်မှူးချုပ် သိုက်စိုး၊ မိကွန်ချမ်း၊ ဦးဗရတ်ဆင်း၊ ဆလိုင်းထလာဟေး၊ ပဒိုစောတာဒိုမူး၊ စိုင်းလျန်း၊ ခွန်တင်ရွှေဦး၊ ဦးထွန်းနိုင်၊ ဦးသိန်းထွန်း၊ ဦးမားကို့စ်နှင့် ဦးသာထွန်းလှတို့က သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးကြသည်။

စီးပွားရေးကိစ္စရပ်များဆွေးနွေးမှု လုပ်ငန်းကော်မတီအနေဖြင့် ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံရမည့်မူများနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာမူဝါဒများကို ဆွေးနွေးခဲ့ကြသည်။



လုံခြုံရေးကိစ္စရပ်များဆွေးနွေးမှု လုပ်ငန်းကော်မတီ ဆွေးနွေးစဉ်

အလားတူ လုံခြုံရေးကိစ္စရပ်များဆွေးနွေးမှု လုပ်ငန်းကော်မတီ၌ ဗိုလ်ချုပ် စိုးနိုင်ဦး၊ ဦးမျိုးဝင်းနှင့် ဦးတာလှဖေတို့က ဦးဆောင်၍ ကော်မတီ၏လုပ်ငန်းလမ်းညွှန်များ၊ ဆွေးနွေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြပြီး ဗိုလ်ချုပ် တင်မောင်ဝင်း၊ ဗိုလ်မှူးချုပ် စိန်ထွန်းလှ၊ ဦးအင်ထုံးခါးနော်ဆမ်၊ ဒေါက်တာချောချောစိန်၊ စဝ်ဘောင်ခေး၊ ပဒိုစောအောင်ဝင်းရွှေ၊ ပူးထက်နီ၊ ဒေါက်တာအောင်မြတ်ဦး၊ ဦးစောထွန်းအောင်မြင့်နှင့် ဒေါ်နန်းခင်စိန်မြင့်တို့က ပြန်လည်ဆွေးနွေးကြသည်။

### ဖက်ဒရယ်စနစ်ကို အခြေခံသောမြေယာမူဝါဒ

ထို့အတူ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များဆွေးနွေးမှု လုပ်ငန်းကော်မတီ၌ ဦးအောင်စိုး၊ ခွန်မြင့်ထွန်းနှင့် ဦးမြင့်စိုးတို့ကဦးဆောင်၍ ကော်မတီ၏ လုပ်ငန်းလမ်းညွှန်များ၊ ဆွေးနွေးမည့်အစီအစဉ်နှင့် ခေါင်းစဉ်များကို ရှင်းလင်းပြောကြားကြပြီး ဗိုလ်မှူးချုပ် အောင်သိန်းဦး၊ ဦးစိုးဝင်း၊ ဦးဇော်မင်းလတ်၊ ဦးဆန်နီ၊ စောဒဲနယ်လ်၊ စိုင်းစိုင်းငင်း၊ ဒေါ်ဒွဲဘူ၊ ဦးလှခိုင်၊ ခွန်ထွန်းရွှေနှင့် ဦးအိုက်ဆောတို့က ကော်မတီ၏ လုပ်ငန်းအစီအစဉ်များအပေါ် ပြန်လည်ဆွေးနွေးကြသည်။

မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒကိစ္စရပ်များဆွေးနွေးမှု လုပ်ငန်းကော်မတီအနေဖြင့် ဖက်ဒရယ်စနစ်ကို အခြေခံသောမြေယာမူဝါဒ၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာမူဝါဒတို့ကို ဆွေးနွေးခဲ့ကြသည်။

လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးပွဲများကို ယနေ့မှ မတ် ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**သူရဇော်(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ဖြေဆိုမှု ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လှည့်လည်ကြည့်ရှု

**နေပြည်တော်   မတ်   ၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)၊ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းနှင့် နေပြည်တော် ခတင် (၁၀၀၀)ဆေးရုံရှိ စာစစ်ဌာနများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် **(ယာပုံ)** ကျောင်းသား ကျောင်းသူများ မြန်မာစာဘာသာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုကာ ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးတို့အား တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်စွာ ကျင်းပပြီးစီးရန်အတွက် စာမေးပွဲ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အလားတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းသည် ရမည်းသင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ မြို့မအခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (သိမ်ကုန်း) စာစစ်ဌာနများသို့ ရောက်ရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာဖြေဆိုနေမှုများနှင့် စာမေးပွဲဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုကြောင်း သိရသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံတစ်ဝန်းလုံး တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပ

**ရန်ကုန်   မတ်   ၈**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၈ ရက်မှ စတင်ကျင်းပလျက်ရှိရာ နိုင်ငံခြားစာစစ်ဌာန ၁၇ ခု၊ ပြည်တွင်းစာစစ်ဌာန ၁၅၇၇ ခု၊ စုစုပေါင်း စာစစ်ဌာန ၁၅၉၄ ခုတွင် ဖြေဆိုရန်စာရင်းပေးသွင်းထားသော ကျောင်းသားကျောင်းသူ ခုနစ်သိန်းကျော် ရှိသည်။



ရန်ကုန်တိုင်းဒေသကြီးတွင်မူ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် စာရင်းပေးသွင်းထားသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၄၂၃၇ဦးအနက် ကျောင်းတက်ဖြေဆိုသူ ၆၃၉၉၉နှင့် ပြင်ပဖြေဆိုသူ ၅၀၂၃၈ ဦး ရှိသည်။

မတ် ၈ ရက် နံနက်ပိုင်းတွင် မြန်မာစာဘာသာရပ်ကို စတင်ဖြေဆိုကြပြီဖြစ်ရာ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ညွှန်ကြားရေးမှူး(ပညာ) ဒေါ်စန်းစန်းရီ၊ ညွှန်ကြားရေးမှူး(စီမံ) ဒေါ်ခင်မာဆွေနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဒဂုံမြို့နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာစစ်ဌာန၊ ကျောက်တံတားမြို့နယ် အ.ထ.က(၂) အခြေခံပညာအထက်တန်းကျောင်း၊ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းရှိ စာဖြေဌာနတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ စာစစ်ဌာန ၂၁၇ ခုတွင် ဖြေဆိုရန်စာရင်းပေးသွင်းထားသော ကျောင်းသားကျောင်းသူ ၁၁၄၂၃၇ ဦးအနက် မြန်မာစာဘာသာရပ်ကို ၁၀၄၂၅၆ ဦး ဖြေဆိုကြရာ ပျက်ကွက်သူဦးရေ ၉၉၈၁ ဦးရှိသဖြင့် ဖြေဆိုမှုရာခိုင်နှုန်းမှာ ၉၁ ဒသမ ၂၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးစာဖြေဌာနတွင် ပျက်ကွက်သူမရှိ ဖြေဆိုကြပြီး ဖြေဆိုသူခြောက်ဦးရှိကြောင်း သိရသည်။ **(ပညာရေး)**

# ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတင်ကျင်းပ

**မောင်တော   မတ်   ၈**

မောင်တောခရိုင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖွင့်လှစ်ထားရှိသည့် စာစစ်ဌာနများ၌ ယနေ့ နံနက်ပိုင်းက စတင်ကျင်းပရာ ပထမဦးဆုံးနေ့အဖြစ် မြန်မာစာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ ငြိမ်းချမ်းအေးဆေးစွာ လာရောက်ဖြေဆိုကြကြောင်း တွေ့ရသည်။

မောင်တောမြို့နယ်တွင် အထက အရှေ့ခြမ်း၊ အထကအနောက်ခြမ်း၊ အထက-၂၊ တောင်ပြိုနှင့် ကြိမ်ချောင်း အစရှိသည့် စာစစ်ဌာနငါးခု ဖွင့်လှစ်ထားပြီး ဘူးသီးတောင်မြို့နယ်တွင် အထကအရှေ့ခြမ်း၊ အထကအနောက်ခြမ်း၊ အထကခွဲ-၁၊ အထကခွဲ-၂၊ လက်ဝဲဒက်ပုဇွန်ချောင်းနှင့် စေတီတောင် အထကခွဲ အစရှိသည့်စာစစ်ဌာန ခြောက်ခုဖွင့်လှစ်ထားသည်။

အဆိုပါ စာစစ်ဌာနအသီးသီးသို့ လာရောက်ဖြေဆိုသူ ၃၀၅၄ ဦးရှိပြီး ဖြေဆိုခွင့်ရှိသူ စုစုပေါင်း၏ ၇၇ ဒသမ ၄၉ ရာခိုင်နှုန်း လာရောက်ဖြေဆိုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်က ဘူးသီးတောင်မြို့နယ်မှာရှိတဲ့ စာစစ်ဌာနခြောက်ခုကို တာဝန်ယူကြီးကြပ်ရတာပါ။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုတဲ့ ကျောင်းသားကျောင်းသူဦးရေက ၁၈၉၉ ယောက်ရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေအတွက် စည်းကမ်းပိုင်းဆိုင်ရာကိုလည်း အထူးကြပ်မတ်ဆောင်ရွက်ထားပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ ဌာနဆိုင်ရာတွေက ပူးပေါင်းကူညီဆောင်ရွက်ကြတဲ့အတွက် အေးချမ်းတည်ငြိမ်ပြီး ဖြေဆိုတဲ့ ကျောင်းသား ကျောင်းသူတွေလည်း အဆင်ပြေပါတယ်။ စာစစ်ဌာနတိုင်းမှာလည်း လုံခြုံရေးတွေ အပြည့်ထားရှိတဲ့အတွက် လုံခြုံရေးလည်း အဆင်ပြေပါတယ်"ဟု ဘူးသီးတောင်မြို့နယ်ပညာရေးမှူး ဦးညွှန့်ဖေက ပြောသည်။

ကျောင်းသား ကျောင်းသူများ ဖြေဆိုထားသည့် အဖြေလွှာစာရွက်များအား မြို့နယ်ပညာရေးမှူးရုံးသို့ နေ့ချင်းသယ်ယူမည်ဖြစ်ပြီး နေ့ချင်းမရောက်ရှိနိုင်သည့် စာစစ်ဌာနများမှ အဖြေလွှာများကို သီးခြားဆောက်လုပ်ထားသည့်အခန်းတွင်ထားရှိကာ စာစစ်မှူးနှင့် ခရိုင်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးတို့က သော့ခတ်ထိန်းသိမ်းပြီး နောက်တစ်နေ့တွင် ခရိုင်နှင့်မြို့နယ်ပညာရေးမှူးရုံးများသို့ သယ်ယူကြမည်ဖြစ်ကြောင်း သိရသည်။

**အေးမြ(မန္တလေး)၊ အေးမင်းသူ**



**ထားဝယ်မြို့၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီး စာဖြေဌာနများမှ ပြုံးပျော်ရွှင်ကာ ထွက်လာကြစဉ်**

ကျော်ကျော်လတ်



**တာချီလိတ်မြို့အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စနစ်တကျ တန်းစီဝင်ရောက်နေကြစဉ်**

မောင်ယဉ်ကျေး

# ဘဝတစ်ဆစ်ချိုးပြောင်းလဲစေမည့် တက္ကသိုလ်ဝင်စာမေးပွဲကြီး ယနေ့စတင် နိုင်ငံတစ်ဝန်းနှင့် ပြည်ပအပါအဝင် စာစစ်ဌာနပေါင်း ၁၅၉၄ ခုတို့၌ ဝင်ရောက်ဖြေဆို

**ရန်ကုန်   မတ်   ၈**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဌာနက ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတစ်ဝန်း စတင်ကျင်းပခဲ့သည်။

ယနေ့ကျင်းပသော ဘဝတစ်ဆစ်ချိုးပြောင်းလဲစေမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် နိုင်ငံခြားရှိ မြန်မာသံရုံးများ၌ စာစစ်ဌာန ၁၇ ခု၊ မြန်မာနိုင်ငံတွင် ၁၅၇၇ ခု စုစုပေါင်း စာစစ်ဌာန ၁၅၉၄ ခု၌ ကျင်းပသည်။ နိုင်ငံခြားစာစစ်ဌာန ၁၇ ခုတွင် ဖြေဆိုရန် စာရင်းသွင်းသူဦးရေ ၁၇၄ ဦးရှိပြီး နေပြည်တော်တွင် စာစစ်ဌာနပေါင်း ၃၉ ခုမှ စာရင်းသွင်းသူဦးရေ ၂၀၁၇၆၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် စာစစ်ဌာနပေါင်း ၂၁၇ ခုမှ စာရင်းသွင်းသူဦးရေ ၁၁၄၂၃၇ ဦး၊ နိုင်ငံခြားစာစစ်ဌာနများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာနများအပါအဝင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် စာရင်းသွင်းသူမှာ စုစုပေါင်း ၇၆၇၄၂၂ ဦးအနက် ယနေ့တွင် ၇၁၆၂၁၆ ဦး ရှိခဲ့ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

ကနဦး စတင်ဖြေဆိုသော မြန်မာစာနေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာစစ်ဌာန၌ လူနာငါးဦး၊ မြောက်ဥက္ကလာပဆေးရုံကြီးတွင် လူနာလေးဦးနှင့် ဗဟိုအမျိုးသမီးဆေးရုံကြီး စာစစ်ဌာနနှင့် မြောက်ဥက္ကလာပ (ဝေဘာဂီ)ဆေးရုံတို့တွင် ဖြေဆိုသူမရှိကြောင်း သိရသည်။ နိုင်ငံခြားစာစစ်ဌာနများဖြစ်သည့် စင်ကာပူတွင် တစ်ဦးအပါအဝင် နိုင်ငံတစ်ဝန်း၌ စိတ်ကြိုက်မြန်မာစာဘာသာတွဲ ဖြေဆိုသူစာရင်း တင်သွင်းထားခဲ့သည်။ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများ၌ ဆေးရုံဖြေဆိုသူများမှာ နေပြည်တော်နှင့် ကချင်ပြည်တို့တွင် ခြောက်ဦးစီ၊ ကယားပြည်နယ်တွင် နှစ်ဦး၊ ကရင်ပြည်နယ်တွင်တစ်ဦး၊ ချင်းပြည်နယ်တွင် နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ခြောက်ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းတွင် သုံးဦး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းတွင် နှစ်ဦး၊ မကွေးတိုင်းဒေသကြီးတွင် ၁၀ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် နှစ်ဦး၊ မွန်ပြည်နယ်တွင် နှစ်ဦး၊ ရခိုင်ပြည်နယ်တွင် ၁၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကိုးဦး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် တစ်ဦး၊ တောင်ပိုင်းတွင် သုံးဦး၊ မြောက်ပိုင်းတွင် နှစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၁၂ ဦး စုစုပေါင်း ၈၆ ဦး ဖြေဆိုခဲ့သည်။

အင်းစိန်ဗဟိုအကျဉ်းထောင် စာစစ်ဌာနတွင် ၂၈ ဦး၊ အိုးဘိုဗဟိုအကျဉ်းထောင်စာစစ်ဌာနတွင် ၁၂ဦး၊ သာယာဝတီအကျဉ်းထောင်တွင် တစ်ဦးနှင့် ဘားအံအကျဉ်းထောင်တွင် တစ်ဦး၊ ပေါက်မြို့မရဲစခန်းအချုပ်တွင် နှစ်ဦး၊ မကွေးမြို့သစ်ရဲစခန်းအချုပ်တွင် တစ်ဦး စုစုပေါင်း ၄၅ ဦးမှာ အားလုံးဝင်ရောက်ဖြေဆိုခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး အထက(ခွဲ)၊ အလက (၁၂) အင်းစိန် စာစစ်ဌာနတွင် မျက်မမြင်စာဖြေသူခုနစ်ဦးနှင့် အထက(၂) ကြည့်မြင်တိုင်စာစစ်ဌာနတွင် မျက်မမြင်စာဖြေသူရှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ငါးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လေးဦးတို့ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီး အထက(၂) ဒဂုံစာစစ်ဌာနတွင် ဆွံ့အနားမကြားစာဖြေသူ ၁၁ ဦး၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အထက (၂၈) တွင် ဆွံ့အနားမကြားစာဖြေသူ ကိုးဦးအနက် တစ်ဦးပျက်ကွက်ခဲ့သဖြင့် ရှစ်ဦး ဝင်ရောက်ဖြေဆိုခဲ့သည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရန်ကုန်မြို့ အထက(၂) ဒဂုံနှင့် မန္တလေးမြို့ အထက(၂၈) တွင် ဝင်ရောက်ဖြေဆိုသော ဆွံ့အနားမကြား စာဖြေသူများအတွက် မဖြေဆိုမီ ၁၀ မိနစ်တွင် စာဖြေသူ များလိုက်နာရန် စည်းကမ်းကိုလည်းကောင်း၊ စတင်ဖြေဆိုချိန်မှ ၁၀ မိနစ်အတွင်း မေးခွန်းဖတ်ပြခြင်းကိုလည်းကောင်း လူမှုဝန်ထမ်းသင်တန်းကျောင်းမှ ဆရာ၊ ဆရာမများက Sign Language ဖြင့် ရှင်းပြခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်စာစစ်ဌာနတွင် စာဖြေသူ ၁၀၀ စာရင်းသွင်းထားပြီး ၈၁ ဦး လာရောက်ဖြေဆိုကာ တစ်ဦးမှာ လောက်ကိုင်ဆေးရုံတွင် ဖြေဆို၍ အထကကွမ်းလုံတွင် ငါးဦး ဖြေဆိုကာ စုစုပေါင်း ၈၇ ဦး ဖြေဆိုခဲ့ပြီး ၁၃ ဦး လာရောက်ဖြေဆိုခြင်းမရှိကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုယ်လက်အင်္ဂါမသန်စွမ်း စာဖြေသူ စုစုပေါင်း ၃၂ ဦး၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ၆၉ ဦး စုစုပေါင်း ၁၀၁ ဦး ဖြေဆို ခဲ့ပြီး မြဝတီမြို့တွင် ရွှေ့ပြောင်းမိသားစုများမှ တက္ကသိုလ်ဝင်စာမေးပွဲကို စာရင်းပေးသွင်းသူ ၁၀၆ ဦးမှ ၁၀၃ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# စိုက်ပျိုးမြေများ ဖော်ထုတ်ရန် စားကျက်မြေများကို မူဝါဒများနှင့်အညီ စိစစ်ဆောင်ရွက်

**နေပြည်တော် မတ် ၈**
မြန်မာနိုင်ငံတော် မြေနှင့်အခွန်တော် အမိန့်ဆင့်ဆိုချက် (The Burma Land Revenue Directions, 1911) ပါ ညွှန်ကြားချက်များ၊ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ၊ အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေတို့တွင် စားကျက်မြေ တည်ထောင်ခြင်းကို ခရိုင်အုပ်ချုပ်ရေးမှူး (ကော်လိတ္တော်အရာရှိ)အားလည်းကောင်း၊ ပယ်ဖျက်ခြင်းကို တိုင်းဒေသကြီး၊ ပြည်နယ်အုပ်ချုပ်ရေးမှူးအားလည်းကောင်း ဆောင်ရွက်ရန် တာဝန်အပ်နှင်းထားပြီး သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ အတည်ပြုချက်ဖြင့် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရှင်းလင်းပြောကြားသည်။

ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း၏ **နိုင်ငံတစ်ဝန်းရှိ ယနေ့အထိ စားကျက်မြေအဖြစ် တည်ရှိနေသော စားကျက်မြေများနှင့်စပ်လျဉ်းပြီး ဒေသခံပြည်သူလူထု၏ ဆန္ဒသဘောထား**


ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး

**များကို ရယူကာ စိုက်ပျိုးမြေအဖြစ်သို့ လည်းကောင်း၊ ရွာမြေအဖြစ်သို့ လည်းကောင်း၊ စားကျက်မြေအဖြစ်သို့လည်းကောင်း သို့မဟုတ် အခြားနည်းအသုံးပြုမှု တစ်ခုခုအတွက်လည်းကောင်း၊ လက်တွေ့ကျကျ အသုံးပြုနိုင်ရေးအတွက် ရှင်းလင်းတိကျသော မူဝါဒဆောလျင်စွာချမှတ် အကောင်အထည်ဖော်နိုင်ရေး အတွက် ပြည်ထောင်စုအစိုးရကို အကြံပြုတိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်များအပေါ် ဒုတိယဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသည် စားကျက်မြေအဖြစ်မှ နုတ်ပယ်ခြင်း၊ ပယ်ဖျက်ခြင်းများကို အလွယ်တကူခွင့်မပြုဘဲ ကာလရှည်ကြာစွာ ဝင်ရောက်အသုံးပြုနေသည့် အနေအထားအပေါ် မူတည်၍ နိုင်ငံတော်နှင့် အများပြည်သူအကျိုးငှာ မြို့မြေ၊ ရွာမြေတိုးချဲ့ရန် လိုအပ်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ သာသနာ့မြေ၊ သုသာန်မြေကိစ္စရပ်များနှင့် လယ်မဲ့ယာမဲ့များအတွက် စိုက်ပျိုးမြေများ ဖော်ထုတ်ပေးခြင်းတို့အတွက် စားကျက်မြေများဆိုင်ရာ တည်ဆဲဥပဒေ၊ မူဝါဒများနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မလိုလားအပ်မှုများ မဖြစ်ပေါ်လာစေရေးအတွက် ဒေသခံပြည်သူများ၏ သဘောဆန္ဒနှင့်အညီ အဘက်ဘက်မှ ချင့်ချိန်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသတစ်ခုနှင့်တစ်ခု ဖြစ်ပေါ်လိုအပ်ချက် မတူညီသည့်ပုံသေနည်းဖြင့် တွက်ရန်ခက်ခဲနိုင်မည်ဖြစ်သည်ကို လေ့လာတွေ့ရှိရပါ


လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း

ကြောင်း။

မြန်မာနိုင်ငံအတွင်း ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် စားကျက်မြေများ တည်ထောင်သတ်မှတ်ထားခြင်းမရှိဘဲ နေပြည်တော်ကောင်စီနယ်မြေနှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင်သာ ကျွဲ၊ နွားစားကျက်မြေများတည်ရှိသည်။ တစ်နိုင်ငံလုံးတွင် မူလစားကျက်မြေ ဧရိယာ စုစုပေါင်း ၈၆၅ ၇၇၂ ဒသမ ၄၄ ဧက တည်ရှိခဲ့ပြီး တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင်ပယ်ဖျက်ခဲ့မှုများမှာ ၂၀၁၆ ခုနှစ် မတ်လအထိ ၁၃၀ ၄၀၄ ဒသမ ၁၂ ဧက ဖြစ်ပြီး ယခုအစိုးရလက်ထက်တွင် ၂၅၁၄ ဒသမ ၂၂ ဧက ပယ်ဖျက်ခဲ့သဖြင့် လက်ရှိအခြေအနေတွင် မြေဧရိယာ ၇၃၂ ၈၅၄ ဒသမ ၁၀ ဧက စားကျက်မြေအဖြစ် ကျန်ရှိပါကြောင်း ပြောကြားသည်။

သက်ဆိုင်ရာ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စားကျက်မြေများနှင့်ပတ်သက်၍ စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အပြင် အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စားကျက်မြေပယ်ဖျက်ခွင့် တင်ပြမှုများအပေါ် လိုအပ်မည့် ဧရိယာကိုသာ ခွင့်ပြုနိုင်ရန်၊ တိကျမှန်ကန်စေရန်နှင့် မြေယာပြဿနာများအား ဖြေရှင်းဆောင်ရွက်နေရခြင်းတို့ကြောင့် စိစစ်ဆဲကာလအတွင်း စားကျက်မြေပယ်ဖျက်ခွင့် ကိစ္စရပ်များကို ခေတ္တဆိုင်းငံ့ထားရှိကြောင်း သိရှိရပါကြောင်း၊ စားကျက်မြေတည်ရှိမှုနှင့် လုံလောက်မှုသည် ဒေသတစ်ခုနှင့်တစ်ခု တူညီနိုင်မှုမရှိသောကြောင့် ဒေသအလိုက် အမှန်တကယ်လိုအပ်မှုကို မြေပြင်အခြေအနေမှန်နှင့်စိစစ်ကာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့မှ စားကျက်မြေပယ်ဖျက်ရေးနှင့်ပတ်သက်၍ အလေးထားကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်းအဆိုကို မှတ်တမ်းတင်ထားသင့်ပါကြောင်း ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားရာ အဆိုရှင် ဦးကျော်မင်းက လွှတ်တော်မှ မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒရယူပြီး အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

လက်ပံတန်း မဲဆန္ဒနယ်မှ ဦးကျော်မင်း၏ အဆိုနှင့်စပ်လျဉ်း၍ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက မြန်မာနိုင်ငံတွင် နေထိုင်သောလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်မှာ ကျေးလက်တွင်နေထိုင်ကြသူများဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးနေကြသူများဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းတွင် စားကျက်မြေဧရိယာပေါင်း

*စာမျက်နှာ ၁၂ သို့*

# ၆၆ ကေဗွီ ဖလမ်း-သိုင်းငင်-တီးတိန် ဓာတ်အားလိုင်းလုပ်ငန်း ၂၈ ရာခိုင်နှုန်းခန့် ပြီးစီး

**နေပြည်တော် မတ် ၈**
ဖလမ်းမြို့မှတစ်ဆင့် တီးတိန်မြို့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် ၆၆ ကေဗွီ ဖလမ်း-သိုင်းငင်-တီးတိန် ဓာတ်အားလိုင်း ၅၅ မိုင်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၂၈ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့တွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင်၏ **"ချင်းပြည်နယ်ရှိ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်တို့တွင် မဟာဓာတ်အားလိုင်း ရရှိရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေကိုသိရှိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ထိုသို့ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဖလမ်းမြို့မှတစ်ဆင့် တီးတိန်မြို့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် ၆၆ ကေဗွီ ဖလမ်း-သိုင်းငင်-တီးတိန်ဓာတ်အားလိုင်း ၅၅ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ တီးတိန်ဓာတ်အားခွဲရုံအား ဘတ်ဂျက်ရန်ပုံငွေကျပ်သန်းပေါင်း ၆၀၃၇ သန်း အကုန်အကျခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

သိုင်းငင်မှ တီးတိန်မြို့သို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၀ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ တီးတိန်ဓာတ်အားခွဲရုံစီမံကိန်းအား တည်ဆောက်ရန် ဘတ်ဂျက်ရန်ပုံငွေကျပ်သန်းပေါင်း ၃၉၈၁ သန်းလိုအပ်ပြီး ကြိုတင်တိုင်းတာမှုလုပ်ငန်းများပြုလုပ်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်းပေါင်း


ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်

၅၀ အားထည့်သွင်းတောင်းခံထားပြီး ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးက အတည်ပြုကာ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသည့် ဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းတွင် ပါဝင်ပါကြောင်း။

ထပ်မံလိုအပ်သော ဘဏ္ဍာငွေများအား နောင်လာမည့် ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေထည့်သွင်းတောင်းခံ၍ ဘတ်ဂျက်ရရှိမှုအပေါ်မူတည်ကာ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တွန်းဇံမြို့ကို ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၆၆ ကေဗွီ ဖလမ်း-သိုင်းငင်-တီးတိန် ဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှသာ တီးတိန်မြို့တွင် ၆၆/၃၃ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ၃၃ ကေဗွီ တီးတိန်-တွန်းဇံ ဓာတ်အားလိုင်း ၂၉ မိုင်နှင့် တွန်းဇံမြို့တွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံ တစ်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

အဆိုပါလုပ်ငန်းများအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ထောင်စုရန်ပုံငွေတွင် ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းလျာထားတောင်းခံသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကျီခါးမြို့သည် တွန်းဇံမြို့မှ ၈၃ မိုင်ကွာဝေးသဖြင့် လတ်တလောမဟာဓာတ်အားလိုင်းမှ ဓာတ်အားချိတ်ဆက်ဖြန့်ဖြူးပေးနိုင်ခြင်း မရှိသေးသည့်မြို့တစ်မြို့ဖြစ်သည့်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ကာလေချောင်းအသေးစားရေအားလျှပ်စစ်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏ **"မွန်ပြည်နယ် ရေးမြို့အနီးရှိ အဘော်လေယာဉ်ကွင်းအဟောင်း ဧရိယာတွင် ဓာတ်အားခွဲရုံဆောက်လုပ်ရန်အတွက် ရော်ဘာခြံရှင်များအား လျော်ကြေးငွေကျပ် ၇၈၉ သိန်းကျော် ပေးချေခဲ့သော်လည်း မြေဧရိယာသတ်မှတ်ချက် ပီပီပြင်ပြင်မရှိသည့်အတွက် နိုင်ငံတော်ဘဏ္ဍာလေလွင့်ပျောက်ဆုံးမှု ဖြစ်ပေါ်နိုင်သဖြင့် ယင်းမြေနေရာကို ဧရိယာတိုင်းတာသတ်မှတ်ခြင်းနှင့် အဘော်လေယာဉ်ကွင်းဟောင်း ဧရိယာအား မည်ကဲ့သို့ ဆက်လက်စီမံဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရေးနှင့် ထားဝယ်မြို့များသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် မော်လမြိုင်မြို့မှ ရေးမြို့အထိ ၉၅ မိုင်၊ ရေးမြို့မှ ထားဝယ်မြို့အထိ ၈၅ မိုင် စုစုပေါင်း ၂၃၀ ကေဗွီဓာတ်အားလိုင်း မိုင် ၁၈၀ နှင့် ဓာတ်အားခွဲရုံများအတွက် အတိုးနှုန်းသက်သာသော Asian Development Bank (ADB) ချေးငွေ အမေရိကန်


မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း

ဒေါ်လာ သန်း ၅၀၀ အောက်မှ ထည့်သွင်း၍ အဆိုပြုလွှာပေးပို့ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှ သဘောတူခဲ့ပြီးဖြစ်သည့်အတွက် အဆိုပြုလွှာအား ADB ဘဏ်သို့ ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ ၂၃၀ ကေဗွီ မော်လမြိုင်-ရေး-ထားဝယ်ဓာတ်အားလိုင်း တည်ဆောက်ခြင်းအတွက် လိုအပ်သော ဓာတ်အားခွဲရုံ မြေနေရာများအား အဘော်လေယာဉ်ကွင်းဟောင်း ဧရိယာ ၁၃၃ ဒသမ ၉၀ ဧက အနက်မှ ၆၃ ဒသမ ၃၅ ဧက ရွေးချယ်သတ်မှတ်ခဲ့ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက လေယာဉ်ကွင်းဟောင်း ဧရိယာအတွင်း စိုက်ပျိုးလုပ်ကိုင်နေသော တောင်သူ ၁၂ ဦးအား ၎င်းတို့၏ သဘောတူညီသည့် သီးနှံလျော်ကြေးငွေကျပ် ၇၈ ဒသမ ၉ သန်းကို ၂၀၁၄ ခုနှစ် ဇူလိုင် ၄ ရက်က ပေးအပ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ၂၃၀ ကေဗွီ ရေးဓာတ်အားခွဲရုံ မြေနေရာသည် လေယာဉ်ကွင်းဟောင်း မြေနေရာဧရိယာအတွင်းပါသောမြေဖြစ်၍ လေယာဉ်ကွင်းဟောင်း မြေနေရာမှ ထုတ်နုတ်ခွင့်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှလည်း ရေးမြို့နယ် အဘော်ကျေးရွာအုပ်စု လေယာဉ်ကွင်းဟောင်း မြေဧရိယာ ၁၃၃ ဒသမ ၉၀ ဧကအနက် ဧရိယာ ၆၃ ဒသမ ၃၅ ဧကကို ၂၃၀ ကေဗွီ ရေးဓာတ်အားခွဲရုံတည်ဆောက်ရန် အမည်ပေါက်လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း ကြော်ငြာခဲ့ပြီးဖြစ်ပါကြောင်း။

သို့ဖြစ်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် မွန်ပြည်နယ်အတွင်း ဓာတ်အားပေးနိုင်သည့် နယ်နိမိတ်တိုးလာရေးအတွက် ရေးမြို့၌ ၂၃၀ ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်နိုင်ရန် ကြိုတင်မြေနေရာရှာဖွေခြင်း၊ သီးနှံနှင့် မြေယာလျော်ကြေးများ၊ နစ်နာကြေးများ ပေးအပ်ခြင်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်းနှင့် လတ်တလောတွင် ဓာတ်အားခွဲရုံမြေနေရာ အမည်ပေါက်ရရှိရေးလုပ်ငန်းအား ဆက်လက်ဆောင်ရွက်နေပါကြောင်းနှင့် ဓာတ်အားခွဲရုံနယ်နိမိတ် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအား ဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် သာမန်ဘတ်ဂျက် ခေါင်းစဉ်အောက်မှ ကျခံသုံးစွဲ၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ **"ချင်းပြည်နယ် ဖလမ်းမြို့မှ ရိခေါဒါရ်မြို့သို့ မဟာဓာတ်အားလိုင်းသွယ်တန်းပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဖေတင်၏ **"မွန်ပြည်နယ် မုဒုံမြို့နယ် ဒိုမားကျေးရွာ ထုံမံကျေးရွာ၊ ဆက်သွယ်ရေးကျေးရွာနှင့် ကွမ်ကဗွီးကျေးရွာများ မီးလင်းနိုင်ရေးအတွက် နိုင်ငံတော်မှ မော်လမြိုင်-မုဒုံ-သံဖြူဇရပ် ၃၃ ကေဗွီဓာတ်အားလိုင်းမှတစ်ဆင့် ၃၃/၁၁ ကေဗွီ ၃ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်ဇော်ဦး၏ **"မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ညောင်ပင်ဆိပ်ရပ်ကွက် ခြံစုရပ်ရှိ ပြည်သူများအတွက် လျှပ်စစ်မီး သွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **"ကျောက်တော်မြို့နယ်မှ အပေါက်ဝကျေးရွာအထိ ၁၁ ကေဗွီဓာတ်အားလိုင်းသွယ်တန်းပြီး အပေါက်ဝကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဖြေကြားခဲ့သည်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **"ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေးက လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များပါဝင်သော ကော်မတီ၏အစီရင်ခံစာကိုလည်းကောင်း၊ **"တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးလားလ်မင်းထန်က လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များပါဝင်သော ကော်မတီ၏ အစီရင်ခံစာကိုလည်းကောင်း ဖတ်ကြားကြသည်။

အမျိုးလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှစ်ရပ်နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**မော်စီ၊ ဖြိုးသန့်ချို(သတင်းစဉ်)**

# ကလေးစာပေပွဲတော်များအပြင် ပြည်သူအားလုံးကို အသိပညာနှင့် သတင်းပြန်ကြားခြင်းများဖြင့် ဝန်ဆောင်မှုပေးနေသည့် ပြန်/ဆက်ဦးစီးဌာန

သတင်းဆောင်းပါး - ခင်ရတနာ

မျက်စိတစ်ဆုံးမြင်တွေ့ရသည့် စာအုပ်ဆိုင်တန်းများကို ကြည့်ရင်း အသက် ၅နှစ်အရွယ် သမီးငယ်က သဘောကျနှစ်ခြိုက်သွားသည်။ ကဗျာစာအုပ်လေးများကို ကိုင်ကြည့်ရင်း အတွင်းမှ သရုပ်ဖော်ပန်းချီများကို သူတွေးခေါ်တတ်သမျှ အတိုင်းအတာဖြင့် လိုက်လံတွေးတောရင်း မိခင်ဖြစ်သူအား ကဗျာလေးများ သင်ကြားပေးရန် သူကိုယ်တိုင် တောင်းဆိုနေသည်ကို ၂၀၁၆ နိုဝင်ဘာလအတွင်းက နေပြည်တော်၌ ကျင်းပခဲ့သည့် ကလေးစာပေပွဲတော်တွင် မြင်တွေ့ရသည်။

ထိုသမီးငယ်လေးနည်းတူ များစွာသော မြန်မာနိုင်ငံ၏ အနာဂတ်စွမ်းဆောင်ရှင်လောင်း သမီးငယ်၊ သားငယ်ကလေးများသည် ကလေးစာပေပွဲအတွင်း ပျော်ရွှင်စွာ လှေ့လာမှတ်သားရင်း ရောင်စုံကာတွန်းရုပ်ပုံများကို ငေးကြည့်ရင်း၊ ပုံပြင်ပြောရန် ပြင်ဆင်နေကြသော ကလေးငယ်အချင်းချင်း အားကျရင်း ရင်ခုန်စိတ်လှုပ်ရှားစွာ ပျော်ရွှင်နေကြသည်ကို မြင်တွေ့ရချိန်တွင် လိုက်ပါပို့ဆောင်ပေးသူ အလွှာလွှာသော မိဘများမှာ လိမ္မာရေးခြားရှိပြီး သွက်လက်ထက်မြက်သည့် အနာဂတ်ကြယ်ပွင့်လေးများကိုကြည့်ရင်း ကြည်နူးနေကြသည်မှာ ထင်ရှားသည်။

ကလေးများသည် အနာဂတ်အတွက် လူ့စွမ်းအား


မန္တလေးမြို့၌ ကလေးစာပေပွဲတော် ကျင်းပစဉ်


ကလေးစာဖတ်ခန်းများ ဖွင့်လှစ်ပေးစဉ်


ပြည်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်

အရင်းအမြစ်များဖြစ်ကြသည်။ တိုးတက်လာသော လူနေမှုစနစ်များနှင့်အတူ ကလေးများအတွက် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန် လမ်းညွှန်ဆုံးမမှုအတွက် မိဘများတွင် အချိန်ရှားပါးလာချိန်တွင် ကလေးငယ်များအတွက် ဘဝ နေနည်းထိုင်နည်းများ၊ စိတ်ဓာတ်ရေးရာ မြင့်မားစေမည့် နည်းများ၊ ဉာဏ်ရည်ဉာဏ်စွမ်းနှင့် ဗဟုသုတများကို စာဖတ်ခြင်း အလေ့အထပြုလုပ်ခြင်းဖြင့်သာ ကုစားနိုင်ပေလိမ့်မည်။ သို့သော် အဆင့်ဆင့်ပြောင်းလဲလာသည့် လူမှုဘဝများ၊ ပညာရေးစနစ်များ၊ တိုးတက်လာသည့် နည်းပညာများကြောင့် လူမမည်အရွယ်တို့၏ စာဖတ်စွမ်းအားသည်လည်း ကျဆင်းလာခဲ့သည်။ ယင်းအခြေအနေများကို နည်းလမ်းများစွာဖြင့် ကုစားရန် ကြိုးပမ်းနေကြချိန်တွင် ယခုကဲ့သို့ ကလေးစာပေပွဲတော်များသည် ကလေးတို့အတွက် နတ်ဆေးတစ်ခွက်အလားပင် ဖြစ်သည်။

### ကလေးစာပေပွဲတော်

ယခုကဲ့သို့ ကလေးစာပေပွဲတော်များကို အောင်မြင်စွာ ကျင်းပပေးလျက်ရှိသည့်ဌာနမှာ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနပင်ဖြစ်ပြီး အစိုးရသစ်တက်လာပြီး တစ်နှစ်တာအတွင်း ကလေး စာပေပွဲတော်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၅ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန ၂ တွင် လည်းကောင်း၊ ၂၀၁၇ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အတွင်း မန္တလေးမြို့တွင် လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပေးနိုင်ခဲ့သည့်အပြင် တစ်နိုင်ငံလုံးရှိ မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီးတို့မှ ပြန်/ဆက်ရုံးများက ကြီးမှူးကာ ကလေးများအတွက် ကဗျာ၊ ပုံပြင်ပြိုင်ပွဲများ၊ စာဖတ်ပွဲများ၊ စာပေပွဲတော်များကို ဆက်တိုက်ကြီးမှူးကျင်းပလျက်ရှိကြောင်း သိရသည်။

ကလေးများကို အနာဂတ်၏ သားကောင်း၊ သမီးကောင်းရတနာလေးများ ဖြစ်ကြစေရေးအတွက် ကလေးငယ်များ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ခန္ဓာကိုယ်ကြံ့ခိုင်မှုပိုင်းဆိုင်ရာ အလေးထားကြရာတွင် စိတ်ဓာတ်နှင့် စွမ်းဆောင်ရည်၊ ဉာဏ်ရည်ဉာဏ်သွေးနှင့် တီထွင်နိုင်မှုစွမ်းအား၊ မျှဝေကူညီတတ်သည့် စိတ်ထားနှင့် ဗဟုသုတရရှိစေရေးတို့အတွက် ကလေးစာပေများ ဖွံ့ဖြိုးလာပြီး ကလေးများ၏ စာပေချစ်မြတ်နိုးသည့်စိတ်နှင့် စာပေဖတ်ရှုဆည်းပူးမှု ဝါသနာကို ငယ်စဉ်ကတည်းကပင် ပြုစုပျိုးထောင်ရန် ရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနက ကလေးစာပေပွဲတော်များကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ကလေးစာပေပွဲတော်များအတွင်း ပျော်ပွဲရွှင်ပွဲ၊ ဖျော်ဖြေပွဲနှင့် ဆွေးနွေးပွဲ၊ ပြိုင်ပွဲများကြောင့် ကလေးငယ်များ ပိုမိုစိတ်လှုပ်ရှား တက်ကြွစွာ ပါဝင်ခဲ့ကြသည်ကို မြင်တွေ့ရသည်။

### ပြည်သူ့ဝန်ဆောင်မှုဌာန

ပြည်သူများရွေးကောက်တင်မြှောက်သည့် အစိုးရသစ်လက်ထက် တစ်နှစ်တင်းတင်းပြည့်ချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့်လည်း အစိုးရယန္တရားကို ပိုမိုချောမွေ့စေရန်နှင့် နိုင်ငံတော်၏ မူဝါဒများအတိုင်း အကောင်အထည်ဖော်စေနိုင်ရန် အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့ဝန်ဆောင်မှုဌာနတစ်ခုဖြစ်ပြီး အစိုးရနှင့် ပြည်သူအကြား၊ ပြည်သူမှ ပြည်သူအကြား အသိပညာ၊ ဗဟုသုတများကို ဖြန့်ဝေပေးနေရသည့် ဌာနတစ်ခုလည်း ဖြစ်သည်။ အစိုးရသစ်တာဝန်ယူသည့် တစ်နှစ်တာအတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနသည် ကလေးစာပေပွဲတော်များ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်း ဟူသည့် ဆောင်ရွက်ချက်များအပြင် အခြားသော အများပြည်သူဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို မြင်တွေ့ရသည်။

### Community စင်တာများ

အထူးသဖြင့် ပြည်သူများအတွက် လွယ်လင့်တကူ ဗဟုသုတရှာမှီးနိုင်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် စာကြည့်တိုက်များကို Community Centre အဖြစ် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ အကူအညီဖြင့် အောင်မြင်စွာ ပြောင်းလဲဆောင်ရွက်နိုင်ခဲ့သည်။

အင်းစိန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် လူမှုအခြေပြု Community စင်တာကို ဗဟိုဌာနအဖြစ် သတ်မှတ်ကာ အမြို့မြို့အနယ်နယ်ရှိ ပြန်/ဆက်ရုံးများကို အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း သိရပြီး ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၊ မကွေး ခရိုင် နတ်မောက်မြို့နယ်နှင့် နေပြည်တော် ပျဉ်းမနားတို့ တွင်လည်း Community စင်တာများကို ဖွင့်လှစ်ထားပြီး ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၉ သို့

*စာမျက်နှာ ၈ မှ*

**ကလေးစာဖတ်ခန်း**

တစ်နှစ်တာကာလအတွင်း ကလေးများအား စာပေဖတ်ရှုမှုအားကောင်းလာစေရန် တွန်းအားတစ်ရပ်အနေဖြင့် ကလေးစာဖတ်ခန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်နှင့် မြို့နယ် ၁၃၃ရုံးတွင် ကလေးစာဖတ်ခန်းများကို ပြင်ဆင်ထားပြီး ကလေးငယ်များအတွက် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးလျက်ရှိကြောင်း၊ တစ်နှစ်တာကာလအတွင်း ရုံးစာကြည့်တိုက်များတွင် ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများအဖြစ် ဟောပြောပွဲ (၅၁)ကြိမ်၊ ပုံပြင်ပြောပြိုင်ပွဲ (၂၀၇)ကြိမ်၊ ကဗျာ ရွတ်ဆိုပြိုင်ပွဲ (၄၈)ကြိမ်၊ စာစီစာကုံးပြိုင်ပွဲ အကြိမ်(၂၀)၊ စာဖတ်ဝိုင်းများ ကျင်းပခြင်းများ (၂၂၂) ကြိမ်တို့အပြင် နံရံကပ်ဓာတ်ပုံပြပွဲ၊ ပန်းချီသင်တန်း၊ ကဗျာရေးဖွဲ့နည်းသင်တန်းနှင့် လက်မှုအနုပညာသင်တန်းများ ဖွင့်လှစ်ပေးခဲ့ပြီး အရပ်ဘက်အဖွဲ့အစည်းအစည်းအဝေးများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

အစိုးရသစ် တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲတိုးတက်မှုများကို လေ့လာကြည့်ရာ သတင်းမီဒီယာဖွံ့ဖြိုးရေး ဆွေးနွေးပွဲကျင်းပမှု၊ ရွှေ့လျားစာကြည့်တိုက်များနှင့် အင်တာနက်လိုင်းများ တပ်ဆင်ပေးမှုတို့ကို မြင်တွေ့ရသည်။

**နံရံပေါ်မှ သတင်းထူးများ**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ပြည်သူလူထုနှင့် ထိတွေ့ဆောင်ရွက်နေရသည့် ဌာနဖြစ်သဖြင့် ထူးခြားသည့် နေ့ရက်များ၊ နိုင်ငံတော်အစိုးရ၏ ထူးခြားသော ဆောင်ရွက်ချက်များကို အများပြည်သူများ သိရှိစေရန် ရည်ရွယ်ကာ လက်ကမ်းစာစောင်များကို တစ်နှစ်လျှင် ခြောက်ကြိမ်ခန့်နှင့် တစ်ကြိမ်လျှင် စောင်ရေ နှစ်သိန်းခန့်ကို ရိုက်နှိပ်ကာ ပုံနှိပ်ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

ထို့အပြင် နိုင်ငံတော်အစိုးရ၏ ဦးစားပေးရသည့် လုပ်ငန်းစဉ်များ၊ အရေးပါသည့် လတ်တလောဆောင်ရွက်ချက်များ၊ အရေးကြီးသည့် အခမ်းအနားများ၊ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကြီးများကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနားလည်နိုင်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များအားလုံးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများတွင် နံရံကပ်ဆိုင်းဘုတ်များအဖြစ် ဖော်ပြထားရှိပြီး မှတ်တမ်းဓာတ်ပုံများကို တစ်လလျှင် နှစ်ကြိမ်ခန့် ဖော်ပြပေးခြင်းဖြင့် ပြည်သူများ လွယ်လင့်တကူ သိရှိစေရန် ရည်ရွယ်ထားသည်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် Community Centre အား ဖွင့်လှစ်ပေးစဉ်

**ပြည်သူ့ဝန်ဆောင်မှု စွမ်းဆောင်ရည်မြှင့်တင်**

ထို့အပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများသည် ပြည်သူလူထုအကြားတွင် ပြန်ကြားဝန်ဆောင်မှုပေးနေသည့် ဌာနဖြစ်သည့်အားလျော်စွာ အစိုးရသစ် တစ်နှစ်တာအတွင်း ဝန်ထမ်းများ၏ အရည်အသွေးကိုလည်း မြှင့်တင်ပေးခဲ့ရာတွင် အရာရှိမွမ်းမံသင်တန်းများ၊ ဓာတ်ပုံပညာသင်တန်းများ၊ စွမ်းရည်မြှင့်သင်တန်းများကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း သင်တန်းသား ၄၇၂ ဦးတို့ကို စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် ပြည်ပသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ ပြန်/ဆက် ဝန်ထမ်း ၂၃ ဦးကို စေလွှတ်ကာ လူထုအခြေပြု ဝန်ဆောင်မှုလုပ်ငန်းများ အားကောင်းလာစေရန် ကြိုးပမ်းခဲ့ပြီး ပြည်တွင်းဌာနများမှ ဖွင့်လှစ်သည့် လူထုပညာပေး သင်တန်းပေါင်း (၂၈)ကြိမ်သို့လည်း သင်တန်းသား ၃၁ ဦးကို စေလွှတ်ခဲ့သည်။ Civil Service သင်တန်းများကိုလည်း ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား ၁၉၀ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**အနုပညာဖြင့် ပညာပေး**

ထို့အပြင် ပြည်သူလူထုတို့အတွက် အသိပညာပြန့်ပွားစေမည့် ပညာပေးဗီဒီယိုဇာတ်ကား သုံးကားနှင့် ရုပ်မြင်သံကြား ရိုက်ကူးမှု တစ်ကားတို့ကိုလည်း အစိုးရသစ် တစ်နှစ်တာအတွင်း ဖန်တီးတင်ဆက်နိုင်ခဲ့သည်။

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများကို သုံးစွဲခြင်းဖြင့် လူ့ပတ်ဝန်းကျင်တစ်ခုလုံး ထိခိုက်ကြရပြီး မိမိဘဝနစ်မွန်းစေမည့် အသိပညာပေးမှုအဖြစ် **“သူငယ်ချင်းသုံးယောက်ရှိလေသည်”** ဗီဒီယိုဇာတ်ကားကို လည်းကောင်း၊ လောကနီတိသင်ခန်းစာများကို ပြည်သူများ သတိပွားများနိုင်စေရေးအတွက် **“အမှိုက်ကစ”** ဗီဒီယိုဇာတ်ကားကို လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတန်ဖိုးထားတတ်စေရေးနှင့် ကာကွယ်စောင့်ရှောက်တတ်စေရေးအတွက် **“စူပါမင်းလည်းမကယ်နိုင်”** ဗီဒီယိုဇာတ်ကားကို လည်းကောင်း ရိုက်ကူးတင်ဆက်ခဲ့သည်။ ထို့အပြင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာပြီး ခေတ်စနစ်နှင့် ဒီမိုကရေစီကျင့်စဉ် နည်းလမ်းကောင်းများကို ပြည်သူများ သိရှိနားလည် သဘောပေါက်စေရန်အတွက်လည်း **“ဟိုဘက်အိမ်က မီးထိန်ထိန်”** ရုပ်မြင်သံကြားဇာတ်လမ်းကိုလည်း ရိုက်ကူးတင်ဆက်နိုင်ခဲ့ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရှိရသည်။

**ဘာသာစကားအသုံးပြုမှုတိုးချဲ့**

နိုင်ငံတော်အစိုးရသစ် လက်ထက်အတွင်း သတင်းအချက်အလက်များကို ပိုမိုလွယ်ကူစွာ ရရှိစေရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ Webportal ကို ယူနီကုတ်စနစ်ဖြစ်သည့် Myanmar 3၊ အသုံးများပြားသည့် Zawgyi မြန်မာဘာသာစကားလုံးသုံးစွဲမှုပုံစံ နှစ်မျိုးစလုံးဖြင့် အသုံးပြုရန် ပြင်ဆင်ခဲ့ပြီး အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုနိုင်ရန်အတွက်လည်း တင်ဆက်ခဲ့သည်။

ထို့အပြင် ကမ္ဘာတစ်ဝန်း အသုံးများရေပန်းစားလာသည့် တွစ်တာလူမှုကွန်ရက်ကို အသုံးပြုကာ အင်္ဂလိပ်ဘာသာဖြင့် နေ့စဉ်ဖြစ်ပေါ်နေသည့် သတင်းများကို ဖော်ပြရေးသားခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ဖေ့စ်ဘုတ်လူမှုကွန်ရက်မှတစ်ဆင့် သတင်းထုတ်ပြန်ခြင်းနှင့် အစိုးရ၏ ရက်တစ်ရာဆောင်ရွက်ချက်ဗီဒီယိုများနှင့် အင်တာဗျူးများ၊ မူဝါဒနှင့် သတင်းများကို လူမှုကွန်ရက်များနှင့် YouTube တို့တွင် လွှင့်တင်ခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ဒီဂျစ်တယ်ရုပ်ရှင်ရုံများတိုးပွား**

တစ်နှစ်တာအတွင်း ဒီဂျစ်တယ်စနစ် ရုပ်ရှင်ရုံများအဖြစ် ပြောင်းလဲရန် ကျန်ရှိနေသည့် ရုပ်ရှင်ရုံများအနက်မှ ၂၉ ရုံကို ပြုပြင်ပြောင်းလဲနိုင်ခဲ့ပြီး မြန်မာရုပ်ရှင်ဇာတ်ကား ၈၄ ကား၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကား ၉၇ကားနှင့် မြန်မာဗီဒီယိုဇာတ်ကား ၇၈၉ ကားတို့ကို ဆင်ဆာမူဝါဒများဖြင့် စိစစ်ခွင့်ပြုနိုင်ခဲ့သည်။

နိုင်ငံတကာမှ မြန်မာနိုင်ငံသို့ လာရောက်ကျင်းပသည့် ရုပ်ရှင်ပွဲတော်ပေါင်း ခြောက်ကြိမ်ခန့်ကို တစ်နှစ်တာအတွင်း ကျင်းပနိုင်ခဲ့ပြီး ရုပ်ရှင်ပွဲတော်များအတွင်း ဇာတ်ကားပေါင်း ၈၄ကားကို ပြသနိုင်ခဲ့သည်။

**စိစစ်ချထား ထုတ်ဝေခွင့်ပြု**

အစိုးရသစ်၏ ပထမဆုံးသော တစ်နှစ်တာကာလအတွင်း ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဆိုင်ရာ လုပ်ငန်းများအနေဖြင့် တစ်နှစ်တာအတွင်း သတင်းစာ ၃၉ စောင်၊ ဂျာနယ် ၄၇၈ စောင်၊ မဂ္ဂဇင်းအမျိုးအစား ၃၇၂အုပ်၊ အထွေထွေ ထုတ်ဝေခြင်းအမျိုးအစား ၁၁၀၅ အုပ်၊ သတင်းအေဂျင်စီပေါင်း ၅၂ခုနှင့် ပုံနှိပ်ခြင်းလုပ်ငန်းပေါင်း ၁၃၉၅ခုအထိ ရှိနေကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရှိရသည်။

**မြန်မာ့ရေးရာထုတ်ဝေ**

ထို့အပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တစ်နှစ်တာအတွင်း နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အချက်အလက်များကို ခေါင်းစဉ်ခွဲခြား၍ သုတေသနဆိုင်ရာ စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲများမှ ရရှိသည့် စာတမ်းများကို စုစည်းကာ ၂၀၁၆ခုနှစ် မြန်မာ့ရေးရာ အမှတ် (၁) နှင့် ၂၀၁၇ ခုနှစ် မြန်မာ့ရေးရာ အမှတ်(၂)တို့ကို ထုတ်ဝေပြီး ဦးစီးဌာနလက်အောက်ရှိ စာကြည့်တိုက်များသို့ ဖြန့်ဝေခြင်း၊ စာပေတိုက်များသို့ ဖြန့်ဝေခြင်းများကို ပြုလုပ်ကာ စာပေမြင့်မားရေးကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လျှင် ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများအတွက် ရည်ရွယ်သည့် ပြည်သူ့ဌာနဖြစ်သည့် အားလျော်စွာ အသိပညာများ ဖြန့်ဝေခြင်း၊ နိုင်ငံတော်၏ သတင်းအချက်အလက်များနှင့် ဗဟုသုတများ၊ ဖတ်မှတ်လေ့လာသိဖွယ်ရာများနှင့် ထူးခြားသတင်းများကို ပြည်သူ့လက်ဝယ်အရောက် ဖြန့်ဖြူးပေးနေသည့် ဌာနကြီးတစ်ခုဖြစ်သည့်အပြင် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း၊ ရုပ်ရှင်ဆင်ဆာမူဝါဒများ စိစစ်ခြင်း၊ မြန်မာ့ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်းများကို တစ်နှစ်တာအတွင်း လုပ်ဆောင်လျက်ရှိနေပါကြောင်း။



ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားစာကြည့်တိုက်ဖြင့် စာအုပ်စာပေများကို ကျောင်းသား ကျောင်းသူများထံ အရောက်သယ်ဆောင်ဖြန့်ဝေကြစဉ်



ပြည်သူ့စာကြည့်တိုက်များတွင် ကလေးစာဖတ်ခန်းများအတွက် ဖြည့်ဆည်းပေးထားသည့် စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူများ လေ့လာဖတ်ရှုစဉ်

# အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမှာ တင်ပြလာတဲ့စာတမ်းတွေကို အခြေခံ၍ တူညီတာတွေ၊ မတူညီတာတွေကို ခွဲခြားပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီကို တင်ပြနိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်

ဒေါက်တာ လျန်မှုန်းဆာခေါင်း

**တွေ့ဆုံမေးမြန်း - သူရဇော်၊ သက်သက်ပိုင်(သတင်းစဉ်)**
**ဓာတ်ပုံ - ထိန်နန်နော်(သတင်းစဉ်)**


ဒေါက်တာလျန်မှုန်းဆာခေါင်း


ဦးစိုင်းလ


ဦးလှမောင်ရွှေ

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ လုပ်ငန်းကော်မတီများ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ စတင်ကျင်းပသည်။

အဆိုပါ လုပ်ငန်းကော်မတီများ၌ ပါဝင်ဆွေးနွေးခဲ့ကြသူများ၏ စကားသံများကို ယခုလို ကြားသိရသည် -

**ဒေါက်တာလျန်မှုန်းဆာခေါင်း (နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီဝင်)**

"ကျွန်တော်တို့အုပ်စုက နိုင်ငံရေးကဏ္ဍကို ဆွေးနွေးတဲ့ အုပ်စုဖြစ်ပါတယ်။ အဓိကအနေနဲ့ လုပ်ငန်းကော်မတီရဲ့တာဝန်ကလည်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ဆွေးနွေးပြီး တင်ပြလာတဲ့ စာတမ်းတွေကို အခြေခံကာ တူညီတာတွေ၊ မတူညီတာတွေကို ခွဲခြားပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီကို တင်ပြနိုင်ဖို့ ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီဝင် ဒေါက်တာလျန်မှုန်းဆာခေါင်းက ဆိုသည်။

လက်ရှိအနေအထားတွင် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများ ကျင်းပခဲ့သည့် ဒေသနှင့် ပြည်နယ် ငါးခုရှိကြောင်း၊ အဆိုပါဆွေးနွေးပွဲ ငါးခုမှ တက်လာသည့် စာတမ်းများကို မိမိတို့ စိစစ်ဆွေးနွေးနေခြင်းဖြစ်ကြောင်း၊ သို့ရာတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ဒေသတချို့တွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ခြင်း မရှိသေးသည့်အတွက် နိုင်ငံရေးကဏ္ဍအပါအဝင် အခြားလုပ်ငန်းကော်မတီများက ယခုဆွေးနွေးနေမှုများကို ဆုံးဖြတ်ခြင်း၊ အဆိုပြုခြင်းမလုပ်ဘဲ စာတမ်းများ စုစည်းသည့်အနေဖြင့်သာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ဆုံးဖြတ်ချက်တစ်ခုခုချနိုင်အောင်**

"မနက်ပိုင်းကကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး အဖွဲ့အစည်းအဝေးမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယ အစည်းအဝေး ကျင်းပချိန်မှာ ကျွန်တော်တို့အနေနဲ့ ဆုံးဖြတ်ချက်တစ်ခုခုချနိုင်အောင်လို့ ကြိုးစားမယ်ဆိုပြီး သဘောတူထားပါတယ်"ဟု ဒေါက်တာလျန်မှုန်းဆာခေါင်းက ပြောကြားသည်။

"အဓိကလုပ်ငန်းကော်မတီမှာ ဆွေးနွေးတဲ့ အကြောင်းအရာတွေက အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကျင်းပတဲ့ နေရာ ငါးခုက တက်လာတဲ့စာတမ်းတွေကို အခြေခံပြီး ဆွေးနွေးတာဖြစ်ပါတယ်။ ကရင်၊ ချင်း၊ ရှမ်း၊ ပအိုဝ်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း အဲဒီဒေသ ငါးခုကနေပြီးတော့ ထွက်လာတာတွေကို ဆွေးနွေးတာဖြစ်ပါတယ်။ ပြည်ထောင်စုကြီးကို ပြန်လည်ထူထောင်တဲ့အခါ အခြေခံရမယ့် ဖက်ဒရယ်ရဲ့အခြေခံမှုတွေကို အဓိကထားပြီး ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ မနက်ဖြန် ကျွန်တော်တို့ လုပ်ရမယ့် လုပ်ငန်းဆောင်ရွက်ချက်က အခြေခံတူညီတာတွေကို တစ်ခုချင်းစုထားမယ်၊ မတူသေးတာတွေကို ခဏထားမယ်။ ဒါတူတယ်၊ ဒါမတူဘူး ဆိုပြီး ကဏ္ဍတစ်ခုအနေနဲ့ ခွဲပြီး UPDJC ကနေတစ်ဆင့် တင်ပြသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆိုသည်။

**ဦးစိုင်းလ(လူမှုရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီဝင်)**

လူမှုရေးကဏ္ဍမှာ UPDJC ၏ အတည်ပြုဆုံးဖြတ်ချက်များအရ နေရာပြန်လည်ချထားရေး၊ ပြန်လည်ထူထောင်ရေး၊ လူမှုဖူလုံရေးနှင့် လူမှုဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူမှုရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီဝင် ဦးစိုင်းလက ပြောကြားသည်။

"ဒီနေ့က စဆွေးနွေးတဲ့နေ့ ဖြစ်လို့ ကျွန်တော်တို့ ဘယ်လိုနည်းလမ်းတွေနဲ့ ဆွေးနွေးကြမလဲ။ ဘယ်လို လုပ်ထုံးလုပ်နည်းတွေနဲ့ ဆောင်ရွက်ကြမယ်။ နောက်ပြီး ဆွေးနွေးချက်တွေကို အစီအစဉ်အလိုက် စနစ်တကျဖြစ်အောင် ဘယ်လိုဆောင်ရွက်ကြမယ်ဆိုတာကို ဆွေးနွေးခဲ့ကြပါတယ်"ဟု ဦးစိုင်းလက ဆိုသည်။

**အဆိုပြုချက်များကို စုစည်း**

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေက အဆိုပြုချက်တွေကို စုစည်းပေးနိုင်ရန် ရည်ရွယ်ထားကြောင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲက အဆိုပြုချက်များကို စုစည်းပြီး ပထမဆုံးအကြိမ်ပြုလုပ်သော ဆွေးနွေးပွဲဖြစ်သည့်အတွက် ထိုက်သင့်သည့် အောင်မြင်မှုများရရှိမည်ဟု မိမိတို့ မျှော်မှန်းထားကြောင်း ၎င်းက ပြောကြားသည်။

**ဦးလှမောင်ရွှေ (စီးပွားရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီဝင်)**

"နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သယံဇာတ ခေါင်းစဉ်ကြီး ငါးခုကို ဒေသနဲ့ လူမျိုးအလိုက် သက်ဆိုင်တဲ့ အစုအဖွဲ့တွေကနေပြီး တင်ပြတဲ့စာတမ်းတွေကို စပြီး ဆွေးနွေးနေပါတယ်။ အခုတစ်ခေါက် သက်ဆိုင်ရာ ဒေသငါးခုရဲ့လူမျိုးအလိုက် ဆွေးနွေးချက်တွေကို ကျွန်တော်တို့ စုစည်းထားမှာဖြစ်ပါတယ်"ဟု စီးပွားရေး ကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီဝင် ဦးလှမောင်ရွှေက ဆိုသည်။

ယခုဆွေးနွေးပွဲမှ သဘောတူညီချက်များကို မိမိတို့ စုစည်းထားမည်ဖြစ်ပြီး နောက်တစ်ကြိမ် အစည်းအဝေး၌ ထပ်မံရရှိလာမည့် လူမျိုးနှင့် ဒေသအလိုက် စာတမ်းများကို ဖြည့်စွက်ပြီး ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ဆွေးနွေးမှုရလဒ်များကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီမှတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံသို့ တင်ပြပြီး အဆုံးအဖြတ်ရယူသွားမည်ဖြစ်ကြောင်း ဦးလှမောင်ရွှေက ပြောကြားသည်။

**ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ခဲ့**

"စီးပွားရေးကဏ္ဍအနေနဲ့ စာတမ်း ငါးခုမှာ စာတမ်း နှစ်ခုကို ကျွန်တော်တို့ ဆွေးနွေးနေဆဲ ဖြစ်ပါတယ်။ စာတမ်းတစ်ခုတော့ ပြီးသွားပါပြီ။ ပအိုဝ်းရဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကနေ လူမျိုးအလိုက် တက်လာတဲ့ စာတမ်းက ဆွေးနွေးပြီးပါပြီ။ ဒုတိယ ကရင်အမျိုးသားတွေရဲ့စာတမ်းကို ဆွေးနွေးနေပါတယ်။ မနက်ဖြန်ကျန်တဲ့ စာတမ်းတွေ ဆက်ပြီးဆွေးနွေးသွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆိုသည်။

မိမိတို့ လုပ်ငန်းကော်မတီဝင်များအနေဖြင့် ယနေ့ဆွေးနွေးပွဲတွင် ပထမဆုံး တစ်ယောက်နှင့်တစ်ယောက် ဆွေးနွေးကြခြင်းဖြစ်ပြီး အပြုသဘောဆောင်၍ ချောချောမွေ့မွေ့ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ခဲ့ကြောင်း ဦးလှမောင်ရွှေက ပြောကြားသည်။

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် အုံ့ပေါ်ကျေးလက်ကျန်းမာရေးဌာန၊ လောနောက်ကုန်းကျေးရွာနှင့် လောနောက်အင်းကျေးရွာတို့တွင် လွန်ခဲ့သော နှစ်လအတွင်း ချောင်းဆိုးခြင်း၊ ရင်ဘတ်အောင့်ခြင်း စသည့်လက္ခဏာများဖြင့် လူအချို့သေဆုံးခဲ့ကြောင်း မတ် ၂ ရက်က သတင်းရရှိသဖြင့် အဆိုပါဒေသများတွင် ရောဂါဖြစ်ပွားမှုစုံစမ်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာများသို့ လဟယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်တစ်ဦး၊ တပ်မတော်ဆေးအဖွဲ့မှ ဆရာဝန်တစ်ဦးနှင့် လက်ထောက်ကျန်းမာရေးမှူးပါဝင်သော ကွင်းဆင်းအဖွဲ့ကလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မုံရွာခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ လက်ထောက်ဆရာဝန်(ကူးစက်)၊ အဖွဲ့ခေါင်းဆောင်ဆရာဝန်(တီဘီ)၊ ဓာတ်မှန်ဆရာဝန်နှင့် ဓာတ်ခွဲကျွမ်းကျင်များပါဝင်သော ကွင်းဆင်းအဖွဲ့များကလည်းကောင်း ရွေ့လျားဓာတ်မှန်စက်၊ ဓာတ်ခွဲပစ္စည်းများနှင့် အတူ ရောဂါဖြစ်ပွားရာ ကျေးရွာများသို့ သွားရောက်၍ ရောဂါဖြစ်ပွားမှုအားစုံစမ်းစစ်ဆေးခြင်းနှင့် ဆေးကုသမှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်းအဖွဲ့၏ တွေ့ရှိချက်အရ လောနောက်ကုန်းကျေးရွာမှ ၁၁ ဦးနှင့် လောနောက်အင်းကျေးရွာမှ သုံးဦး စုစုပေါင်း ၁၄ ဦးတို့သည် လွန်ခဲ့သော နှစ်လတာကာလအတွင်း နာတာရှည်ချောင်းဆိုးသွေးပါခြင်း၊ ပိန်လှီခြင်း အစရှိသည့် သံသယတီဘီရောဂါ၊ အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါနှင့် အာဟာရချို့တဲ့ရောဂါတို့ဖြင့် သေဆုံးခဲ့ကြောင်း သိရှိရပြီး ကူးစက်ရောဂါကပ်အသွင် ဖြစ်ပွားမှုများမရှိကြောင်း သိရသည်။

ကွင်းဆင်းအဖွဲ့များသည် လောနောက်ကုန်းကျေးရွာနှင့် လောနောက်အင်းကျေးရွာတို့၌ ၂၄ နာရီဆေးခန်းဖွင့်လှစ်၍ မတ် ၃ ရက်မှ ၇ ရက်အထိ စုစုပေါင်း ၄၁၁ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး သံသယတီဘီရောဂါလူနာ ၃၄ ဦးထံမှ သလိပ်နမူနာများရယူ၍ ဓာတ်ခွဲစစ်ဆေးခဲ့ရာ လူနာ လေးဦးတွင် တီဘီရောဂါပိုးတွေ့ရှိခဲ့ရသဖြင့် လိုအပ်သော ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယနေ့အထိ ထပ်မံသေဆုံးသူလူနာမရှိကြောင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့များသည် အဆိုပါဒေသအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိုးထစ်ချုန်း ရွာနိုင်**

**နေပြည်တော် မတ် ၈ -** နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်၌ ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

နိုင်ငံတကာသတင်း



## ကဘူးလ်၌ ပေါက်ကွဲမှုသုံးကြိမ်ဖြစ်ပွား၊ လူသုံးဦးထက်မနည်း သေဆုံး

**ကဘူးလ် မတ် ၈**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်၌ မတ် ၈ ရက်က ပေါက်ကွဲမှု သုံးကြိမ်ဖြစ်ပွားခဲ့ပြီးနောက် အနည်းဆုံး လူသုံးဦး သေဆုံးကာ ၆၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တိုက်ခိုက်သူနှစ်ဦးလည်း သေဆုံးသွားကြောင်း သိရသည်။

ကဘူးလ်မြို့ စစ်ဆေးရုံ၌ ဖြစ်ပွားခဲ့သော တတိယအကြိမ် ပေါက်ကွဲမှုတွင် လူသုံးဦး သေဆုံးခဲ့ပြီး ၆၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများကို ဝါဇာအက်ခ်ဘာခန် ဆေးရုံသို့တင်ထားကြောင်း၊ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အစ်ဇ်မဟီကာဝိုဆီက မီဒီယာသို့ ပြောကြားခဲ့ပြီး အခြားပျက်စီးသည့် အချက်အလက်များအား နောက်ပိုင်းတွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

ပေါက်ကွဲမှုသည် အစိုးရရုံးများနှင့် သံရုံးအခြေစိုက်ရာ ဝါဇာအက်ခ်ဘာခန်နယ်မြေ၌ ယနေ့နံနက် ဒေသစံတော်ချိန် ၉ နာရီ ၅ မိနစ်တွင် ပထမအကြိမ်ဖြစ်ပွားခဲ့ကာ နောက်ထပ် ပေါက်ကွဲမှုတစ်ခုလည်း ယင်းနေရာတွင် ထပ်မံဖြစ်ပွားခဲ့ကြောင်း သိရသည်။ တတိယအကြိမ် ပေါက်ကွဲမှုသည် အဆောက်အအုံတစ်ခု၏ ကားပါကင်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တတိယအကြိမ် ပေါက်ကွဲချိန်တွင် ကောင်းကင်ပေါ်တွင် ရဟတ်ယာဉ်များ ဝဲပျံနေချိန်ဖြစ်ကြောင်း သိရသည်။ အဆိုပါတိုက်ခိုက်မှုတွင် အနည်းဆုံး အသေခံဗုံးခွဲ သမားငါးဦး ပါဝင်နိုင်ကြောင်း ဒေသခံမီဒီယာများတွင် ဖော်ပြထားသည်။

တိုက်ခိုက်သူများအား ဖမ်းဆီးရမိရေးအတွက် အာဖဂန်ပဋိပက္ခတုံ့ပြန်ရေးယူနစ်အဖွဲ့ဝင်များအား တပ်ဖြန့်ထားကြောင်း ကနဦး လုံခြုံရေးသတင်းရင်းမြစ်များအရ သိရသည်။

အဆိုပါ တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး မည်သည့် အဖွဲ့၏လက်ချက်ဖြစ်ကြောင်း မသိရသေးချေ။ **(ဆင်ဟွာ)**

# နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေပြဋ္ဌာန်း

**နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅။)**

**၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်**

**(၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက်)**

**နိဒါန်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုများကို ကာကွယ်ပေးနိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) **နိုင်ငံသား** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရသော် လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း နိုင်ငံသားဖြစ်သူကို ဆိုသည်။

(ဂ) **ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှု** ဆိုသည်မှာ နိုင်ငံသားတစ်ဦး၏ ဥပဒေနှင့်အညီ လွတ်လပ်စွာသွားလာဆောင်ရွက်ခွင့်၊ လွတ်လပ်စွာနေထိုင်နိုင်ခွင့်နှင့် လွတ်လပ်စွာပြောဆိုခွင့်ကို ဆိုသည်။

(ဃ) **ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှု** ဆိုသည်မှာ နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စရပ်များ လုံခြုံမှုကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦး၏ နေအိမ်အဆောက်အအုံ သို့မဟုတ် ပရဝဏ်နှင့် ပရဝဏ်အတွင်းရှိ အဆောက်အအုံလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုတို့ ပါဝင်သည်။

(င) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(စ) **တာဝန်ရှိသူ** ဆိုသည်မှာ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများကိုဆိုသည်။

**အခန်း(၂)**

**နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို အကာအကွယ်ပေးခြင်း**

၃။ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှု အပြည့်အဝရရှိခံစားခွင့်ရှိသည်။

၄။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တာဝန်ရှိသူများသည် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုနစ်နာဆုံးရှုံးခြင်းမရှိစေရန် ကာကွယ်ပေးရမည်။

**အခန်း (၃)**

**သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တာဝန်ရှိသူများ၏ တာဝန်များ**

၅။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တာဝန်ရှိသူများသည်-

(က) တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရန် မည်သူ့ကိုမဆို ကာကွယ်ပေးရမည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးဦး၏ နေအိမ်နှင့် နေအိမ်အဖြစ် အသုံးပြုသော အခန်း၊ အဆောက်အအုံ သို့မဟုတ် ပရဝဏ်နှင့်ပရဝဏ်အတွင်းရှိ အဆောက်အအုံများအတွင်းသို့ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဝင်ရောက်ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် သူတစ်ဦးဦးအား ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းပြုလုပ်လိုလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ အုပ်ချုပ်ရေးမှူးဖြစ်စေ၊ ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူးဖြစ်စေ၊ ဆယ်အိမ်မှူးဖြစ်စေ တစ်ဦးဦးအပါအဝင် အနည်းဆုံးသက်သေနှစ်ဦးနှင့်အတူ ဆောင်ရွက်ရမည်။

၆။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တာဝန်ရှိသူများသည် ဤဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် တိုင်ကြားချက်ကို လက်ခံရရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်။ မိမိဌာနက အရေးယူဆောင်ရွက်ရမည့် ကိစ္စမဟုတ်ကြောင်း ပေါ်ပေါက်ပါက အကျိုးအကြောင်းဖော်ပြ၍ တိုင်ကြားသူထံ ရက်ပေါင်း ၃၀ အတွင်း ပြန်ကြားရမည့်အပြင် ယင်းပြန်ကြားစာတွင် မည်သည့်ဌာန အဖွဲ့အစည်းသို့ တိုင်ကြားသင့်ကြောင်း အကြံပြုချက်ပါရှိရမည်။

**အခန်း(၄)**

**တားမြစ်ချက်များ**

၇။ မည်သူမျှ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့် ကိစ္စမှတစ်ပါး တရားရုံး၏ ခွင့်ပြုချက်မရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီထက် ကျော်လွန်၍ ချုပ်နှောင်ထားခြင်းမပြုရ။

၈။ မည်သူမျှတည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုမိန့်၊ ခွင့်ပြုချက် သို့မဟုတ် ဝရမ်းတစ်စုံတစ်ရာမရှိဘဲ ဖြစ်စေ၊ နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲဖြစ်စေ-

(က) နိုင်ငံသားတစ်ဦး၏ နေအိမ်၊ နေအိမ်အဖြစ် အသုံးပြုသော အခန်း၊ အဆောက်အအုံ သို့မဟုတ် ပရဝဏ်နှင့် ပရဝဏ်အတွင်းရှိ အဆောက်အအုံအတွင်း ဝင်ရောက်ရှာဖွေ ခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် သူတစ်ဦးဦးအား ဖမ်းဆီးခြင်းမပြုရ။

(ခ) နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို အနှောင့်အယှက်ဖြစ်စေသော သို့မဟုတ် လူ့ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ စုံထောက်ခြင်းနှင့် စုံစမ်းခြင်းမပြုရ။

(ဂ) ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦးအကြား ဆက်သွယ်ရေးပစ္စည်းကိရိယာ တစ်မျိုးမျိုးဖြင့် ဆက်သွယ်ပြောကြားခြင်းကို ကြားဖြတ်ဖမ်းယူ နားထောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အနှောင့်အယှက်ပေးခြင်း မပြုရ။

(ဃ) ဆက်သွယ်ရေး အော်ပရေတာများထံမှ ပုဂ္ဂိုလ်ဆိုင်ရာ တယ်လီဖုန်းနှင့် အီလက်ထရောနစ်ဆက်သွယ်ရေး သတင်းအချက်အလက်များအား တောင်းယူခြင်း၊ ထုတ်ပေးခြင်းမပြုရ။

(င) အခြားသူ၏ ပုဂ္ဂိုလ်ဆိုင်ရာကိစ္စအလို့ငှာ ဆက်သွယ်ပေးပို့သည့် စာပေး စာယူ၊ စာအိတ်၊ ချောထုပ်၊ ပါဆယ်ထုပ်တစ်ခုခုကို ဖွင့်ဖောက်ခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်းမပြုရ။

(စ) နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာ၊ မိသားစုရေးရာကိစ္စများတွင် အဓမ္မဝင်ရောက် စွက်ဖက်ခြင်း သို့မဟုတ် လူတစ်ဦး၏ ဂုဏ်သိက္ခာနှင့် ထင်ပေါ်ကျော်ကြားမှုကို ပုတ်ခတ်ခြင်း သို့မဟုတ် ထိခိုက်စေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းမပြုရ။

(ဆ) နိုင်ငံသားတစ်ဦး၏ တရားဝင်ရရှိ ပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်းကို သော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုသော်လည်းကောင်း မတရားသိမ်းယူခြင်း သို့မဟုတ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တမင်ပျက်စီးစေခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်း မပြုရ။

၉။ မည်သည့် ရဲတပ်ဖွဲ့စခန်းမှူးမဆို ဤဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် တိုင်တန်းချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ သတင်းပေးချက်ကို လက်ခံရရှိလျှင်ဖြစ်စေ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၅၄ နှင့်အညီ အရေးယူဆောင်ရွက်ရမည်။

**အခန်း (၅)**

**ပြစ်ဒဏ်များ**

၁၀။ မည်သူမဆို ပုဒ်မ ၇ ပါ တားမြစ်ချက်ကိုသော်လည်းကောင်း၊ ပုဒ်မ ၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ် ၁၅ သိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၁၁။ မည်သူမဆို ပုဒ်မ ၉ ပါ တာဝန်ကို ဆောင်ရွက်ရန် အကြောင်းမဲ့ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ် ၂၅ သိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၁၂။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်ခြင်း၊ တာဝန်ပေးခြင်း၊ ခိုင်းစေခြင်း၊ ပြစ်မှုတစ်ခုခုကျူးလွန်ရာတွင် ပူးပေါင်းကြံစည်ခြင်း၊ အားပေးကူညီခြင်းပြုလျှင် ထိုသူအား ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

**အခန်း(၆)**

**အထွေထွေ**

၁၃။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သမျှ ဤဥပဒေအရသာလျှင် အရေးယူရမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မန္တလေးမြို့သို့ ရောက်ရှိလာသော စစ်ဘေးရှောင် ၅၀၀ ကျော်ကို နေရပ်အသီးသီးသို့ ပို့ဆောင်ပေး

**မန္တလေး မတ် ၈**

မန္တလေးမြို့ ချမ်းမြေ့ပြည်ကားဝင်းသို့ မတ် ၇ ရက် ည ၁၁ နာရီက လားရှိုးမှ ရောက်ရှိလာသော လောက်ကိုင် စစ်ဘေးရှောင်ပြည်သူ ၅၀၀ ကျော်အား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် လူမှုကူညီရေး အသင်းများက ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးကြောင်း ပြည်ကြီးတံခွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဇင်ဖြိုးက ပြောကြားသည်။

"လူမှုရေးအသင်းတွေက ကူညီတဲ့ကားတွေနဲ့ သူတို့ပြန်ချင်တဲ့ဒေသကို ပို့နိုင်ဖို့ စီစဉ်ပေးပါတယ်။ မနေ့ည ၁ နာရီကနေစပြီး ပို့ပေးနေတာပါ။ ကျန်တဲ့သူတွေကိုလည်း ဆက်ပြီးပို့ဆောင်ပေးနေပါတယ်။ အုပ်ချုပ်ရေးဦးစီးဌာနက ရဲတပ်ဖွဲ့နဲ့ပူးပေါင်းပြီး လုံခြုံရေးနဲ့စီမံခန့်ခွဲမှုလုပ်ပေးရပါတယ်"ဟု ၎င်းက ပြောသည်။

မတ် ၇ ရက် ည ၁၁ နာရီမှ မတ် ၈ ရက် နံနက် ၅ နာရီအထိ စစ်ဘေးရှောင် ၂၂၃ ဦး ရောက်ရှိခဲ့၍ မကွေး၊ ဆင်ပေါင်ဝဲ၊ မင်းလှ၊ ဝမ်းတွင်း၊ မြင်းခြံ၊ ပျော်ဘွယ် ဒေသများသို့ ကား ၂၆စီးနှင့် ပို့ဆောင်ပေးခဲ့ပြီး မတ် ၈ ရက်တွင်လည်း ဆက်လက်ရောက်ရှိလာရာ ညနေပိုင်းအထိ စုစုပေါင်း ၅၆၈ ဦးအား နေရပ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးနေကြောင်း သိရသည်။

စတင်ရောက်ရှိသည့် ညက လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့တော်စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများရောက်ရှိ၍ စီမံမှုများလုပ်ဆောင်ပေးခဲ့ကြောင်း၊ မြို့ခံလူမှုကူညီရေးအသင်းများနှင့် ပရဟိတအဖွဲ့များက စစ်ဘေးရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေးအတွက် မော်တော်ယာဉ်နှင့် စားသောက်ရေးကိုကူညီထောက်ပံ့ကြကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



# မြန်မာ့ကော်ဖီကို ပြည်ပသို့ နှစ်စဉ်တန်ထောင်ချီ တင်ပို့

**ပြင်ဦးလွင် မတ် ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီဌာနခွဲ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ ပြင်ဦးလွင်မြို့ ပွေးတောင်ရွာ၌ ကော်ဖီကိုင်းဖြတ်ပြုပြင်ခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)တောင်သူပညာပေး ကွင်းလက်တွေ့သရုပ်ပြပွဲကို မတ် ၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

လက်တွေ့ကွင်းသရုပ်ပြပွဲသို့ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကော်ဖီစိုက်တောင်သူများဖြစ်ကြသော ညောင်နီ၊ ကန်တော်ကြီး၊ အနီးစခန်း၊ ပွေးတောင်၊ လက်ပံကုန်း၊ သရက်ပင်၊ နမ့်ကပ်ရွာ စသည့်ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသား ၁၅၀ ခန့် တက်ရောက်ခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းနှင့် ပြင်ဦးလွင်ခရိုင် ဦးစီးမှူးတို့က တက်ရောက်အမှာစကားပြောကြားခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကော်ဖီကို ပြင်ဦးလွင်၊ နောင်ချို၊ ရွာငံ၊ သံတောင်၊ လိပ်သို၊ မိုးကုတ်၊ ချင်းပြည်နယ်အစရှိသည့် ဒေသတို့၌ စိုက်ပျိုးလျက်ရှိပြီး မြန်မာ့ကော်ဖီအား ကမ္ဘာမှ ကြိုက်နှစ်သက်၍ နှစ်စဉ်တန်ထောင်ချီ၍ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ ထို့အပြင် ၂၀၁၆ ခုနှစ်က အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့၌ ကျင်းပခဲ့သည့် ကော်ဖီပြပွဲသို့လည်း ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့် ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းလျက် မြန်မာနိုင်ငံမှ ဝင်ရောက်ပြသခဲ့ပြီး ကမ္ဘာ့အမှတ်ပေးဇယားအဆင့်တွင် မြန်မာ့ကော်ဖီက အမှတ် ၈၀ အထက်တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

# ဘားအံမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ဘားအံ မတ် ၈**

ကရင်ပြည်နယ် ဘားအံမြို့၌ မတ် ၅ ရက်က ပြည်တွင်းအခွန်များဦးစီးဌာနရုံး ဒုတိယဦးစီးမှူးတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ကွင်းဆက်များကိုပါ စိတ်ကြွရူးသွပ်ဆေးပြားနှင့်အတူ ဖော်ထုတ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၅ ရက် နံနက် ၁၀ နာရီခန့်က ဘားအံမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်မျိုးကျော် ဦးစီးသော နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ်ပုလဲမြ ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ ပြည်နယ်မှုခင်းအကူဌာနစုမှ ဒုရဲအုပ်အောင်ကျော်သူဦးစီးသောတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ဦးမြင့်သန်း၊ ဦးတင်ထွန်းအောင်တို့နှင့်အတူ ဘားအံမြို့ ပြည်တွင်းအခွန်များဦးစီးဌာနရုံးမှ ထွန်းဇော်၏ အိပ်ခန်းကို ဝရမ်းဖြင့် ဝင်ရောက်ရှာဖွေရာ ထွန်းဇော်နှင့် ကျော်ကျော်ထိန်လင်းတို့ကို စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ပြားနှင့် ဆေးရှူရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ရှာဖွေတွေ့ရှိ၍ ဖမ်းဆီးခဲ့သည်။

ထို့နောက် ပူးပေါင်းအဖွဲ့မှ စစ်ဆေးပေါ်ပေါက်ချက်အရ ဘားအံမြို့ အမှတ်(၁)ရပ်ကွက်နေ မင်းမိုးဝင်းထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် အဆိုပါ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားများ မတွေ့ရှိဘဲ ၎င်းမူးယစ်ဆေးဝါးရောင်းချရာတွင် အသုံးပြုသည့် ဆင်းကတ်ပါ လက်ကိုင်ဖုန်းကို ရှာဖွေတွေ့ရှိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် မိုးမင်းဝင်းကို စစ်ဆေးရာ ဘားအံမြို့နယ် မြိုင်ကလေးကျေးရွာအုပ်စု တန် ၄၀၀၀ ဘီလပ်မြေစက်ရုံဝင်းနေ ကုလားမ(ခ) စိုးစံထံမှ ဖုန်းဖြင့် ဆက်သွယ်ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သတင်းအတည်ပြုချက် ရယူခဲ့ရာ ကုလားမ(ခ)စိုးစံမှာ ဘားအံမြို့ တောင်ကလေးကျေးရွာရှိ အဲဗားဂရင်းစားသောက်ဆိုင်၌ ရောက်ရှိနေကြောင်း သိရ၍ သွားရောက်ဖမ်းဆီးခဲ့သည်။

ယင်းနောက် ပူးပေါင်းအဖွဲ့က ၎င်းမောင်းနှင်လာသည့် နံပါတ်မပါ CBR ဆိုင်ကယ်ကို ရှာဖွေခဲ့ရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၂ ပြား၊ ငွေစက္ကူရေရာ ငွေကျပ် ၅၀၀၀၀၊ ဆေးရှူရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဆင်းကတ်ပါ လက်ကိုင်ဖုန်း တစ်လုံးတို့ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဒုရဲအုပ် အောင်မျိုးကျော်က တရားလိုပြုလုပ်ကာ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူ ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# ဘိန်းစိမ်း ဂရမ် ၅၀၀၀ ကျော်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကျော် သိမ်းဆည်းရမိ

**မိုးမောက် မတ် ၈**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် အောင်မြင်ကျေးရွာ (၇-မိုင်) ၌ ဘိန်းစိမ်း ဂရမ် ၅၀၀၀ ကျော်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၂၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၇ ရက် နံနက် ၁၀ နာရီခန့်က မူးယစ်တပ်ဖွဲ့စု (၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောင်မြေကျေးရွာနေ ဝင့်ရှော့၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ကြရာ ဘိန်းစိမ်းဟု ယူဆရသော အညိုရောင်အစေ့ စုစုပေါင်း အလေးချိန် ဂရမ် ၅၀၀၀ ကျော်ခန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၂၀ တို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းခဲ့ပြီး မိုးမောက်မြို့မရဲစခန်းက စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ဆီမီးခုံ-နန်းရီ၊ ဓာတ်ပုံ-ကိုရဲ**

# တရားမဝင်သစ်ကိစ္စနှင့်ပတ်သက်၍ ဖုန်းဖြင့်မက်ဆေ့ပို့ခြိမ်းခြောက်မှု ၆၆(ဃ) ဖြင့် တိုင်ကြား

**ဘော်လခဲ မတ် ၈**

ကယားပြည်နယ် ဘော်လခဲမြို့နယ်၌ တရားမဝင်သစ်များသယ်ဆောင်ရောင်းဝယ်နေမှုကို သက်ဆိုင်ရာသို့ သတင်းပေးတိုင်ကြားခဲ့သည့်ကိစ္စအပေါ် မကျေနပ်၍ လက်ကိုင်ဖုန်းဖြင့် မက်ဆေ့ပို့ခြိမ်းခြောက်ခဲ့သည်ဟု ဆိုကာ ဘော်လခဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးစိုင်းကြီး၏ တိုင်ကြားချက်အရ ဘော်လခဲမြို့မရဲစခန်းက သစ်ကုန်သည်တစ်ဦးကို ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖြင့် အမှုဖွင့်အရေးယူစုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘော်လခဲမြို့ ကယားပိုင်းရပ်ကွက်နေ ဘော်လခဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌ ဦးစိုင်းကြီးကိုင်ဆောင်သော လက်ကိုင်ဖုန်းသို့ ခြိမ်းခြောက်သည့်သဘော သက်ရောက်သည့် မက်ဆေ့များ ပေးပို့လာခဲ့သဖြင့် စုံစမ်းရာ မက်ဆေ့ပို့ခဲ့သည့် ဖုန်းနံပါတ် ၀၉-၇၇၈၀၀၁၄၆၄ နှင့် ၀၉-၄၄၄၈၇၄၄၄၇ တို့သည် သစ်ကုန်သည် ဦးဖိုးသဒါး (၄၀ နှစ်) ကိုင်ဆောင်သော ဖုန်းနံပါတ်များဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်ရပ်နှင့်စပ်လျဉ်း၍ တရားဥပဒေအရ အရေးယူဆောင်ရွက်ရန် ဘော်လခဲမြို့ ကယားပိုင်းရပ်ကွက်နေ ဘော်လခဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးစိုင်းကြီးက မတ် ၃ ရက်က တိုင်ကြားသဖြင့် လွိုင်ကော်မြို့နေ ဦးဖိုးသဒါး(၄၀ နှစ်)ကို ဘော်လခဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

# မှတ်ပုံတင်မဲ့ယာဉ် လက်ဝယ်ထားအသုံးပြုသူကို အရေးယူ

**စစ်ကိုင်း မတ် ၈**

စစ်ကိုင်းရဲကင်းစခန်းမှ ရဲအုပ်ဇော်ထွန်းသည် မတ် ၆ ရက်က စစ်ကိုင်းမြို့မရဲစခန်းမှ ယာဉ်ဥပဒေပုဒ်မ ၃၃၇/၃၃၈ အမှုမှ ပြစ်မှုကျူးလွန်သူ ဇော်မျိုးဦးကို စစ်ဆေးရာ ၎င်းသည် အခင်းဖြစ်စဉ်က မောင်းနှင်ခဲ့သော ယာဉ်အမှတ် CC/----- မှတ်ပုံတင် အထောက်အထားများကို တောင်းခံခဲ့သော်လည်း ပေးအပ်နိုင်ခြင်းမရှိသည့်အတွက် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော ယာဉ်ကို ထားရှိမောင်းနှင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

သို့ဖြစ်၍ တရားဝင် မှတ်ပုံတင်ထားခြင်းမရှိသော ယာဉ်ကို လက်ဝယ်ထား စီးနင်းမောင်းနှင်သူ ဇော်မျိုးဦး(၂၀ နှစ်) ချမ်းမြသာစည်မြို့နယ် မန္တလေးမြို့နေသူကို စစ်ကိုင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

# လားရှိုးမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**နေပြည်တော် မတ် ၈**

လားရှိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၆ ရက်က လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ(၂၀) လားရှိုး-သိန္နီသွား ပြည်ထောင်စုလမ်းမပေါ်တွင် ဆိုင်ရွှန် မောင်းနှင်ပြီး ရှုံးပေါင်လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၉၆၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တာချီလိတ်၌ အမျိုးသားနှစ်ဦး အအေးမိသေဆုံး

**တာချီလိတ် မတ် ၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် တာလော့ရပ်ကွက်နှင့် မိုင်းကိုးကျေးရွာအုပ်စုတို့၌ အမျိုးသားနှစ်ဦး အအေးမိသေဆုံးသည့်ဖြစ်စဉ် မတ် ၇ ရက်က နှစ်ကြိမ်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၇ ရက် နံနက်ပိုင်းက တာချီလိတ်မြို့ တာလော့ရပ်ကွက်၊ ထိုင်း-မြန်မာအမှတ်(၁)ချစ်ကြည်ရေးတံတားလမ်းဘေး ကုက္ကိုပင်အောက်၌ အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့က သွားရောက်စစ်ဆေးရာ မောင်ဇော် (၃၅ နှစ်)သည် အရက်သေစာ သောက်စားထားပြီး အမှတ်(၁) တံတားလမ်းမဘေး ကုက္ကိုပင်အောက်တွင် လမ်းဘေး၌ အိပ်နေရာမှ ပြင်ပဒဏ်ရာမရှိဘဲ ခန္ဓာကိုယ်တောင့်တင်းကာ အအေးမိသေဆုံးခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့နံနက်ပိုင်းက တာချီလိတ်မြို့ မိုင်းကိုးအုပ်စု ယန်းခမ်း(၁)ရွာ တာချီလိတ်-ကျိုင်းတုံကားလမ်းဘေး တောင်ယာတဲ၌ အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ တာချီလိတ်-ကျိုင်းတုံကားလမ်းမဘေး ယန်းခမ်း (၁)ရွာ ဟွမ်ကျန်းတံတားအနီး လူမနေတောင်ယာတဲပေါ်တွင် လွန်ခဲ့သော ခြောက်လခန့်ကတည်းက ယန်းခမ်း(၁)ရွာသို့ ရောက်ရှိပြီး တောင်းရမ်းစားသောက်နေသူ စိုင်းဝင်း (၅၀ နှစ်ခန့်)သည် ခန္ဓာကိုယ်ပိန်လှီပြီး ခြေလက်များ ဖော ရောင်နေကာ လမ်းဘေး၌ အိပ်ရာမှ အအေးမိသေဆုံးသည်ဟု ယူဆရသဖြင့် ယင်း၏အလောင်းကို တာချီလိတ်ပြည်သူ့ဆေးရုံသို့ ပေးပို့ထားသည်။ သေဆုံးသူနှစ်ဦးကို ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် စုံစမ်းစစ်ဆေး နိုင်ရန် တာချီလိတ်မြို့မ ရဲစခန်းက အမှုရေးဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**


ဆရာအာသာ SUCCESS (မြို့လယ်ကျောင်း) Language Academy
အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်၊ 202046,392048

ကလေးများအတွက် နွေရာသီအင်္ဂလိပ်စာ
သူငယ်တန်းဖြေမှ (၉)တန်းဖြေအတွက် 4-Skill English (Level 1 to 5)
Morning : 10 to 12 a.m.
Evening : 3 to 5 p.m.
Mon to Thurs (တစ်ပါတ် ၄ ရက်)
March 13 စမည်။
သင်တန်းကြေး-၇၀၀၀၀/
ကျောင်းကားစုံစမ်းနိုင်ပါသည်။

(၆+၇)တန်း ဖြေထားသူများအတွက် ၈ တန်းအထောက်အကူပြု Grammar သင်တန်းများ
သင်တန်းကြေး-၄၅၀၀၀/
7:30 - 9 (Mon to Thurs) Mar 13
1 - 2:30 (Mon to Thurs) Mar 13

တက္ကသိုလ်ဝင်တန်းအထောက်အကူပြု Letter Writing + Essay
(၆+၇)တန်းဖြေ - Level 1
(၈+၉)တန်းဖြေ - Level 2
သင်တန်းကြေး-၄၅၀၀၀/
7:30-10:30 (Sat+Sun) Mar 18
12 - 3:00 (Sat+Sun) Mar 18 စပါမည်

လုပ်ငန်းခွင်ဝင်၊ နိုင်ငံခြားသွားလိုသူ နှင့်အလုပ်ကောင်းရလိုသူများအတွက်
BASIC ENGLISH SPEAKING
1 - 2:30 (Mon~Thurs) 13 Mar
3:30 - 5 (Mon~Thurs) 13 Mar
7:30 - 9 (Mon~Thurs) 13 Mar
10-11:30 (Mon~Thurs) 20 Mar
1 - 4:00 (Sat + Sun) 2 Apr
6 - 7:30 (Mon~Thurs) 3 Apr
BASIC FOUR SKILLS ENGLISH
9 - 12:00 (Sat + Sun) 18 Mar
1 - 4:00 (Sat + Sun) 18 Mar
1 - 2:30 (Mon~Thurs) 20 Mar
3:30 - 5 (Mon~Thurs) 28 Mar
1 - 4:00 (Sat + Sun) 1 Apr
10-11:30 (Mon~Thurs) 3 Apr
BASIC GRAMMAR
9 - 12:00 (Sat + Sun) 26 Mar
BASIC WRITING
1 - 2:30 (Mon~Thurs) 24 Apr
PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon~Thurs) 13 Mar
9:30-12:30 (Sat+Sun) 18 Mar
6 - 7:30 (Mon~Thurs) 3 Apr
1 - 4:00 (Sat+Sun) 22 Apr
INTERMEDIATE (ACADEMIC ENGLISH)
9:30-12:30 (Sat + Sun) 4 Mar
7:30 - 9 (Mon~Thurs) 28 Mar
2 - 5:00 (Sat + Sun) 1 Apr
IELTS (Preparation)
1 - 3:30 (Mon~Thurs) 3 Apr
7:30-9:30 (Mon~Thurs) 24 Apr
IELTS (Speaking + Vocab)
7:30 - 9 (Mon~Thurs) 13 Mar
IELTS (Reading + Vocab)
10-12:00 (Mon~Thurs) 13 Mar
IELTS (Writing + Grammar)
7:30 - 9 (Mon~Thurs) 28 Mar
IELTS (Grammar + Vocab)
10-11:30 (Mon~Thurs) 13 Mar

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453
BASIC ENGLISH SPEAKING
12 - 3:00 (Sat + Sun) 19 Mar
10-11:30 (Mon~Thurs) 20 Mar
10-11:30 (Mon~Thurs) 3 Apr
3:30 - 5 (Mon~Thurs) 3 Apr
BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon~Thurs) 13 Mar
6 - 7:30 (Mon~Thurs) 13 Mar
7:30 - 9 (Mon~Thurs) 15 Mar
12:30-3:30 (Sat+Sun) 18 Mar
4:30 - 7:30 (Sat+Sun) 18 Mar
BASIC GRAMMAR
1 - 2:30 (Mon~Thurs) 13 Mar
PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon~Thurs) 13 Mar
3:30 - 5 (Mon~Thurs) 20 Mar
INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon~Thurs) 20 Mar
IELTS (Preparation)
4:30-7:30 (Sat+Sun) 22 Apr
IELTS (Writing+Grammar)
12:30-3:30 (Sat+Sun) 25 Mar
(၈+၉)တန်းဖြေထားသူများအတွက် တက္ကသိုလ်ဝင်တန်းအထောက်အကူပြု Letter Writing + Essay သင်တန်းများ ၄၅၀၀၀/
7:30-9:00 (Mon to Thurs) 13 Mar
7:30-10:30 (Sat + Sun) 18 Mar
(၆+၇)တန်း ဖြေထားသူများအတွက် ၈ တန်းအထောက်အကူပြု Grammar သင်တန်း
1 - 4:00 (Sat + Sun)
March 18 ၄၅၀၀၀/



ရွှေလမ်းခရီး
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
ကားဆိုဒ်စုံနှင့် လုပ်သားပါ ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444808899
09-444808877
09-444808855



ယဉ်မင်းအေး
အိမ်ခြံမြေအကျိုးဆောင်
ဈေးကောင်းပေးဝယ်လိုသည်
ဒဂုံအရှေ့၊ ဒဂုံမြောက်၊ ဒဂုံတောင်၊ ဆိပ်ကမ်း
09-421102649
09-421094370
09-458481315


## Correction of Extension of Invitation for Bids

Myanma Railways has already advertised the **Extension of Invitation for Bids** in the **Myanma Alinn Daily** on 7th March, 2017. The clause "6" of advertisement is corrected as follows.

Bids must be delivered to the address above on or before 14:00 p.m on 25th April, 2017 and must be accompanied by a bid security of Japanese Yen one hundred and twenty five million (JP¥ 125,000,000).

Managing Director, Myanma Railways
Ministry of Transport and Communications

## စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းမှ တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အခြေစိုက်အလုပ်ရုံ(တညင်းကုန်း)တွင် စက်မှုအလုပ်ရုံသုံး စက်ပစ္စည်း(၁၁)မျိုးအား မျက်မြင်အခြေအနေအတိုင်း တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်နှင့်ပုံစံများကို နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်တွင် ၉-၃-၂၀၁၇ ရက်မှ ၂၂-၃-၂၀၁၇ ရက်အထိ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၂၂-၃-၂၀၁၇ ရက် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါပေးသွင်းရန်ဖြစ်ပါသည်။ ဖုန်း-၀၆၇-၄၀၈၂၀၈၊ ၀၆၇-၄၀၈၁၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကိစ္စရပ်များဘုတ်အဖွဲ့**
**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း**


အောင်ပါလေ
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း၊ စက်ကိရိယာ၊ ဂိုဒေါင်၊
ဌာနဆိုင်ရာရုံးခန်းများပြောင်းရွှေ့လိုပါက
၁၀ ပေ၊ ၁၄ ပေ၊ ၁၅ ပေ၊ ၁၆ ပေ၊ ၁၇ ပေ၊ ၂၄ ပေ၊
၁၀ ဘီး၊ ၁၂ ဘီးကားများနှင့်အလုပ်သမားများအပါ
စိတ်တိုင်းကျ ပြောင်းရွှေ့ပေးသည်။ (မြို့တွင်း/နယ်ဝေး)
Ph: 09 253266665,
09 250554793, 09 256263264

# အာရှဖလားခြေစစ်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်းဖွဲ့စည်း

**ရန်ကုန် မတ် ၈**

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလအတွင်း ယှဉ်ပြိုင်ရမည့် အိန္ဒိယလက်ရွေးစင်အသင်းနှင့် ၂၀၁၉ အာရှဖလားခြေစစ်ပွဲ ပထမပွဲအတွက် ပဏာမကစားသမား ၂၆ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် အိန္ဒိယနှင့် ခြေစစ်ပွဲအတွက် လူရွေးချယ်ရာတွင် လက်ရှိ MNL ပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် ကစားသမားအချို့ ကျန်ရစ်ခဲ့သော်လည်း ကစားသမားဟောင်းအများစုပါဝင်လာသလို ၂၀၁၄ ခုနှစ်နောက်ပိုင်း လက်ရွေးစင်အသင်း၌ ရွေးချယ်ခြင်းမခံရတော့သည့် ဂိုးသမား သီဟစည်သူ၊ ပြီးခဲ့သည့်နှစ် ဥရောပခရီးစဉ်တွင် ပြန်လည်စေလွှတ်ခံရသည့် တိုက်စစ်မှူး ကျော်ကိုကိုတို့လည်း ပြန်လည်ရွေးချယ်ခံရသည်။ ထို့အပြင် ကစားသမားဟောင်းများ ဖြစ်သည့် ဝင်းမင်းထွန်း၊ တင်ဝင်းအောင်၊ သိန်းသန်းဝင်း၊ သက်နိုင်၊ စည်သူအောင်တို့ ပြန်လည်ရွေးချယ်ခံခဲ့ရပြီး စိုးမြတ်သူ (Southern)၊ သောင်လပ်ထျန်(ချင်းယူနိုက်တက်)တို့လည်း ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းပွဲများအတွက် မတ် ၁၄ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်ပြီး အိန္ဒိယလက်ရွေးစင်အသင်းနှင့် ခြေစစ်ပွဲမတိုင်မီ မတ် ၂၁ ရက်တွင် နိုင်ငံတကာခြေစမ်းပွဲကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲအတွက် အာဖရိကအသင်းဖြစ်သော အီကွေတို ရီရယ်လ်ဂီနီအသင်းနှင့် သဘာတူညီမှုရထားပြီး ယခုရက်ပိုင်းအတွင်း အတည်ပြုနိုင်မည်ဖြစ်သည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ဂိုးသမား-သီဟစည်သူ၊ ဘုန်းသစ္စာမင်း(ရှမ်းယူနိုက်တက်)၊ ပြည့်ဖြိုးအောင် (Southern)၊ ရန်အောင်လင်း (ရတနာပုံ)၊ နောက်တန်း-ဇော်မင်းထွန်း၊ ဒေးဗစ်ဒန်း(ရန်ကုန်)၊ ဖြိုးကိုကိုသိန်း(ရောဝတီ)၊ သောင်လပ်ထျန်(ချင်းယူနိုက်တက်)၊ ဝင်းမင်းထွန်း၊ ဟိန်းသီဟဇော်(ရှမ်းယူနိုက်တက်)၊ သိန်းသန်းဝင်း(ရတနာပုံ)၊ နန္ဒကျော်၊ ကျော်ဇင်လွင်(မကွေး)၊ အလယ်တန်း-ရန်အောင်ကျော်(ရန်ကုန်)၊ ရန်နိုင်ဦး၊ တင်ဝင်းအောင်(ရှမ်းယူနိုက်တက်)၊ ဇင်ဖြိုးအောင်(ဇွဲကပင်)၊ စည်သူအောင်၊ မျိုးကိုထွန်း၊ သက်နိုင်(ရတနာပုံ)၊ စိုးမြတ်သူ (Southern)၊ ဆောင်လမန်(ချင်းယူနိုက်တက်)၊ မောင်မောင်လွင်(ဟံသာဝတီ)၊ ရှေ့တန်း-ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်)၊ အောင်သူ(ရတနာပုံ)တို့ ပါဝင်ကြသည်။ မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့၏ အာရှဖလားခြေစစ်ပွဲကို မတ် ၂၈ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဘိုင်ယန်မြူးနစ်နှင့် ရီးရဲလ်မက်ဒရစ်တို့ နှစ်ကျော့ပေါင်းရလဒ်များဖြင့် ဂိုးပြတ်အနိုင်ရ

ယူအီးအက်ဖ်အေချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ ပွဲစဉ်များကို မတ် ၈ ရက် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုင်ယန်မြူးနစ်က အာဆင်နယ်ကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရီးရဲလ်မက်ဒရစ်က နာပိုလီကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ပထမအကျော့ ဂျာမန်မြေတွင် ဘိုင်ယန်တို့ ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားပြီး ဒုတိယအကျော့ အင်္ဂလန်မြေ၌ ယှဉ်ပြိုင်ခဲ့ရာ ဘိုင်ယန်အသင်း ပထမအကျော့ရလဒ်အတိုင်း ငါးဂိုး-တစ်ဂိုးဖြင့် ထပ်မံအနိုင်ရရှိခဲ့သည်။ ယင်းပွဲတွင် အာဆင်နယ်အတွက် တစ်လုံးတည်းသောဂိုးကို ပွဲချိန် မိနစ် ၂၀ တွင် ဝဲလ်ကော့က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်အတွက် ချေပဂိုးကို ဒုတိယပိုင်း ပွဲချိန် ၅၅ မိနစ်တွင် အာဆင်နယ်နောက်တန်း ကစားသမား ကိုစီရယ်နီ ဘိုင်ယန်တိုက်စစ်မှူး လီဝမ်ဒေါစကီးကို ပယ်နယ်တီဧရိယာအတွင်း တွန်းလဲခဲ့သဖြင့် တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရပြီး ဘိုင်ယန်တို့ပယ်နယ်တီကန်ခွင့်ရကာ လီဝမ်ဒေါစကီးက ချေပဂိုးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့သည်။ ဘိုင်ယန်အတွက် အနိုင်ဂိုးများကို ပွဲချိန် ၆၈ မိနစ်တွင် ရော်ဘင်၊ ၇၈ မိနစ်တွင် ဒေါက်ကလပ်ကော်စတာ၊ မိနစ် ၈၀ နှင့် ၈၅ မိနစ်တို့တွင် ဗီဒယ်လ်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် နှစ်ကျော့ပေါင်းရလဒ် ၁၀ ဂိုး-နှစ်ဂိုးဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်သွားသည်။ ယင်းပွဲအပြီးတွင် အာဆင်နယ်နည်းပြ အာစင်ဝင်ဂါးကို အသင်းမှ ထွက်ခွာရန် ဆန္ဒပြသည့်ပရိသတ်များ ပိုမိုများပြားလာသည်။

အီတလီမြေတွင် ယှဉ်ပြိုင်ခဲ့သည့် ဒုတိယအကျော့ပွဲစဉ်တစ်ခုဖြစ်သော နာပိုလီနှင့် ရီးရဲလ်မက်ဒရစ်တို့ပွဲတွင် ပထမအကျော့ ရလဒ်အတိုင်း ရီးရဲလ်တို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲချိန် ၂၄ မိနစ်တွင် တိုက်စစ်မှူး မာတင်စ်က နာပိုလီအတွက် ဦးဆောင် ဂိုးသွင်းယူခဲ့ပြီး ဒုတိယပိုင်း ၅၁ မိနစ်တွင် နောက်တန်းကစားသမား ရာမို့စ်က ရီးရဲလ်အတွက် ချေပဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၅၇ မိနစ်တွင် ရာမို့စ်ခေါင်းတိုက်သွင်းခဲ့ရာ နာပိုလီကစားသမား မာတင်စ်နှင့်ထိ၍ ဂိုးဝင်သွားခဲ့ပြီး ရီးရဲလ်တို့ ဦးဆောင်ဂိုးပြန်လည်ရရှိခဲ့သည်။ ရီးရဲလ်အတွက် ချေပဂိုးနှင့် ဦးဆောင်ဂိုးကို ထောင့်ကန်ဘောမှတစ်ဆင့် နောက်တန်းကစားသမား ရာမို့စ်က ခေါင်းတိုက်သွင်းယူခဲ့ခြင်း ဖြစ်သည်။ ရီးရဲလ်အတွက် တတိယအနိုင်ဂိုးကို မိုရာတာက အနီးကပ် ပိတ်သွင်းယူခဲ့သည်။ ရီးရဲမက်ဒရစ်သည် နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-နှစ်ဂိုးဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်ခဲ့သည်။

**သီဟ**


**ပျောက်ဆုံးကြောင်း**

ကျွန်တော်မောင်ဟိန်းသစ်ထွေး(CDC-83376)၏ Seatime Check အတည်ပြုစာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၁၅၁၈၄၀**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ဝက်တူး အထက(ခွဲ) တက္ကသိုလ်ဝင်တန်း(အောင်)မှ မောင်ကျော်ဇောလင်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်ထွန်းနိုင် ၅/ကသန(နိုင်)၀၆၁၁၂၉ ဖြစ်ပါကြောင်း။ **ဦးမြင့်ထွန်းနိုင်**

**ပျောက်ဆုံးကြောင်း**

ဦးနိုင်စိုးထွေး၁၀/ပမန(နိုင်)၁၉၀၄၁၂ ၏ Passport No-MB943 259 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၁၇၇၄၄၆၅**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်မောင်နေမျိုးထွန်း CDC-80996 ၏ PSC သင်တန်းဆင်းလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၇၂၂၀၈၄၈**

**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့၊ (၃)ရပ်ကွက်၊ သီရိစန္ဒာလမ်း၊ အကွက်အမှတ် ၃၃၊ ကိုးသိန်းအကွက်၊ ဦးပိုင်အမှတ် ၂၅၊ ဧရိယာ ၀ဒသမ၀၃၄ဧက ရှိမြေအား ဒေါ်ရီရီခင်က မြေငှားဂရန်(အသစ်)ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

**ဖခင်အမည်မှန်**

မဘိမ်းမြို့၊ ဘဟဲ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်မိုးမင်းဦးနှင့် ပဉ္စမတန်းမှ မောင်မင်းသူလွင်တို့၏ဖခင်အမည်မှန်မှာ ဦးစိန်မြလွင် ၁၃/မဘန(နိုင်) ၀၁၄၇၉၇ ဖြစ်ပါကြောင်း။ **ဦးစိန်မြလွင်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၁ယ/၃၆၁၀၇၊ HONDA WAVE ယာဉ်လက်ဝယ်ရှိသူအမည် ဦးစိုင်းမင်းထက်လှိုင် ၇/အဖန(နိုင်)၀၈၃၂၀၇သည် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 8E/9614 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်တွင် အလျားပေ ၆၀နှင့် အနံ ၂၂ပေခန့်ရှိသော စတိုဂိုဒေါင်တစ်ခု ဆောက်လုပ်ရန်အတွက် စိတ်ပါဝင်စားသူ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူများသည် ဒီဇိုင်းပုံစံနှင့် အချက်အလက်ပုံစံ၊ ဈေးနှုန်းပြည့်စုံစွာဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊ အဆောက်အဦထောက်ပံ့နှင့် ဆက်သွယ်ရေးဌာနသို့ ၂၃-၃-၂၀၁၇ရက် ၁၆း၀၀နာရီအရောက် တင်ဒါပေးသွင်းနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

- ၀၆၇-၄၁၂၃၄၁(နိုင်ငံခြားရေးဝန်ကြီးဌာန၊စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊ အဆောက်အဦထောက်ပံ့နှင့်ဆက်သွယ်ရေးဌာန)

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန**

**လူပျောက်ကြော်ငြာ**



ဒေါ်အေးမြင့် အသက်(၄၄)နှစ်သည်(၅-၁၀-၂၀၁၆)နေ့မှစ၍ နေအိမ်မှထွက်သွားသည်မှာ ယနေ့အချိန်အထိ ဆက်သွယ်၍မရ ပျောက်ဆုံးနေပါသဖြင့် လက်ခံထားသူအား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ခင်ပွန်း ဦးအောင်သန်းအေး**
**ဖုန်း-၀၉ ၄၇၂၂၉၂၀၈၊ ၀၉ ၄၄၅၂၉၃၃၅**


# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ

# ကြေညာချက်

## ၂၀၁၇ ခုနှစ် မတ် ၈ ရက်

၁။ ၂၀၁၇ ခုနှစ် ဧပြီလ ၁ရက်တွင် ဖွင့်လှစ်မည့်(၁)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေထီလက်မှတ်စာအုပ်များကို အောက်ပါအတိုင်း ထုတ်ဝေထားပါသည်-

(က) **အက္ခရာအရေအတွက်** - (၅၂) လုံး
(ခ) **ထီစာအုပ်ပေါင်း** - (၄၂၅၄၅၃၆)အုပ်
(ဂ) **ထီစောင်ရေပေါင်း** - (၄၆၇၉၉၈၉၆)စောင်

၂။ (၁) ကြိမ်မြောက်အတွက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်စာအုပ်များကို အောက်ပါအတိုင်း ရောင်းချပြီးဖြစ်ပါသည်-

(က) **အက္ခရာအရေအတွက်** - (၃၅)လုံးကျော်
(ခ) **ထီစာအုပ်ပေါင်း** - (၂၈၉၁၆၆၉)အုပ်
(ဂ) **ထီစောင်ရေပေါင်း** - (၃၁၈၀၈၃၅၉)စောင်

၃။ (၁)ကြိမ်မြောက်အတွက် ကျပ် ၅၀၀ တန် အရန်ထီလက်မှတ်စာအုပ်များကို အောက်ပါအတိုင်း ရောင်းချရန် ကျန်ရှိနေပါသည်-

(က) **အက္ခရာအရေအတွက်** - (၁၆)လုံးကျော်
(ခ) **ထီစာအုပ်ပေါင်း** - (၁၃၆၂၈၆၇)အုပ်
(ဂ) **ထီစောင်ရေပေါင်း** - (၁၄၉၉၁၅၃၇)စောင်

၄။ ရောင်းချရန် ကျန်ရှိသည့် (၁)ကြိမ်မြောက် ကျပ် ၅၀၀ တန် အရန်ထီလက်မှတ်စာအုပ်များကို အနည်းဆုံးအုပ်ရေ (၁၀၀)နှင့်အထက် ဝယ်ယူလိုပါက TF-1 ချလန်ဖြင့် ဘဏ်သို့ငွေသွင်းပြီး အောက်ပါအတိုင်းဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

(က) **ရောင်းချမည့်နေရာ** - အောင်ဘာလေသိန်းဆုဌာနခွဲ၊ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်
(ခ) **ရောင်းချမည့်ကာလ** - ၃-၃-၂၀၁၇ရက်မှ ၂၄-၃-၂၀၁၇ ရက်ထိ

**အောင်ဘာလေသိန်းဆုဌာနခွဲ**

# ပွင့်ဖြူမြို့အနောက်ဘက် မုန်းချောင်းကမ်းပါးရှိ စွန့်ပစ်အမှိုက်များ စနစ်တကျ စွန့်ပစ်ရန်လိုအပ်

**ပွင့်ဖြူ မတ် ၈**

မင်းဘူးခရိုင် ပွင့်ဖြူမြို့သည် မုန်းချောင်းကမ်းပါးအရှေ့ဘက်တွင်ကပ်လျက်တည်ရှိနေပြီး မုန်းချောင်းရေသည် ဧရာဝတီမြစ်အတွင်းသို့ အကွေ့အကောက်များစွာဖြင့် စီးဆင်းလျက်ရှိသည်။ ပွင့်ဖြူမြို့တွင် ရပ်ကွက်လေးရပ်ကွက်ဖြင့် ဖွဲ့စည်းထားရှိပြီး သက်တော်ရှည်ရပ်ကွက်နှင့် အနောက်ပိုင်းရပ်ကွက်သည် မုန်းချောင်းကမ်းပါးတစ်လျှောက်တွင် မှီတင်းနေထိုင်လျက်ရှိကြရာ ရပ်ကွက်နေပြည်သူများ စွန့်ပစ်ထားသောအမှိုက်များ၊ စွန့်ပစ်ပစ္စည်းများနှင့်အညစ်အကြေးများကြောင့် မုန်းချောင်းကမ်းပါးနေ ပြည်သူများ လေထုညစ်ညမ်းမှုနှင့် ကျန်းမာရေးထိခိုက်လျက်ရှိသည်။



ထိုစွန့်ပစ်အမှိုက်များသည် မုန်းချောင်းရေကြီးသည့်အချိန်တွင် မုန်းချောင်းရေနှင့်အတူ မျောပါ၍ ဧရာဝတီမြစ်အတွင်းသို့ ရောက်ရှိရာ ဧရာဝတီမြစ်ရေကို သောက်သုံးရေအဖြစ် အားထားအသုံးပြုနေသည့် ပြည်သူများအတွက်ကျန်းမာရေးထိခိုက်နိုင်ပြီး စွန့်ပစ်ပစ္စည်းများကြောင့် မုန်းချောင်းနှင့် ဧရာဝတီမြစ်အတွင်းရှိ ရေနေသတ္တဝါများ မျိုးသုဉ်းပျက်စီးသွားနိုင်သည်။

ထို့ကြောင့် ပွင့်ဖြူမြို့ အနောက်ဘက် မုန်းချောင်းကမ်းပါးရှိ စွန့်ပစ်အမှိုက်များအား သက်ဆိုင်ရာဌာနများမှ ရပ်ကွက်နေပြည်သူများနှင့် ပူးပေါင်းကာ စနစ်တကျအမှိုက်စွန့်ပစ်၍ လိုက်လံသိမ်းဆည်းခြင်း၊ ပညာပေးခြင်းများဖြင့် မုန်းချောင်း ကမ်းပါးနှင့် ပွင့်ဖြူမြို့၏ သန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကုသိုလ်ဖြစ်အခမဲ့ဆေးခန်းဖွင့်

**မိုင်းရှူး မတ် ၈**

မိုင်းရှူးမြို့နှင့်အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံများ၏ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နိုင်ရန်အတွက် နယ် မြေခံတပ်မတော်သားများနှင့်ဒေသခံပြည်သူများ၏ပူးပေါင်းမှုဖြင့် တည်ဆောက်ပြီးစီးခဲ့သော ကုသိုလ်ဖြစ်အခမဲ့ဆေးခန်းအား မတ် ၆ ရက်က မိုင်းရှူးဂေါက်ကွင်းအနီးရှိ အဆိုပါဆေးခန်းအဆောက်အအုံ၌ ဖွင့်လှစ်ခဲ့သည်။



အဆိုပါ ဆေးခန်းကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်၏ လမ်းညွှန်မှုဖြင့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်း များနှင့်တပ်မတော်သားများက လုပ်အား ငွေအားဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကာ ဒေသခံပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေအပြင် လိုအပ်သည့် ငွေကြေးများအား တပ်မတော်မှ လှူဒါန်းဆောင်ရွက်ပေးကာ နယ်မြေခံတပ်မှုပါရဂူ ဆရာဝန် ဆေးမှူးများနှင့် သူနာပြုအဖွဲ့များ ဦးစီး၍ အခမဲ့ကုသပေးနိုင်ရေး နေ့စဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လိုအပ်သည့်ဆေးဝါးများကိုလည်း တပ်မတော်ကပင် ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ယခုဖွင့်လှစ်လိုက်သည့် ကုသိုလ် ဖြစ်ဆေးခန်းမှာ နံကပ်-သွပ်မိုးအမျိုး အစားဖြစ်ပြီး အလျားပေ ၄၀၊ အနံပေ ၃၀ ကျယ်ဝန်းကာ အဆောက်အအုံနှင့် ပရိဘောဂများ၏ တန်ဖိုးမှာ ငွေကျပ်သိန်း ၃၀၀ ခန့်ရှိကြောင်း သိရသည်။

**မောင်ယဉ်ကျေး(တာချီလိတ်)**

# မြင်းခြံအကျဉ်းထောင်တွင် ‘အ’ သုံးလုံး သင်တန်းနှင့် စက်ပြင်သင်တန်းဖွင့်

**မြင်းခြံ မတ် ၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အကျဉ်းထောင်အတွင်းတွင် ပြစ်ဒဏ်ကျခံနေသူများမှ စာမတတ်သူများအတွက် ‘အ’ သုံးလုံး သင်တန်းအမှတ်စဉ် (၂) နှင့် အသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်သော စက်ပြင်သင်တန်းအမှတ်စဉ် (၂) သင်တန်းကို မတ် ၁ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည် ။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အမှာစကားပြောကြားခဲ့ပြီး မြင်းခြံအကျဉ်းထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဌေးက အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေရပြီး စာမတတ်သူ ၂၄၄ ဦး ရှိရာမှ ယခင်သင်တန်းတွင် အယောက် ၁၀၀ ကို စာရေးနိုင်၊ ဖတ်နိုင်အောင် သင်ကြားပေးပြီးဖြစ်ကြောင်း ၊ ယခုလည်း အမျိုးသား ၅၀၊ အမျိုးသမီး ၅၀ အား သင်ကြားပေးသွားမည်ဖြစ်ပြီး စာကိုတကယ်ရေးနိုင်၊ ဖတ်နိုင်မှသာလျှင် သင်တန်းပြီးဆုံးစေမည်ဖြစ်ကြောင်း၊ ကျန်ရှိသော ၄၄ ဦးကိုလည်း ဆက်လက်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည် ။

ထို့ပြင် စက်ပြင်သင်တန်းသား ၃၂ ဦးတို့ကိုလည်း အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရစဉ်အတွင်း ဘဝအာမခံချက်ရရှိစေရန်ရည်ရွယ်၍ သင်ကြားပေးခြင်းဖြစ်ပြီး၊ စက်ပြင် ပညာရပ်များကို ကျွမ်းကျင်စွာတတ်မြောက်အောင်သင်ယူပြီး ပြစ်ဒဏ်စေ့၍ မိမိနေရပ်များသို့ ရောက်ရှိသောအခါ ယင်းပညာရပ်ဖြင့် အသက်မွေးလုပ်ကိုင်စားသောက်နိုင်စေရန် ရည်ရွယ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင် ( မြင်းခြံ )**



## လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ပန်ကြား

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ် မတ်လ၊ ဧပြီလနှင့် မေလများ၌ မိုးတိမ်တောင်များဖြစ်ပေါ်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း၌ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်း၊ ပြိုကျပျက်စီးခြင်း၊ အမိုးလန်ခြင်းများကြောင့် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၊ မြို့နယ်ပေါင်း ၅၉ မြို့နယ်မှ လူဦးရေတစ်သိန်းခွဲခန့် ဘေးဒုက္ခကြုံတွေ့ခဲ့ကာ ၄၄ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုမှတ်တမ်းများ အရ တွေ့ရှိရပါသည်။

၂။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဘေးလျော့ပါးစေရေးနှင့် ကြိုတင် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အရေးပေါ်တုံ့ပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုတင်စီမံထားခြင်းတို့ဖြင့်သာ ထိခိုက်ဆုံးရှုံးပျက်စီး မှုများလျော့နည်းသက်သာစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့အစည်းတစ်ရပ်တည်း ဆောင်ရွက်ခြင်းထက်ဆက်နွှယ် ပတ်သက်သူအားလုံးအပါအဝင် ပြည်သူလူထုမှ ပူးပေါင်းဆောင်ရွက်မှုသာလုပ်ငန်းများ ပိုမိုအောင်မြင်ပါမည်။

**နေအိမ်အဆောက်အအုံများနှင့်စပ်လျဉ်း၍ ပြင်ဆင်ရန်အကြံပြုချက်များ**

၃။ ၂၀၁၇ ခုနှစ် မတ်လ၊ ဧပြီလနှင့် မေလများတွင် ဖြစ်ပွားနိုင်သည့် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းသက်သာစေရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်အတူ အောက်ပါ လုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားရန် အကြံပြုတိုက်တွန်းအပ်ပါသည်-

(က) မိမိတို့နေအိမ်အဆောက်အအုံများ၏ ကြံ့ခိုင်မှုကိုစစ်ဆေးပါ။
(ခ) လေဒဏ်ခံနိုင်စေရေးအတွက် ကန့်လန့်ဖြတ်ဘေးထောက်တန်းများ၊ နံရံထောက်တန်းများ၊ ဒေါက်တိုင်များကို လိုအပ်သည့်နေရာများတွင် ကျားကန်တပ်ဆင်ပါ။
(ဂ) မြေဝင်အိမ်တိုင်များအား ချောင်၍လှုပ်နေခြင်းရှိ/မရှိစစ်ဆေးပြီး လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍သိပ်သည်းကျစ်လျစ်အောင် မြေကျပ်ပေးပါ။
(ဃ) အိမ်၏အတွဲအဆက်ပြုထားသည့်နေရာအားလုံးကို ချောင်ထွက်မနေအောင်လိုအပ်သလိုဆောင်ရွက်ပါ။ (မူလီကျပ်ခြင်း၊ သံထပ်ပိုးရိုက်ခြင်း -ဥပမာ)
(င) အိမ်အမိုးများကို ခိုင်ခံ့အောင် ပြန်လည်စစ်ဆေးပြင်ဆင်ပါ။ ခေါင်ချုပ်ကန့်လန့်ဖြတ်တန်းများ၊ ရေပြင်ညီချုပ်တန်းများထည့်ပါ။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုး ဖြစ်ပါက ဝါးရာဇမတ် ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာချည်နှောင်ပါ။
(စ) အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် သွပ်နန်းကြိုးများ အသုံးပြု၍ချည်နှောင်ခြင်း၊ လိုအပ်သောနေရာတွင် သံများထပ်မံ ထပ်ပိုးရိုက်ခြင်းဆောင်ရွက်ပါ။ ချွတ်ယွင်းနေသော အစိတ်အပိုင်းများကို ပြုပြင်အစားထိုးပါ။
(ဆ) အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။
(ဇ) အိမ်များကြံ့ခိုင်မှုမထိခိုက်စေရေးအတွက် ကြမ်းခင်းအောက်တွင် ရေမဝပ်စေရန် ဆောင်ရွက်ထားပါ။

**သတိပြုဆောင်ရွက်ရန်များ**

၄။ ပြည်သူများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်လာပါက အောက်ပါအချက်များကို အထူးသတိပြုလိုက်နာနေထိုင်ကြရန် အကြံပြုအပ်ပါသည်-

(က) လယ်ကွင်း၊ ကွင်းပြင်ထဲနေထိုင်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။
(ခ) မဖြစ်မနေ အိမ်ပြင်သို့ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။ မိမိကိုယ်ကို အကာအကွယ်များပြုလုပ်သွားပါ။
(ဂ) မိုးရွာသွန်းနေစဉ်၊ မိုးခြိမ်းနေစဉ်၊ လျှပ်စီးလက်နေချိန်များတွင် တယ်လီဖုန်းများအသုံးပြုခြင်းရှောင်ကြဉ်ပါ။
(ဃ) တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူနှင့် ကွန်ပျူတာစသည့် လျှပ်စစ်နှင့်ဆိုင်သောပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။
(င) သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။
(စ) ရုတ်တရက်တိမ်မည်းလာခြင်း၊ လေပြင်းလာခြင်း၊ မိုးသည်းထန်လာခြင်း၊ မိုးခြိမ်းပြီးအတော်ကြာမှ လျှပ်ပြက်ခြင်း၊ အပူထုထဲတွင် လေအေး များကို ခံစားရခြင်း စသည့် မိုးသီးမုန်တိုင်း၏ လက္ခဏာများအား ဂရုပြုပါ။

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ**

၅။ ပြည်သူလူထုများအနေဖြင့် လေပြင်းဘေးအပြင် အခြားသဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ အရေးပေါ်ဆက်သွယ်နိုင်ပါသည်-

**ဖုန်းနံပါတ်များ**

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန(ရုံးချုပ်) -၀၆၇-၄၀၄၆၆၆
Hot Line No များ -၀၆၇-၄၀၄၇၇၇
-၀၆၇-၄၀၄၂၂၂

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# အင်ဂျင်နီယာလောကကို ဘယ်လိုအဆင့်မြှင့်တင်ကြမလဲ အပိုင်း(၃)

သိပ္ပံစာရေးဆရာ ကိုကိုအောင်

**Professional Development ဟူသော စကားရပ်ကို မြန်မာဘာသာအားဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဟု ပြန်ဆိုရမည်ဖြစ်သည်။ အင်ဂျင်နီယာပညာ၊ ဆေးပညာ၊ သစ်တောပညာ၊ စိုက်ပျိုးရေးပညာစသော အသက်မွေးဝမ်းကျောင်း ပညာရပ်များသည် ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ တက္ကသိုလ်များ၌ သင်ကြားပို့ချပေးနေကြသော တိုင်းကျိုးပြည်ပြု ပညာရပ်များဖြစ်ကြသည်။ အဆိုပါပညာရပ်များကို သင်ကြားပို့ချပေးနေကြသည့် တက္ကသိုလ်များမှ မွေးထုတ်ပေးလိုက်သော အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာ ဘွဲ့ရမောင်မယ်များသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးနိုင်စွမ်းရှိကြသော လူသားအရင်းအမြစ်များစွာထဲက အရင်းအမြစ်တချို့ပင် ဖြစ်ကြသည်။**



နိုင်ငံတစ်နိုင်ငံ၏ အသက်မွေးဝမ်းကျောင်းပညာ အဆင့်အတန်းကို သုံးသပ်အကဲဖြတ်ရာတွင် အဓိကကျသော အချက်အလက်များစွာတို့အပေါ်၌ အခြေခံရမည်ဖြစ်သည်။ ပထမအချက်မှာ အသက်မွေးဝမ်းကျောင်းပညာရပ်၏ သင်ရိုးမာတိကာ ဖြစ်သည်။ ဒုတိယအချက်မှာ သင်ကြားပုံနည်းစနစ်ဖြစ်ပြီး တတိယအချက်ကမူ သင်ကြားရေးဌာနများ ဖြန့်ကြက်ထားမှုပင် ဖြစ်သည်။ စတုတ္ထအချက်မှာ မွေးထုတ် ပေးလိုက်သည့် ဘွဲ့ရမောင်မယ်များ၏ သင်ကြားတတ်မြောက်မှုဖြစ်ကာ၊ ပဉ္စမအချက်ကမူ လုပ်ငန်းခွင် အတွေ့အကြုံများ ဖြစ်သည်။ ဆဋ္ဌမအချက်မှာ အသက်မွေးဝမ်းကျောင်းပညာရပ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများဖြစ်ပြီး သတ္တမအချက်မှာကား ပညာရပ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို စိစစ်အကဲဖြတ်မှုပင် ဖြစ်သည်။

ဖော်ပြပါ အခြေခံအချက်အလက်များကို အဆောက်အအုံတစ်ခုနှင့် နှိုင်းယှဉ်၍ ဥပမာပေးရမည်ဆိုပါက သင်ရိုးမာတိကာသည် ထိုအဆောက်အအုံ၏ အုတ်မြစ်နှင့်သဏ္ဌာန်တူပြီး သင်ကြားပို့ချနည်းစနစ်က အဆောက်အအုံ၏ ဖွဲ့စည်းထားမှုနှင့် သဏ္ဌာန်တူသည်။ သင်ကြားရေးဌာနများက တံခါးပေါက်များနှင့် လည်းကောင်း၊ သင်ကြားတတ်မြောက်မှုက အဆောက်အအုံ၏ ခိုင်ခံ့တောင့်တင်းမှုနှင့် လည်းကောင်း၊ လုပ်ငန်းခွင်အတွေ့အကြုံက ထိုအဆောက်အအုံတွင် နေထိုင်ခြင်းနှင့် လည်းကောင်း သဏ္ဌာန်တူညီကြသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုက အဆောက်အအုံကို မွမ်းမံထိန်းသိမ်းခြင်းနှင့် သဏ္ဌာန်တူပြီး စိစစ်အကဲဖြတ်မှုကမူ အဆောက်အအုံ၏ ရေရှည်တည်တံ့မှုနှင့် အလားသဏ္ဌာန်တူသည်။

အဆောက်အအုံတစ်ခု၏ ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် အုတ်မြစ်ချသည်မှစ၍ အဆင့်ဆင့်သော လုပ်နည်းလုပ်ဟန်များ မှန်ကန်ရန် လိုအပ်သလို အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခု၏ အကျိုးပြုနိုင်မှုကလည်း သင်ရိုးမာတိကာမှစ၍ အဆင့်ဆင့်သော လုပ်ကိုင်ဆောင်ရွက်ပုံများ တည့်မတ်ဖြောင့်တန်းရန် အထူးပင် လိုအပ်လှသည်။ သင်ကြားရေးဌာနများဖြစ်ကြသည့် တက္ကသိုလ်များကို အများအပြား ဖြန့်ကြက်တည်ထောင်ထားပြီး သင်ကြားရေးဆရာများကို အများအပြား ခန့်ထားပေးသည်ဆိုသည့်တိုင် မွေးထုတ်ပေးလိုက်သော ဘွဲ့ရမောင်မယ်များက ရသည့်ဘွဲ့နှင့် လိုက်လျောညီထွေ တတ်မြောက်မှုမရှိပါက အဆိုပါ ပညာရေးစနစ်မှာ အောင်မြင်သည်ဟု ဆို၍မရနိုင်ပေ။ ဘွဲ့ရသည်ဆိုသော်လည်း ရသည့်ဘွဲ့နှင့် လိုက်လျော ညီစွာ တတ်မြောက်မှုမရှိပါက ထိုပညာရေးမျိုးမှာ Certificate Education သာ ဖြစ်ပေလိမ့်မည်ကို သတိပြုသင့်ကြသည်။

ကမ္ဘာ့အသက်မွေးဝမ်းကျောင်း ပညာရပ်များထဲတွင် အင်ဂျင်နီယာပညာရပ်များကလည်း အုပ်စုတစ်စုအဖြစ် ပါဝင်လျက်ရှိနေသည်။ ကမ္ဘာအရပ်ရပ်ရှိ အင်ဂျင်နီယာပညာရပ်များကို သင်ကြားပို့ချပေးနေကြသော တက္ကသိုလ်များ၏ သင်ကြားပုံနည်းစနစ်မှာ တစ်ကျောင်းတစ်ဂါထာ ဖြစ်နေကြသည့်တိုင်၊ ကောင်းစွာ သင်ယူပေါက်မြောက်ပြီးသော အင်ဂျင်နီယာဘွဲ့ရများ မွေးထုတ်ပေးရေးဆိုသည့် ဦးတည်ချက်များကတော့ အတူတူပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အစောဆုံးသော အင်ဂျင်နီယာပညာဆိုင်ရာ တက္ကသိုလ်များ ဖြစ်ခဲ့ကြသည့် B.I.T (Burma Institute of Technology) နှင့် R.I.T (Rangon Institute of Technology) တို့က အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက် စက်မှုတက္ကသိုလ် (Massachusetts Institute of Technology - M.I.T) ၏ သင်ရိုးမာတိကာနှင့် သင်ကြားပုံနည်းစနစ်များအတိုင်း သင်ကြားပို့ချပေးခဲ့ကြသော်လည်း၊ ကမ္ဘာတစ်ဝန်းရှိ အခြားသောနိုင်ငံများ၌မူ တချို့က ဗြိတိသျှ တက္ကသိုလ်များ၏ သင်ကြားပုံနည်းစနစ်၊ တချို့က ဂျာမနီ တက္ကသိုလ်များ၏ သင်ကြားပုံနည်းစနစ်၊ တချို့ကမူ ရုရှား တက္ကသိုလ်များ၏ သင်ကြားပုံနည်းစနစ် စသည်ဖြင့် မတူကွဲပြားသော သင်ကြားပုံနည်းစနစ်များကို ကိုင်စွဲခဲ့ကြသည်။

ထိုသို့သော နိုင်ငံများထဲ၌ပင် တချို့နိုင်ငံများက အင်ဂျင်နီယာပညာ သင်ကြားပုံနည်းစနစ်များကို ပြောင်းလဲကျင့်သုံးခဲ့ကြသလို တချို့ကမူ အစဉ်အဆက် ကျင့်သုံးခဲ့သော သင်ကြားပုံနည်းစနစ်များကို စွဲစွဲမြဲမြဲ ကိုင်စွဲထားလျက်ပင် ရှိနေဆဲဖြစ်သည်။ ထို့ကြောင့်ပင် မိမိတို့က သင်ကြားမွေးထုတ်လိုက်သည့် အင်ဂျင်နီယာများအချင်းချင်း အရည်အချင်းတူညီသည်ဟု သတ်မှတ်ကြသော နိုင်ငံများသည် တစ်နိုင်ငံ၏ အင်ဂျင်နီယာပညာရှင်များကို ကျန်နိုင်ငံများက အသိအမှတ်ပြုသော သဘောတူစာချုပ်များကို လက်မှတ် ရေးထိုးခဲ့ကြကာ ဒေသတွင်း၌ အင်ဂျင်နီယာများ ကူးသန်းသွားလာ လုပ်ကိုင်ဆောင်ရွက်နိုင်အောင် လမ်းဖွင့်ပေးခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်း၌ အင်ဂျင်နီယာ ပညာရပ်များအပါအဝင် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ပေါက်မြောက်အောင် သင်ကြားပို့ချပေးခဲ့မှုချင်း တူညီသည့်တိုင်၊ ဘွဲ့ရပြီးနောက်ပိုင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပုံချင်း မတူညီကြသည်ကို အင်ဂျင်နီယာလောကနှင့် ဆေးပညာလောကကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် အထင်အရှား တွေ့မြင်နိုင်သည်။ ဆေးပညာလောကကိုကြည့်လျှင် ဘွဲ့ရဆရာဝန်များသည် လုပ်ငန်းခွင်အသီးသီးတို့၌ မိမိတို့ တတ်မြောက်ထားကြသော ဆေးပညာများဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြရင်း အခြားတစ်ဖက်တွင်လည်း CME ဟု အတိုကောက် ခေါ်ဆိုနေကြသော စဉ်ဆက်မပြတ် ဆေးပညာသင်ကြားခြင်း (Continuing Medical Education ) ကို ခံယူလျက်ရှိနေကြသည်။ သို့ရာတွင် အင်ဂျင်နီယာလောက၌မူ CEE ဟုခေါ်ဆိုရမည့် စဉ်ဆက်မပြတ်အင်ဂျင်နီယာ ပညာသင်ကြားခြင်း (Continuing Engineering Education) နှင့်ပတ်သက်၍ ကွက်ကျားမိုးရွာသကဲ့သို့ အချို့သော ဝန်ကြီးဌာနများ၌သာ ကျင့်သုံးခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ဆောင်ရွက်ခဲ့ခြင်း မရှိပေ။

**မြန်မာနိုင်ငံအတွင်း၌ အင်ဂျင်နီယာပညာရပ်များအပါအဝင် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ပေါက်မြောက်အောင် သင်ကြားပို့ချပေးခဲ့မှုချင်း တူညီသည့်တိုင်၊ ဘွဲ့ရပြီးနောက်ပိုင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပုံချင်း မတူညီကြသည်ကို အင်ဂျင်နီယာလောကနှင့် ဆေးပညာလောကကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် အထင်အရှားတွေ့မြင်နိုင်သည်**

အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာ တက္ကသိုလ်များက ဘွဲ့ရမောင်မယ်များအဖြစ် သင်ကြားမွေးထုတ်ပေးခဲ့ကြရာတွင် ရောက်ဆဲခေတ်၏ ပညာရပ်ဆိုင်ရာ သီအိုရီများနှင့် တွက်ချက်မှုပုံစံတို့ကိုသာ သင်ကြားပေးလိုက်ကြခြင်းဖြစ် သည်။ ထိုပညာရပ်များကို လက်တွေ့လုပ်ငန်းခွင် နယ်ပယ်များ၌ ထိတွေ့အသုံးချကြည့်ရန် လိုအပ်နေသေးသည်ကို ဘွဲ့ရမောင်မယ်တို့က သတိပြုကြရန် လိုအပ်သည်။ လက်တွေ့မပါသော သီအိုရီသည် ပြီးပြည့်စုံမှုရှိမည် မဟုတ်သလို သီအိုရီမရှိပါကလည်း လက်တွေ့ လုပ်ငန်းကို အဆင့်မြှင့်တင်နိုင်မည် မဟုတ်ပေ။ သိရုံသာသိပြီး မကျင့်သောသူသည် ဘာတစ်ခုမျှ ဖြစ်လာလိမ့်မည်မဟုတ်သလို ကျင့်ရုံသာကျင့်ပြီး အသိမရှိပါကလည်း အချိန်ကုန် လူပန်းသာ ဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ အသိနှင့်အကျင့်ကို သဟဇာတဖြစ်အောင် ပေါင်းစပ်ပေးမှသာလျှင် လိုရာခရီးကို အချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်သည်။

ဘွဲ့ရပြီးသော အင်ဂျင်နီယာ မောင်မယ်တို့ကလည်း အသိနှင့်တူသော အင်ဂျင်နီယာပညာဆိုင်ရာ သီအိုရီများကို အကျင့်နှင့်တူသော လက်တွေ့လုပ်ငန်းများနှင့် သဟဇာတဖြစ်အောင် ပေါင်းစပ်နိုင်ကြမည်ဆိုလျှင် အနေးနှင့်အမြန်ဆိုသလို ဘွဲ့ရအင်ဂျင်နီယာဘဝမှ တိုင်းကျိုးပြည်ပြု အင်ဂျင်နီယာပညာရှင်ကြီးများ အဖြစ်သို့ ရောက်ရှိလာကြလိမ့်မည် ဖြစ်သည်။

ကမ္ဘာအရပ်ရပ်တွင် သိပ္ပံပညာဖွံ့ဖြိုးတိုးတက်နေမှုက အံ့မခန်းပင်ဖြစ်သည်။ သိပ္ပံပညာက စဉ်ဆက်မပြတ် တိုးတက်ပြောင်းလဲနေသလို သိပ္ပံပညာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော အင်ဂျင်နီယာပညာကလည်း လိုက်လျောညီစွာ တိုးတက်ပြောင်းလဲလျက်ရှိနေသည်။ ဘွဲ့ရအင်ဂျင်နီယာများ အနေဖြင့် နည်းပညာ တက္ကသိုလ်များက သင်ကြားပို့ချပေးလိုက်သော အင်ဂျင်နီယာ ပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်နယ်ပယ်၌ အသုံးချကာ ထိတွေ့လုပ်ကိုင်နေကြရင်း ခေတ်နှင့်အညီ ပြောင်းလဲလျက်ရှိသော တွက်ချက်မှုပုံစံများ၊ အယူအဆများ၊ ဆက်စပ်မှုများ၊ စံနှုန်းများကို စဉ်ဆက်မပြတ် သင်ယူလေ့ကျင့်နေကြရန် အထူးပင်လိုအပ်သည်။

ထိုကဲ့သို့သော စဉ်ဆက်မပြတ် အင်ဂျင်နီယာပညာ သင်ကြားခြင်း (CEE) အစီအစဉ်ကို ကမကထ ပြုကာ ဦးဆောင်ဦးရွက် လုပ်ကိုင်ရမည့် တစ်နည်းဆိုရသော် အင်ဂျင်နီယာလောက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူ တာဝန်ခံဆောင်ရွက်ရမည့် အဖွဲ့အစည်းမှာ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီပင် ဖြစ်သည်။

CPD ဟု အတိုကောက်အားဖြင့် ခေါ်ဆိုနေကြသော အသက်မွေးဝမ်းကျောင်းပညာရပ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး (Continuing Professional Development) သည် အင်ဂျင်နီယာများ အပါအဝင် အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြင့် ဘွဲ့ရရှိခဲ့ကြပြီး သက်ဆိုင်ရာ လုပ်ငန်းခွင်အသီးသီးတွင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေကြသူ အားလုံးတို့အတွက် မရှိမဖြစ်လိုအပ်သော အလေ့အကျင့်တစ်ရပ်ပင်ဖြစ်သည်။ CPD အားကောင်းသောနိုင်ငံများက ဖွံ့ဖြိုးမှုထိပ်တန်းအဆင့်သို့ တက်လှမ်းနိုင်ကြမည်ဖြစ်သည်။ CPD အားနည်းသော နိုင်ငံများသည် ဖွံ့ဖြိုးဆဲအဆင့်ထိသာ ရောက်ရှိနိုင်မည်ဖြစ်ပြီး CPD စနစ်ကို ကျင့်သုံးမှုမရှိသော နိုင်ငံများကမူ ဖွံ့ဖြိုးမှုမရှိသော အဆင့်၌သာ ကျန်ရစ်ခဲ့ကြလိမ့်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးကြီးသော အခန်းကဏ္ဍ ၌ရှိနေသည့် အင်ဂျင်နီယာလောကတစ်ရပ်လုံးကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေအောင် လုပ်ဆောင်ခွင့်ရှိသော၊

စာမျက်နှာ ၁၇ သို့

# ရှေးဟောင်းသမိုင်းဝင် သီပေါဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်



**သီပေါ မတ် ၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို မတ် ၇ ရက်က အဆိုပါဘုရားကြီးမုခ်ဦး၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေး၊ ဘုရားကြီးအဖွဲ့ဥက္ကဋ္ဌဦးစိုင်းသာညွန့်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး(လားရှိုး) ဦးမြင့်သန်းက ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနီယတပေါင်းပွဲတော် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ စေတီတော်ကြီး၏ မုခ်လေးမုခ်တွင် ကိန်းဝပ်စံပယ်တော်မူကြသည့် ရတနာမာန်အောင်၊ ရတနာညဏ်အောင်၊ ရတနာရန်အောင်၊ ရတနာချာန်အောင်မြတ်ဘုရား လေးဆူအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ဘော်ကြိုဘုရားကြီး၏ ၁၃၇၈ခုနှစ် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း ဓမ္မပူဇာကို ဩဝါဒါစရိယဆရာတော်ကြီးများ၊ ကျောင်းတိုက်များမှ သံဃာတော် အရှင်မြတ် ၉၇ ပါးတို့က နေ့စဉ်အလှည့်ကျ မတ် ၇ရက်မှ မတ် ၁၂ ရက်အထိ အသံမစဲရွတ်ဖတ် ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ကျေးလက်နေပြည်သူများ အချိန်တိုအတွင်း အကျိုးအမြတ်ရရှိစေရန် မှိုမျိုးစုံစိုက်ပျိုးနည်းသင်တန်းဖွင့်

**ဖဲ မတ် ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အချိန်တိုအတွင်း အကျိုးအမြတ်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ ဖဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ နတ်ရေကန် ကော်ဖီခြံနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ မှိုမျိုးစုံမွေးမြူစိုက်ပျိုးရေးသင်တန်းကို မတ် ၆ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။



အဆိုပါသင်တန်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဆန်းထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင်၊ နေပြည်တော်ရုံးချုပ် ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အေးချိုတို့က အမှာစကားပြောကြားကြသည်။ သင်တန်းတွင် ဖဲမြို့နယ်မှ ဒေသခံ သင်တန်းသား ၃၁ ဦး တက်ရောက်ခဲ့ပြီး ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ပြင်ဦးလွင်မှိုခြံမှ ဒေါ်ခင်ခင်ဌေးနှင့် ကိုးမိုင်မှိုခြံမှ ဦးတင်အောင်သန်းတို့က ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ဓာတ်ပုံ-သိန်း**

# လူစုလူဝေးအား ကိုင်တွယ်ထိန်းသိမ်းနည်းသင်တန်းဖွင့်

**နေပြည်တော် မတ် ၈**

လူစုလူဝေးအား စနစ်တကျကိုင်တွယ်ထိန်းသိမ်းနည်း ဆင့်ပွားသင်တန်းဖွင့်လှစ်ခြင်းကို မတ် ၆ ရက် နံနက်က နေပြည်တော် ရဲတပ်ဖွဲ့တွင်ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ရဲတပ်ဖွဲ့မှူးကိုယ်စား နေပြည်တော်ရဲတပ်ဖွဲ့ ဦးစီး(ပ) (ဦး/ရေး/ထောက်) ဒုတိယရဲမှူးကြီး ကျော်တေဇက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နေပြည်တော်ရဲတပ်ဖွဲ့အကူတပ်ဖွဲ့ခွဲမှူးဒုတိယရဲမှူးကြီး ဝင်းသိန်း၊ နေပြည်တော်ရဲတပ်ဖွဲ့မှ ရဲမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ ၁၄၀ တက်ရောက်ခဲ့ပြီး ယခုဖွင့်လှစ်သည့်သင်တန်းသည် မတ် ၆ ရက်မှ ၁၇ ရက်အထိ ရက်သတ္တပတ် နှစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**



# တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနများအား ကြည့်ရှုစစ်ဆေး

**မင်းလှ မတ် ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးဖြေဆိုမည့်စာစစ်ဌာနများကို တည်ငြိမ်အေးချမ်းစွာ အောင်မြင်ဖြေဆိုနိုင်ရန်အတွက် ကြည့်ရှုစစ်ဆေးခြင်းများကို မတ် ၇ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့်အဖွဲ့က ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် စာစစ်ဌာနများရှိ ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများ၊ ဆရာ ဆရာမများ၊ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် NGO အဖွဲ့အစည်းများအား တွေ့ဆုံပြီး ကျောင်းသား ကျောင်းသူများ စာမေးပွဲကိုတည်ငြိမ်အေးချမ်းစွာဖြေဆိုနိုင်ရေး၊ မလိုလားအပ်သော ပြဿနာများ မဖြစ်ပွားစေရေး၊ လိုအပ်သောအခက်အခဲများကို ကူညီပေးနိုင်ကြောင်း၊ လုံခြုံရေးများကိုလည်း အထူးဂရုစိုက်ရန် ပြောကြားခဲ့သည်။

မင်းလှမြို့နယ်တွင် အထက မင်းလှ(မြို့တွင်း)၊ အထက မင်းလှ(မြို့ပြင်)၊ အထက စစ်ကွင်းတို့ဖြင့် စာစစ်ဌာနသုံးခုရှိပြီး ဖြေဆိုမည့် ကျောင်းသား ကျောင်းသူဦးရေ ၁၄၁၆ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

*စာမျက်နှာ ၁၆ မှ*

လုပ်ဆောင်နိုင်စွမ်းရှိသော၊ လုပ်ဆောင်ရန် တာဝန်ရှိသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီသည် နိုင်ငံတကာရှိ အင်ဂျင်နီယာကောင်စီများနှင့် နှိုင်းယှဉ်လျှင် သက်တမ်းအားဖြင့် အလွန်ပင် နုနယ်နေသေးသော်လည်း စတင်ဖြစ်တည်ခဲ့သည့် ကာလမှစ၍ သုံးနှစ်တာမျှ ကာလအတွင်း အခက်အခဲအမျိုးမျိုးကြားထဲကပင် ထိရောက်သော စွမ်းဆောင်ချက်များကို လုပ်ဆောင်နိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

အဆိုပါ ကာလတိုအတွင်းမှာပင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် အလုပ်သင် အင်ဂျင်နီယာလက်မှတ် -A.E.C ရသူ ၆၆၄၆ ဦး၊ မှတ်ပုံတင် အင်ဂျင်နီယာလက်မှတ်- R.E ရသူ ၃၂၁၈ ဦး၊ မှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာလက်မှတ်- R.S.E ရသူ ၁၅၇၉ ဦး၊ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင် လက်မှတ်- P.E ရသူ ၆၁၆ ဦးနှင့် အာဆီယံပင်္ဂိုညာဉ်ခံ အင်ဂျင်နီယာပညာရှင်လက်မှတ်- A.C.P.E ရသူ ၂၇၇ ဦးတို့ကို မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီထံသို့ အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများက စိစစ်အသိအမှတ်ပြုပေးရန် လာရောက်လျှောက်ထားမှုများအနက် ကုမ္ပဏီနှင့် အဖွဲ့အစည်းပေါင်း ၃၂ ခုကို အဆင့်အတန်း သတ်မှတ်ပေးခဲ့ပြီးလည်း ဖြစ်သည်။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက မွေးထုတ်ပေးခဲ့သူများအနက် A.C.P.E လက်မှတ်ရရှိသူများသည် အာဆီယံ ၁၀ နိုင်ငံအတွင်း ကူးသန်းသွားလာကာ အင်ဂျင်နီယာပညာရှင်များအဖြစ် သက်ဆိုင်ရာ ဒေသစံနှုန်းများနှင့်အညီ အင်ဂျင်နီယာ ပညာရှင်တစ်ဦးနှင့် ထိုက်တန်သည့် လစာနှင့်စရိတ် သို့တည်းမဟုတ် လုပ်ငန်းတန်ဖိုးများကို အပြည့်အဝ ခံစားရရှိနိုင်ကြပြီ ဖြစ်သည်။

အလားတူပင် P.E လက်မှတ်ရရှိထားသူ အင်ဂျင်နီယာပညာရှင်များ၊ R.S.E လက်မှတ်ရရှိထားသူ မှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာများ၊ R.E လက်မှတ်ရရှိထားသူ မှတ်ပုံတင် အင်ဂျင်နီယာများကလည်း မြန်မာနိုင်ငံအတွင်းရှိ ဌာနဆိုင်ရာမဟုတ်သော ပြင်ပလုပ်ငန်းခွင်များ၌ အင်ဂျင်နီယာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြသည့်အခါ မိမိတို့၏ လက်မှတ်အဆင့်နှင့် လိုက်လျောညီထွေဖြစ်သည့် လုပ်ငန်းတာဝန်ခံနိုင်မှု၊ လစာနှင့်စရိတ်၊ လုပ်ငန်းတန်ဖိုး စသည်တို့ကို အပြည့်အဝ ခံစားရရှိနိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် အင်ဂျင်နီယာပညာ မြှင့်တင်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များအရ ဗြိတိသျှ အင်ဂျင်နီယာကောင်စီ (UK Engineering Council)၊ အာဆီယံ အင်ဂျင်နီယာပညာနှင့် နည်းပညာအကယ်ဒမီ (ASEAN Academy of Engineering & Technology-AAET)၊ စင်ကာပူ အင်ဂျင်နီယာပညာရှင်များ အဖွဲ့အစည်း (Professional Engineers Board, Singapore)၊ မလေးရှား အင်ဂျင်နီယာတက္ကသိုလ် (Institution of Engineer, Malaysia)၊ မလေးရှား အင်ဂျင်နီယာများအဖွဲ့အစည်း (Board of Engineers, Malaysia)၊ ပါကစ္စတန် အင်ဂျင်နီယာကောင်စီ (Pakistan Engineering Council)၊ ဖိလစ်ပိုင် နည်းပညာဆိုင်ရာကောင်စီ (Philippine Technological Council)၊ ဩစတြေးလျ အင်ဂျင်နီယာများအဖွဲ့(Engineers, Australia)၊ တရုတ်(တိုင်ပေ) အင်ဂျင်နီယာ ပညာရေးတက္ကသိုလ် (Institute of Engineering Education, Taiwan - IEET)၊ တရုတ် အင်ဂျင်နီယာတက္ကသိုလ် (China Institute of Engineers)၊ တရုတ် သိပ္ပံနှင့်နည်းပညာအသင်း (China Association for Science & Technology)၊ နိုင်ငံတကာ အင်ဂျင်နီယာလုပ်ငန်း မဟာမိတ်အဖွဲ့ (International Engineering Alliance) စသော နိုင်ငံတကာမှ အဖွဲ့အစည်း အသင်းအပင်းများနှင့်ဆက်သွယ်ကာ ပူးပေါင်းဆောင်ရွက်နေသည်ကိုတွေ့ရှိရသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ အင်ဂျင်နီယာလောကတစ်ရပ်လုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်ရမည့် ခရီးရှည်ကြီးအတွက် မဟာဗျူဟာမြောက် စင်တာ တစ်ခုကို လိုအပ်သည်။ ထိုစင်တာကို အကြောင်းပြု၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အင်ဂျင်နီယာများနှင့် ပြည်ပနိုင်ငံများ၌ သွားရောက်ကာ အလုပ်လုပ်ကိုင်လျက်ရှိနေကြသော မြန်မာနိုင်ငံသား အင်ဂျင်နီယာများ၊ နိုင်ငံတကာရှိ အင်ဂျင်နီယာတက္ကသိုလ်များမှ ဘွဲ့ရရှိခဲ့ကြသော မြန်မာနိုင်ငံသားများ၊ မြန်မာနိုင်ငံအတွင်းရှိ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၌ လာရောက်ကာ အလုပ်လုပ်ကိုင်ကြမည့် နိုင်ငံခြားသား အင်ဂျင်နီယာများ၊ ကုမ္ပဏီနှင့် အဖွဲ့အစည်းများ စသည်တို့က မှတ်ပုံတင်ခြင်း၊ စိစစ်မှုခံယူခြင်း၊ လေ့ကျင့်သင်ကြားမှု ခံယူခြင်း၊ အရည်အချင်းစစ်ဆေးမှု ခံယူခြင်း၊ အသိအမှတ်ပြုလက်မှတ်ထုတ်ယူခြင်း၊ ကုမ္ပဏီနှင့်အဖွဲ့အစည်း အဆင့်အတန်း အသိအမှတ်ပြုလွှာ ထုတ်ယူခြင်းစသည်တို့ကို ဆောင်ရွက်ကြရမည် ဖြစ်သည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၇ အဖြစ် ပေါ်ထွန်းလာသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေအရ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာနက စီစဉ်ပေးသော ယာယီရုံးချုပ်ကို အခြေပြုကာ သုံးနှစ်ကျော်မျှ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ခဲ့ရာမှ၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်က ကိုယ်ပိုင်စင်တာတစ်ခုကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ခရေပင်လမ်း အမှတ် ၅/က ၏ မြေရိယာ ၁ ဒသမ ၃၄ ဧကပေါ်တွင် ပင်မဆောင်ရှစ်ထပ်ခွဲနှင့် Function Hall တို့တွဲလျက် တည်ဆောက်ထားသည့် Myanmar Engineering Council Office Tower အသစ်ကို စတင်ဖွင့်လှစ်သည့် ဖွင့်ပွဲသို့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ ဖိတ်ကြားချက်အရ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံးချုပ် အဆောက်အအုံသစ်ကြီးသည် အင်ဂျင်နီယာကောင်စီ၏ ရေရှည်လုပ်ငန်းဆောင်တာများအတွက် မဟာဗျူဟာမြောက်သည့် စင်တာကြီးတစ်ခုဖြစ်သလို နိုင်ငံတော် အစိုးရ အဆက်ဆက်၏ အင်ဂျင်နီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးအားမြှောက်ပြုမှု၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကအဖွဲ့၏ အမြော်အမြင်ကြီးမှု၊ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ အဆက်ဆက်၏ အားထုတ်ကြိုးပမ်းမှု၊ အင်ဂျင်နီယာ လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်စီဝင်များ၏ အနစ်နာခံမှု၊ အင်ဂျင်နီယာပညာရပ်များနှင့် အင်ဂျင်နီယာလုပ်ငန်းများ စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားနိုင်ရေးကို ဖြစ်မြောက်စေလိုသော အလှူရှင်ပုဂ္ဂိုလ်တို့၏ စေတနာထားမှု ပြယုဂ်များလည်း ဖြစ်သည်။




# လျှပ်စစ်မီး သွယ်တန်းနိုင်ရေးအတွက် အလှူငွေပေးအပ်

**ဖျာပုံ မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကံ့ကော်တစ်ထောင်ပေ ချောင်းကြီးကျေးရွာ လျှပ်စစ်မီးလင်းရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများမှ မတ် ၆ ရက်က အလှူငွေကျပ် ၁၄ သိန်း ငါးသောင်း ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလင်းရေးအစီအစဉ်ကို ကံ့ကော်တစ်ထောင်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇဘဒ္ဒန္တ ကေလာသ ဦးဆောင်၍ ဒါယကာ၊ ဒါယိကာမများ၏ ပူးပေါင်းထည့်ဝင်လှူဒါန်းငွေများဖြင့် မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ယူကာ စနစ်တကျ တပ်ဆင်ပေးလျက်ရှိပြီး ဘိုကလေးမြို့နယ်မှ ကံ့ကော် တစ်ထောင်အရောက် ဓာတ်တိုင်အလုံးပေါင်း ၁၉၀ စိုက်ထူလျက် မီးလင်းရေးဆောင်ရွက်နေကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**



မကွေးတိုင်းဒေသကြီးတောင်တွင်းကြီးမြို့နယ် သဖန်းကုန်းကျေးရွာ၌ မတ် ၆ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ကိုကို၊ ကျန်းမာရေးဆရာမ ဒေါ်မြတ်အိမွန်နှင့် အဖွဲ့က နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများထိုးခြင်း၊ တိုက်ကျွေးခြင်းများကို ကွင်းဆင်းဆောင်ရွက်စဉ် (ဝ၈၅)

# သူဌေးကုန်းတိုက်နယ်ဆေးရုံကို ဒေသခံများ ပိုမိုအားထားလာ

**ရေစကြို မတ် ၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အလယ်သောင် ကျေးရွာအုပ်စု သူဌေးကုန်း တိုက်နယ်ဆေးရုံကို ၂၀၁၅ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ဒေသခံ ကျေးလက်ပြည်သူများတစ်နေ့တခြား ပိုမိုအားကိုးအားထားပြုလာကြောင်း သိရသည်။

"ကျွန်တော်တို့ သူဌေးကုန်း တိုက်နယ်ဆေးရုံကို ၂၀၁၅ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ယခုအထိ ရေစကြိုမြို့နယ်အတွင်း နောက်ဆုံးဖွင့်လှစ်တဲ့ ငါးခုမြောက်တိုက်နယ် ဆေးရုံဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိ သုံးလအတွင်း လူနာ ၄၉၀၊ ဆေးရုံတက်လူနာ ၉၂ ဦး၊ မီးဖွားခွဲစိတ် လူနာ ၂၄ ဦး၊ ထုံဆေးခွဲစိတ်လူနာ ၂၈ ဦး၊ ရိုးရိုးမွေးလူနာ ၃၅ ဦး၊ သားအိမ်ခြစ်လူနာ တစ်ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပါတယ်။ ဒါ့အပြင် ဒေသခံပြည်သူတွေရဲ့ ကျန်းမာရေး ကွင်းဆင်းကုသရာမှာလည်း ဇန်နဝါရီလမှာ ကိုရင်ကျေးရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူ ၁၇၈ ဦးကို ကျန်းမာရေးစစ်ဆေးကုသပေးခဲ့ပါတယ်။ ဖေဖော်ဝါရီလမှာ ဆင်တဲကျေးရွာသို့သွားရောက်ပြီး ဒေသခံပြည်သူ ၁၉၀ တို့ကို ကွင်းဆင်းကုသပေးမှုကြောင့် ဒေသခံကျေးလက် ပြည်သူတွေက ကျွန်တော်တို့ တိုက်နယ်ဆေးရုံကို ပိုမိုအားထားလာပါတယ်"ဟု သူဌေးကုန်းကျေးရွာဆေးရုံကော်မတီဝင် အောင်တေဇလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးသိန်းဆွေက ပြောပြသည်။**ဖေထွဏ်းဇော်(ရေစကြို)**

# လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံထပ်ဆင့်ရှင်း

**ဘားအံ မတ် ၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၏ (၁၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းသည့်အခမ်းအနားကို ကရင်ပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ မတ်လပထမပတ်က ကျင်းပခဲ့သည်။

အဆိုပါရှင်းလင်းပွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံများကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်းနှင့်ပြည်နယ်တရားရေးဦးစီးမှူးဦးကျော်စွာငြိမ်းတို့က ထပ်ဆင့်ရှင်းလင်းမှာကြားပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ခရိုင်နှင့် မြို့နယ်တရားသူကြီးများ၊ ပြည်နယ်အတွင်းရှိ တရားရေးအရာရှိများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# တနင်္သာရီမြို့အဝင် ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်

**တနင်္သာရီ မတ် ၈**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့အဝင်မှ အာယုလမ်းဆုံနေရာအထိ ကွန်ကရစ်လမ်းတစ်လျှောက် အုတ်စီရေမြောင်းများ ပြုလုပ်ဆောင်ရွက်ခြင်းနှင့်



လမ်းနံဘေးနှစ်ဖက်နေရာတွင် လမ်းပခုံးတိုးချဲ့ခြင်းလုပ်ငန်းများကို မတ်လအကုန်ဘတ်ဂျက်အမီ ပြီးစီးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းသည် အရှည်ပေ ၁၃၂၀၊ မူလကလမ်းသည် အကျယ် ၁၈ ပေသာရှိသဖြင့် ကော့သောင်း-ဘုတ်ပြင်းမြို့များမှ လည်းကောင်း၊ မော့တောင်ဒေသနယ်စပ်ဘက်မှ နိုင်ငံခြားသားများနှင့်ခရီးသွားများ၊ ထားဝယ်-မြိတ်မြို့တို့မှ ခရီးသွား မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ အဝင်/အထွက်များပြားလာသည်နှင့်အညီ သန့်ရှင်းသာယာလှပရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ရေစီးရေလာကောင်းမွန်ရေးတို့အတွက် လမ်းတစ်လျှောက်၌ အကျယ်လေးပေ၊ အမြင့် ၂ ဒသမ ၅ပေ အရွယ်ရှိ အုတ်စီရေမြောင်းလုပ်ငန်းနှင့် လမ်းနံဘေးတစ်ဖက်တစ်ချက်စီတွင် အကျယ်သုံးပေ၊ ထုကိုးလက်မစီ လမ်းပခုံးတိုးချဲ့ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- နန်းသာရီ-ထိန်ဝင်း**

# မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

# အဆင့်မြင့်ပညာရေးဆိုင်ရာသင်ကြားမှု၊ သင်ယူမှု ဖွံ့ဖြိုးတိုးတက်စေရေးသင်တန်းဖွင့်

**နေပြည်တော် မတ် ၈**

အနာဂတ်လူငယ် ခေါင်းဆောင်များ ဖြစ်လာကြမည့် ကျောင်းသားကျောင်းသူများကိုပညာဖြန့်ဖြူး သင်ကြားပို့ချနေသည့်ဆရာ ဆရာမများ၏ လုပ်ငန်းများ အမြဲမပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၌ အဆင့်မြင့်ပညာရေးဆိုင်ရာ သင်ကြားမှု၊ သင်ယူမှုဖွံ့ဖြိုးတိုးတက်စေရေး သင်တန်းကို မတ် ၄ ရက်က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ဂျပန်နိုင်ငံ Kagawa ခရိုင်၏ စီးပွားရေးလုပ်ငန်းများ-တက္ကသိုလ် - အစိုးရကဏ္ဍသုံးရပ်ပူးပေါင်းဆောင်ရွက်ရေး (Industry-University -Government Cooperation) အဖွဲ့တွင် အကြံပေးပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ အမျိုးသားအဆင့် တက္ကသိုလ်များ ကော်ပိုရေးရှင်း၏ အကဲဖြတ်ပုဂ္ဂိုလ်အဖြစ် လည်းကောင်း တာဝန်များ ထမ်းဆောင်နေသည့် ပါမောက္ခ Shigeru Hayakawa က ပို့ချသင်ကြားပေးမည် ဖြစ်ကြောင်း



သိရသည်။

"အနာဂတ် လူငယ်ခေါင်းဆောင်တွေ ဖြစ်လာကြမယ့် ကျောင်းသားကျောင်းသူတွေကို ပညာဖြန့်ဖြူး သင်ကြားပို့ချနေတဲ့ ဆရာ ဆရာမတွေရဲ့ အခန်းကဏ္ဍဟာ နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေး ကြီးပါတယ်။ သင်ကြား၊ ပြသပေးသူ ဆရာဆရာမတွေရဲ့သင်ကြား ပြသပေးမှု စွမ်းဆောင်ရည်မြင့်မားမှသာ သင်ယူသူကျောင်းသား ကျောင်းသူတွေ နားလည်နိုင်မှာဖြစ်တဲ့အတွက်၊ ဆရာ ဆရာမတွေ အနေနဲ့သင်ကြား သင်ယူမှု လုပ်ငန်းစဉ်တွေ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားနေကြရမှာ ဖြစ်ပါတယ်။ Learning is a life-long process ဟုဆိုထားသကဲ့သို့ ဆရာ ဆရာမတွေအတွက်လည်း လေ့လာစရာတွေ ကုန်ခန်းနိုင်မှာ မဟုတ်ပါဘူး။ အချိန်နဲ့ အမျှပြောင်းလဲတိုးတက်နေတဲ့ နည်းပညာတွေ မျက်ခြည်မပြတ်စေရန်နဲ့ အသစ်အသစ်သောတွေ့ရှိချက်တွေကို ကျောင်းသားကျောင်းသူတွေထံ ပြန်လည်မျှဝေနိုင်ဖို့ သုတေသနလုပ်ငန်းတွေလည်း ဆောင်ရွက်နေရမှာ ဖြစ်ပါတယ်။ သုတေသနနဲ့ပညာရေး (Research and Education)ဆိုတဲ့ ဘီးနှစ်ဘီး ပြိုင်တူလည်အောင် ကြိုးစားနေမှသာ ပညာရေးရည်မှန်းချက်တွေ ပြည့်မြောက်အောင်မြင်မှာဖြစ်ပါတယ်။ အဲဒီလို အချက်တွေနဲ့ ပြည့်စုံရအောင်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အဆင့်မြင့်ပညာရေးဆိုင်ရာသင်ကြားမှု၊ သင်ယူမှုဖွံ့ဖြိုးတိုးတက်စေရေးသင်တန်းကို ဖွင့်လှစ်ပို့ချရခြင်းဖြစ်ပါတယ်"ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် တွဲဖက်ဌာနမှူးစီမံ ဒေါက်တာနေမျိုးအောင်က ပြောသည်။

သင်တန်းဖြစ်မြောက်ရေးအတွက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ဂျပန်အပြည်ပြည် ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏အကူအညီဖြင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် အရအကောင်အထည်ဖော်နေခြင်းဖြစ်သည်။ အဆိုပါ သင်တန်းဖွင့်ပွဲကို ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၊ အစည်းအဝေးခန်းမ (၁) ၌ ဖွင့်လှစ်ခဲ့ရာ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ သင်တန်းတက်ရောက်မည့် ကထိကဆရာ ဆရာမများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒေါက်တာမျိုးကြွယ်က အမှာစကားပြောကြားပြီး ပါမောက္ခ Shigeru Hayakawa က သင်တန်းနှင့်သက်ဆိုင်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာသူများက သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ သင်တန်းကို မတ် ၄ ရက်မှ မတ် ၁၀ ရက်အထိ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - မေမိုးသဲ**

# အာဆင်နယ်နဲ့ မန်စီးတီးတို့ အောင်ပွဲခံတေးကျူးရင့်နိုင်မယ့် အက်ဖ်အေဖလား ကွာတားဖိုင်နယ်




ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ မတ် ၁၁ ရက်နဲ့ ၁၂ ရက်တွေမှာတော့ အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွေ ကစားဖို့ရှိနေပါတယ်။ ကွာတားဖိုင်နယ်ကို တက်ရောက်လာတဲ့ အာဆင်နယ်နဲ့ မန်စီးတီးတို့အတွက်ကတော့ အခုပွဲမှာ ဂိုးပြတ်သွင်းပြီး အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ရေး ကြိုးစားပါလိမ့်မယ်။ ဒီနှစ်ဘောလုံးရာသီမှာ အက်ဖ်အေဖလားကို မျှော်မှန်းနေကြတဲ့အသင်းတွေဖြစ်တာမို့ အမာခံ ကစားသမား အစုံအလင်နဲ့ ပွဲထွက်လာမှာ သေချာနေပါတယ်။

**အာဆင်နယ်နှင့် လင်ကွန်း**

ပရီမီယာလိဂ်မှာ ဖလားမျှော်မှန်းချက် မှေးမှိန်နေတဲ့ အာဆင်နယ်တို့ကတော့ ဒီနှစ်ဘောလုံးရာသီမှာ ဖလားလက်မဲ့ မှတ်တမ်းဆိုးကို ချေဖျက်ဖို့အတွက် အက်ဖ်အေဖလားကို မျှော်မှန်းနေတာတော့ အမှန်ပါပဲ။ ပြီးခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ လီဗာပူးကို ရှုံးပွဲတွေ့ကြုံခဲ့ရလို့ အခုအက်ဖ်အေဖလား ကွာတားဖိုင်နယ်မှာတော့ အာဆင်နယ်တို့ ပေါက်ကွဲပြဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ အာဆင်နယ်တို့က ချန်ပီယံလိဂ် ၁၆ သင်း အဆင့်မှာ ဒုတိယအကျော့အဖြစ် ဘိုင်ယန်မြူးနစ်နဲ့ကစားဖို့ ရှိနေတာမို့ဒီပွဲကို အရန်ကစားသမားတွေနဲ့ ရင်ဆိုင်ပါလိမ့်မယ်။ ဒါကြောင့် အာဆင်နယ်ရဲ့ကစားအားနဲ့ တိုက်စစ်ဟာ ပါဝါအပြည့်ဖြစ်လာမှာတော့ မဟုတ်ပါဘူး။ အာဆင်နယ်ရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တိုက်စစ်မှူးတွေရဲ့ သွင်းဂိုးက ခုနစ်ဂိုးသာရှိပြီး ပေးဂိုးက ၁၁ ဂိုးအထိ ခွင့်ပြုခဲ့ထားရတာကြောင့် ဒီပွဲမှာ အာဆင်နယ်တို့ပေါ့ပေါ့ဆဆကစားလို့တော့ မရနိုင်ပါဘူး။ အပျော်တမ်းကလပ်အဆင့်သာရှိပေမယ့် အက်ဖ်အေဖလား ကွာတားဖိုင်နယ်ကို တက်ရောက်လာတဲ့ လင်ကွန်းတို့က အပြင်းထန်ဆုံး စိတ်ဓာတ်နဲ့ ကစားမှာဖြစ်ပါတယ်။ လင်ကွန်းအသင်းဟာ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် တစ်ပွဲမှ မရှုံးခဲ့ပါဘူး။ လင်ကွန်းအသင်းရဲ့ အားသာချက်က ခံစစ်ပိုင်း သိပ်သည်းကျစ်လျစ်ခြင်းပါပဲ။ အကောင်းဆုံး ခံစစ်ကို ပိုင်ဆိုင်ထားတဲ့ လင်ကွန်းနောက်တန်းကို အာဆင်နယ်တိုက်စစ်မှူးတွေ ဘယ်လိုကျော်လွှားမလဲကြည့်ရမှာပါ။ ဒီပွဲမှာ အာဆင်နယ်တို့ နိုင်ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

**မစ်ဒယ်ဘရော့နှင့် မန်စီးတီး**

ပွဲရလဒ်တွေ ပြန်ကောင်းလာတဲ့ မန်စီးတီးတို့ကတော့ အခုပွဲမှာ မစ်ဒယ်ဘရော့ကို အဝေးကွင်းဆိုပေမယ့် ဖိအားပေးကစားပါလိမ့်မယ်။ မစ်ဒယ်ဘရော့ဟာ ရှုံးပွဲတွေဆက်တိုက်ဖြစ်ပေါ်နေပြီး ရလဒ်တွေလည်းကမောက်ကမဖြစ်နေပါတယ်။ စတုတ်၊ ပဲလေ့စ်၊ စပါးအသင်းတွေကို ဆက်တိုက်ရှုံးပွဲကြုံထားတဲ့ မစ်ဒယ်ဘရော့ဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ အော့ဖို့ဒ်အသင်းကိုပဲ နိုင်ပွဲရထားခဲ့ပါတယ်။ မန်စီးတီးတို့ကတော့ နိုင်ပွဲတွေဆက်တိုက်ဖော်ဆောင်နေပြီး နောက်ဆုံးငါးပွဲမှာ တိုက်စစ်မှူးတွေက ၁၄ ဂိုးအထိ သွင်းယူနိုင်ခဲ့ပါတယ်။ ဒီနှစ်အက်ဖ်အေဖလားကို ရအောင်ယူမယ့် မန်စီးတီးအသင်းကတော့ မစ်ဒယ်ဘရော့ကို အမာခံကစားသမားတွေနဲ့ ရင်ဆိုင်မှာ သေချာပါတယ်။ မန်စီးတီးဟာ ဒီနှစ်ရာသီကုန်မှာ ဖလားတွေများများယူပြီး မှတ်တမ်းဝင်အောင် ကြိုးစားမှာမို့ အခုပွဲကိုလည်း မဖြစ်မနေနိုင်ပွဲ ရှာဖွေပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲဟာ မန်စီးတီးအတွက်လည်း ပွဲမချောင်ပါဘူး။ တန်ပြန်တိုက်စစ်အားကောင်းတဲ့ မစ်ဒယ်ဘရော့တို့ အိမ်ကွင်းဆိုပေမယ့် အမြင့်ဆုံးမျှော်လင့်နိုင်တာက တစ်မှတ်ပါပဲ။

**စပါးနှင့် မီဝေါလ်**


အသင်းလိုက် ကြိုးစားအားထုတ်မှုကောင်းတဲ့ စပါးတို့က ပရီမီယာလိဂ်မှာ တန်းစီဇယား ဒုတိယနေရာကို ရောက်ရှိနေပါတယ်။ အဲဗာတန်နဲ့ စတုတ်အသင်းတွေကို ဂိုးများများသွင်းပြီး နိုင်ပွဲရယူခဲ့တဲ့ စပါးက မီဝေါလ်ကို ခြေကုန်ထုတ်မှရပါလိမ့်မယ်။ မီဝေါလ်ရဲ့ ခြေစွမ်းကလည်း နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲမှ မရှုံးခဲ့ပါဘူး။ မီဝေါလ်ရဲ့တိုက်စစ်က ထက်မြက်မှုအားနည်းနေပြီး ပွဲတိုင်း ဂိုးမသွင်းနိုင်ပါဘူး။ မီဝေါလ်ရဲ့ အားသာချက်က ခံစစ်ပိုင်းကောင်းမွန်တာဖြစ်ပြီး နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ငါးပွဲမှာ တစ်ဂိုးသာ ပေးထားခဲ့ရပါတယ်။ တိုက်စစ်မှူးကောင်းတွေရှိတဲ့ စပါးတို့က ဒီပွဲမှာ မီဝေါလ်ခံစစ်ကြောင်းကို ရအောင်ထိုးဖောက်ပြီး ဂိုးသွင်းကာ အောင်ပွဲခံပါလိမ့်မယ်။ ။

◆ **မိုးမြင့်လင်းလက်** ◆

## သုံးပွဲပိတ်ပင်ခံရဖွယ် ရှိနေတဲ့ အီဘရာဟီမိုဗစ်ချ်

မန်ယူတိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ဟာ ဘုန်းမောက်နောက်တန်းကစားသမား တိုင်ရီမင်းအား တံတောင်နဲ့ ထုထောင်းခဲ့တဲ့အတွက် အက်ဖ်အေရဲ့စစ်ဆေးချက်အရ သုံးပွဲပိတ်ပင်ခံရဖွယ်ရှိပါတယ်။ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ဟာ ဘုန်းမောက်နဲ့ မန်ယူတို့ အိုးထရက်ဖို့ဒ်မှာ တစ်ဖက်တစ်ဂိုးစီသရေကျတဲ့ပွဲမှာ တံတောင်နဲ့တွက်ခဲ့တယ်လို့ဆိုပါတယ်။ မန်ယူတိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ဟာ ဒီရလဒ်ကြောင့် ချယ်လ်ဆီးနဲ့ ကစားမယ့် အက်ဖ်အေကွာတားပွဲအပြင် မစ်ဒယ်ဘရော့၊ ဝက်စ်ဘရွန်းတို့နဲ့ ကစားမယ့် ပရီမီယာလိဂ်ပွဲတွေမှာ ပွဲပယ်ခံရဖွယ်ရှိနေပါတယ်။ ဘုန်းမောက်ကစားသမားနဲ့ အီဘရာဟီမိုဗစ်ချ်တို့ဟာ ပြိုင်ပွဲမှာ နှစ်ဖက်စလုံး အထိနာခဲ့ရပါတယ်။ သို့ပေမယ့် အီဘရာဟီမိုဗစ်ချ်က တံတောင်နဲ့ ဝင်တွက်တဲ့အတွက် အက်ဖ်အေရဲ့အရေးယူမှုကို ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။

## ချယ်လ်ဆီးရဲ့ ခံစစ်ပိုင်း အကောင်းဆုံး ကစားနိုင်



ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားနိုင်ခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းရဲ့ ခံစစ်ပိုင်း ကစားသမားများ အကောင်းဆုံး ကစားနိုင်ခဲ့တယ်လို့ နည်းပြကွန်တီက ပြောဆိုလိုက်ပါတယ်။ စပါးနဲ့ မန်စီးတီးတို့ တနင်္ဂနွေနေ့က အသီးသီး နိုင်ပွဲများ ရရှိခဲ့ခြင်းအပေါ် ကွန်တီက တုံ့ပြန်ပြောဆိုလိုက်ခြင်းဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ကစားသမားတွေဟာ နောက်တန်းပိုင်း အတော်လေး တိုးတက်လာတာတွေ့ရပါတယ်။ ဒီ့အတွက် ဝက်စ်ဟမ်းအသင်းကို နှစ်သိမ့်ဂိုးပဲ ပေးခဲ့ရတာ ဖြစ်ပါတယ်လို့ ကွန်တီက ဆိုပါတယ်။ ချယ်လ်ဆီးအသင်းဟာ ဒီပွဲအနိုင်ရပြီးနောက် ပရီမီယာလိဂ် ဇယားထိပ်တွင် ရမှတ် ၁၀ မှတ်အသာနဲ့ ဦးဆောင်လျက်ရှိပါတယ်။ ချယ်လ်ဆီးအသင်းရဲ့ နောက်တန်းကစားသမားတွေဟာ ယခုပွဲမပါ ယခင်လိဂ်ပွဲခြောက်ပွဲမှာ ပြန်သွင်းဂိုး အနည်းဆုံးနဲ့ နိုင်ပွဲတွေကို ရရှိခဲ့တာလို့ ဆိုပါတယ်။ ပွဲစဉ် ၂၇ အပြီး ချယ်လ်ဆီးက ၁၀ မှတ်အသာနဲ့ ဦးဆောင်လျက်ရှိပါတယ်။

## ဆန်ချက်ဇ်မပါဘဲ အာဆင်နယ် နံပါတ် ၄ နေရာ မရနိုင်



အာဆင်နယ်အသင်းဟာ အဓိက တိုက်စစ်မှူး ဆန်ချက်ဇ်မပါဘဲ ပရီမီယာလိဂ်ရဲ့ဇယားထိပ် နံပါတ် ၄ နေရာဝင်နိုင်လိမ့်မည် မဟုတ်ကြောင်း ချယ်လ်ဆီး ကွင်းလယ်ကစားသမားဟောင်း လမ်းပတ်က အခိုင်အမာပြောဆိုလိုက်ပါတယ်။ ဆန်ချက်ဇ်ဟာ လီဗာပူးအိမ်ကွင်း အန်ဖီးလ်မှာ သွားရောက်ကစားတဲ့ပွဲမှာ အရန်လူအဖြစ် ခုံပေါ်မှာထိုင်ခဲ့ရပါတယ်။ နည်းပြဝင်းဂါးက ဒုတိယပိုင်းမှာ ဆန်ချက်ဇ်ကို ထည့်ကစားတဲ့အတွက် ဝဲလ်ဘတ် ဂိုးသွင်းနိုင်ခဲ့ပါတယ်။ ဆန်ချက်ဇ်ဟာ အာဆင်နယ်ကလည်း ထွက်ခွာဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ နည်းပြဝင်းဂါးအနေနဲ့ လက်ရှိအခြေအနေကို ထိန်းချုပ်ဖို့ အတော်လေးရုန်းကန်ကြိုးစားနေရတဲ့ အနေအထားလို့ လမ်းပတ်က ဆိုပါတယ်။ ဇယားနံပါတ် ၅ မှာရှိနေတဲ့ အာဆင်နယ်အသင်းဟာ ဆန်ချက်ဇ်မပါဘဲ ချန်ပီယံလိဂ်ဝင်ခွင့်နေရာရမှာ မဟုတ်ဘူးလို့ လမ်းပတ်က ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ကြိုတင်ဆောင်ရွက်မည်

**မြစ်သား မတ် ၈**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်း ယခင်နှစ် နွေရာသီက သောက်သုံးရေ ပြတ်လပ်မှု ကြုံတွေ့ခဲ့ရသော ကျေးရွာအုပ်စုများ၌ ယခုနှစ် နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ် ရေကော်မတီများ၊ NGO အဖွဲ့များ၊ ရေပြတ်လပ်မှုဖြစ်ခဲ့သော ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့ပေါ်ရှိ သောက်ရေသန့်စက်ရုံပိုင်ရှင်များ ပူးပေါင်း၍ ကြိုတင်စီမံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၆ ရက်က ပြုလုပ်ခဲ့သည့် နွေရာသီ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးချက်များအရ သိရသည်။

အစည်းအဝေးတွင် မြစ်သားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က နွေရာသီကာလ သောက်သုံးရေပြတ်လပ်သည့် ကိစ္စရပ်များ မဖြစ်စေရေးအတွက် ဆောင်ရွက်ရန်များကို ရှင်းလင်းဆွေးနွေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးကိုကိုအောင်က ယခင်နှစ် နွေရာသီက သောက်သုံးရေပြတ်လပ်မှုများ ကြုံတွေ့ခဲ့ရသော ကျေးရွာအုပ်စုများတွင် ယခုနှစ် နွေရာသီကာလအတွင်း သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားမှုများကို ဆွေးနွေးခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် ရေကော်မတီ၊ NGO အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီဝင်များနှင့် မြို့ပေါ်ရှိ သောက်ရေသန့်စက်ရုံပိုင်ရှင်များက နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ရေတွင်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ ရေကန်များတွင် ရေကြိုတင်သိုလှောင်ခြင်း၊ ရေသယ်ယာဉ်များ စီမံခြင်းနှင့် အခြားလိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်သွားကြရန် ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**

# ပဲစင်းငုံဈေးကွက်မကောင်း၍ ပဲစိုက်တောင်သူများ အမြတ်နည်း



**မြင်းမူ မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်း စိုက်ပျိုးခဲ့သော ပဲစင်းငုံစိုက်ခင်းများတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းခဲ့သော်လည်း ပဲဈေးကွက်မကောင်းဘဲ ယခင်နှစ်ကထက် ဈေးနှုန်းများစွာလျော့ကျနေ၍ ပဲစိုက်တောင်သူများအနေဖြင့် မျှော်မှန်းသလောက် ဝင်ငွေမရရှိကြဘဲ အမြတ်နည်းလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်က သီးနှံအထွက်တွေ ကောင်းကြပါတယ်။ ပဲစင်းငုံဆိုရင် အရင်ကထက်ပိုထွက်တယ်။ ဒါပေမယ့် ဈေးက အေးနေတယ်။ မနှစ်က ဒီအချိန်ဆိုရင် တစ်တင်းကို ၅၀၀၀၀ ဈေးလောက် ရတယ်။ မဆိုးဘူးပေါ့။ အခု ကျွန်တော်ရောင်းခဲ့တဲ့ ဈေးက ၂၂၀၀၀ ပဲ ရတယ်။ လုပ်အားခဈေးကလည်း တက်လာတယ်။ ရင်းနှီးစိုက်ထုတ်ရတဲ့ငွေက များတယ်။ သေချာတွက်ကြည့်ရင် တစ်ဧကမှာ အမြတ်တစ်သိန်းရဖို့ မလွယ်ဘူး။ ကျွန်တော်အခုနောက်ပိုင်း ဒီပဲစင်းငုံကို သီးညှပ်အနေနဲ့ပဲ စိုက်တော့မယ်။ သီးနှံနှစ်မျိုးဆိုတော့ ဘာပဲဖြစ်ဖြစ် မျှော်လင့်နိုင်သေးတာပေါ့"ဟု ပဲစင်းငုံစိုက်ပျိုးခဲ့သည့် တောင်သူတစ်ဦးက ပြောသည်။

မြင်းမူမြို့နယ်အတွင်း ကျေးရွာများတွင် ပဲစင်းငုံတစ်ဧက စိုက်ပျိုးမှုအတွက် မျိုးစေ့၊ ထွန်၊ ထယ်အပါအဝင် စုစုပေါင်း ကုန်ကျစရိတ်မှာ ကျပ် ၉၀၀၀၀ နီးပါး ကျသင့်လျက်ရှိသည်။ ယခုလက်ရှိ ပဲဈေးကွက် ပေါက်ဈေးနှင့် တွက်ကြည့်ပါက တောင်သူများရသော အမြတ်ငွေမှာ အလွန်ပင်နည်းလျက်ရှိသဖြင့် ဈေးကောင်းရရန် တောင်သူများ အနေဖြင့် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**အောင်စိုးဇေ(မြင်းမူ)**

# ရေရှားပါးသည့် ရပ်ကွက်/ကျေးရွာများသို့ ရေပေးဝေသွားရန် ကြိုတင်စီစဉ်ထား

**သာစည် မတ် ၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် နွေရာသီကာလအတွင်း သောက်သုံးရေအခက်အခဲ မရှိစေရေးနှင့် ရေပြတ်လပ်မှု မရှိစေရေးတို့အတွက် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အခြား ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကြိုတင်စီစဉ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့ ယမန်နှစ်ကလို ရေရှားပါးတဲ့ ကျေးရွာ ရပ်ကွက်တွေကို စာရင်းကောက်ယူပြီး ဌာနဆိုင်ရာတွေ၊ လူမှုရေးအသင်းအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ရေလှူဒါန်းသွားဖို့ စီစဉ်ထားပါတယ်"ဟု သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထွန်းညွန့်ဦးက ပြောသည်။ ရေရှားမှုရှိတတ်သည့် ကျေးရွာများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လာရောက်ဆက်သွယ်အကြောင်းကြားရန် လိုအပ်ပြီး ဆက်သွယ်ရလွယ်ကူစေရန်လည်း ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ယခုနှစ်နွေရာသီတွင် မြို့နယ်အတွင်း ရေရှားပါးမှုအခက်အခဲ မကြုံတွေ့နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုအဖြစ် မြို့ပေါ်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သာစည်မြို့နယ် ဇေယျာသုခရေလှူအသင်းကြီးတို့မှ တာဝန်ရှိသူများနှင့် မတ် ၇ ရက်က မြို့နယ်ခန်းမ၌ တွေ့ဆုံကာ ရေရှားပါးသည့် ရပ်ကွက်/ကျေးရွာများသို့ ရေကားများစေလွှတ်၍ အချိန်နှင့် တစ်ပြေးညီ ရေပေးဝေလှူဒါန်းနိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **မောင်ကို(သာစည်)**

# ရေကြီး၍ သီးနှံပျက်စီးသော တောင်သူများအား ထောက်ပံ့ငွေပေးအပ်

**ပျော်ဘွယ် မတ် ၈**

ပြီးခဲ့သည့် ၂၀၁၆ မိုးရာသီကာလအတွင်းက ပျော်ဘွယ်မြို့နယ် ကျောက်ဆည်ကန် ရေကြီးနစ်မြုပ်မှုကြောင့် စိုက်ပျိုးထားသောသီးနှံများ ပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ပျော်ဘွယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မတ် ၆ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ပျော်ဘွယ်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကိုကိုက အမှာစကားပြောကြားပြီး ပျော်ဘွယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းညွန့်က သီးနှံထောက်ပံ့ကြေး ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျောက်ဆည်ကျေးရွာအုပ်စုနှင့် ဇဂျမ်းတောင်ကျေးရွာအုပ်စုတို့မှ တောင်သူ ၁၈၀ ၏ လယ်ယာမြေ ၃၇၃ ဧကအတွက် ထောက်ပံ့ကြေး ကျပ် ၂၅၃၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များသည် ချောင်းမကြီး တောင်သူပညာပေး ရှေ့တန်းစခန်းရုံးသို့ သွားရောက်ပြီး ၂၀၁၇ မိုးကြိုချည်မျှင်ရှည်ဝါ အထူးဇုန် ဧက(၁၀၀)ကို စိုက်ပျိုးမည့် တောင်သူ ၅၀ နှင့် တွေ့ဆုံကာ တောင်သူများအား ဝါစိုက်ပျိုးနည်းစနစ် မှန်ကန်စေရေးနှင့် အထွက်နှုန်းကောင်းမွန်ရေး ဆောင်ရွက်ရမည့်အချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဖြန့်ဝေသော ဝါမျိုးစေ့များနှင့် မျိုးစေ့ လူးနယ်ဆေးများကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ ဆက်)**

## သတင်းတိုများ

### ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရှောင်တခင်စစ်ဆေး

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း ပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးရေးနှင့် ယဉ်မတော်တဆမှုများ လျော့နည်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရှောင်တခင်စစ်ဆေးမှုများကို မတ် ၅ ရက် ညပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထန်းတပင်မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ ဆိုင်ကယ်စီးနင်းမောင်းနှင်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ သွားလာမောင်းနှင်ရန်၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန်နှင့် ဆိုင်ကယ်တစ်စီးတွင် နှစ်ဦးထက်ပိုမစီးရန်တို့ကို ရှောင်တခင် စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

ကချင်ပြည်နယ် မိုးမောက်မြို့နယ် မခွယ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို မတ် ၆ ရက်က ပြုလုပ်ခဲ့ရာ ဗန်းမော်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှူး ဦးအေးပိုနှင့် မိုးမောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်တို့က အမှာစကားပြောကြားပြီး မိုးမောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူး ဦးနေလင်းဦးက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူ ၂၈၉ ဦးနှင့် မှတ်ပုံတင်လဲလှယ်သူ သုံးဦးတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# ချောင်းကူးတံတားပြီးစီး၍ သွားလာရေးအဆင်ပြေ

**မြို့သစ် မတ် ၈**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ရေကြည်ပင်ကျေးရွာရှိ ပြည်သူများ အမြဲဖြတ်သန်းနေရသော ရိုးချောင်းကူး တံတားကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လွှတ်တော်ရန်ပုံငွေဖြင့် ဖေဖော်ဝါရီ ၁၁ ရက်က စတင်တည်ဆောက်ခဲ့ပြီးနောက် ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြီးစီးခဲ့ကာ တံတားပြီးစီးသဖြင့် ဒေသခံများ သွားလာရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဆောက်လုပ်ပြီးစီးခဲ့သည့် တံတားသစ်မှာ အရှည် ၄၃ ပေ၊ အကျယ် ၁၀ ပေရှိပြီး သံပေါင် ကွန်ကရစ်ခင်းအမျိုးအစားဖြစ်ကာ ကျပ် ၅၅ သိန်း အကုန်ကျခံ၍ တည်ဆောက်ခဲ့ကြောင်း၊ ရေကြည်ပင်ကျေးရွာရှိ ဒေသခံများကလည်း တံတားကို အမြန်တည်ဆောက်ပြီးစီးရန် လုပ်အားဒါနနှင့် ငွေကြေးများ ကုသိုလ်ယူထည့်ဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါချောင်းသည် မိုးရာသီကာလတွင် ရေစီးသန်သဖြင့် တံတားမရှိမီက ကျောင်းသား ကျောင်းသူလေးများ အပါအဝင် ဒေသခံပြည်သူများမှာ အန္တရာယ်ရှိစွာ ဖြတ်သန်းခဲ့ရကြောင်း၊ ယခုအခါ တံတားကို အသုံးပြုနိုင်ပြီဖြစ်သဖြင့် ရေကြည်ပင်ကျေးရွာမှ ပြည်သူများသာမက အနီးရှိ ကျေးရွာများဖြစ်သော သီးကုန်းကျေးရွာနှင့် ဝန်ချီကျေးရွာများမှ ပြည်သူများပါ အဆိုပါတံတားကို အသုံးပြု၍ သွားလာရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**တန့်ယန်း မတ် ၈**

နွေရာသီကာလ ရောက်ရှိလာပြီဖြစ်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုကို မြို့နယ်မီးသတ်ဦးစီးဌာနက ပြည်သူလူထုနှင့်ပူးပေါင်း၍ မြို့နယ်စည်ပင်သာယာဈေးအတွင်း၌ မတ် ၆ ရက်က ဆောင်ရွက်ခဲ့ကြသည်။

မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အရန်မီးသတ်တပ်ဖွဲ့၊ ဈေးမီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်းကာ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း၊ မီးသတ်ရေစုပ်စက်ဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

တန့်ယန်းမြို့နယ် စည်ပင်သာယာဈေးကြီးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အပေါ့စားရေစုပ်စက် နှစ်လုံး၊ မီးသတ်ဆေးဘူးကြီး သုံးဘူး၊ ဆေးဘူးငယ် ၅၂ ဘူး၊ မီးချိတ်မီးကပ်များ၊ ရေပုံးသဲပုံးများကို စနစ်တကျ ပြင်ဆင်ထားရှိကာ ရေဂါလန်နှစ်သောင်းဆံ့ ရေကန်မှ အလွယ်တကူ ရေစုပ်ယူပက်ဖျန်းနိုင်ရန် ရေပိုက်များလည်း သွယ်တန်းထားရှိကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**



# ကျေးရွာများတွင် နွေရာသီရေပြတ်လပ်မှုမရှိစေရန် ကြိုတင်ညှိနှိုင်းဆောင်ရွက်နေ

**နတ်မောက် မတ် ၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းမှ ကျေးရွာများတွင် နှစ်စဉ်နွေရာသီတိုင်း ကြုံတွေ့ရလေ့ရှိသော ရေပြတ်လပ်မှုကို ယခုနှစ်တွင် မကြုံရစေရန်အတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ မတ် ၆ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းနှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးစိုးမင်းထွန်းတို့က ကျေးရွာများမှ တာဝန်ရှိသူများအား နွေရာသီကာလရောက်ရှိလာပြီး ပူပြင်းခြောက်သွေ့လာ၍ ရေရှားပါးမှုများ ဖြစ်ပေါ်လျက်ရှိရာ နတ်မောက်မြို့နယ်အတွင်းမှ ကျေးရွာများအနေဖြင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ကြိုတင်စီမံထားရန်၊ ကျေးရွာများတွင် သောက်သုံးရေလုံလောက်မှုရှိ/မရှိနှင့် ရေပြတ်လပ်မှု ဖြစ်နိုင်ခြေရှိပါက ကြိုတင်တင်ပြရန်၊ သောက်သုံးရေအခက်အခဲ ကြုံတွေ့နိုင်သည့် ကျေးရွာများအနေဖြင့် မိမိတို့ကျေးရွာရှိ လက်ရှိရေအရင်းအမြစ်များဖြစ်သော စက်ရေတွင်း၊ လက်တူးတွင်း၊ မြေသားရေကန်၊ စိမ့်စမ်းတွင်းများမှ နေ့စဉ်ရေသုံးစွဲမှုကို တွက်ချက်၍ နွေရာသီကာလအတွင်း ထပ်မံသုံးစွဲနိုင်မည့် ခန့်မှန်းရက်နှင့် ရေရှားပါးပြတ်လပ်မှု စတင်ဖြစ်ပွားနိုင်မည့် အခြေအနေ၊ ရေပံ့ပိုး ဖြည့်ဆည်းပေးရမည့် ခန့်မှန်းရက်ကို တွက်ချက်၍ ကြိုတင်တင်ပြရန် စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ယခင်နှစ်အတွေ့အကြုံအပေါ် အခြေခံ၍ ယခုနှစ် နွေရာသီတွင် ရေရှားပါးမှုကြုံတွေ့နိုင်သော ကျေးရွာများအနေဖြင့် မိမိတို့ရေအရင်းအမြစ်အပေါ် မူတည်၍ ရေကို ချွေတာသုံးစွဲရန်၊ သောက်သုံးရေအရင်းအမြစ်များကို ထိန်းသိမ်းရန်နှင့် ရေရှားပါးပြတ်လပ်မှု ကြုံတွေ့လာပါက ရေဖူလုံသော ကျေးရွာများမှ မျှတသုံးစွဲနိုင်ရေး ကြိုတင်စီမံထားရန် စသည်တို့ကိုလည်း ဆွေးနွေးခဲ့ကြပြီး ကျေးရွာများမှ တာဝန်ရှိသူများအနေဖြင့် ရေရှားပါးပြတ်လပ်လာပါက နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများသို့ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားဆက်သွယ်နိုင်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

# မုံရွာတွင် ရေမြောင်းစနစ်များကောင်းမွန်ရန် ဆောင်ရွက်

**မုံရွာ မတ် ၈**

မုံရွာမြို့နယ်အတွင်း အဆောက်အအုံဆောက်လုပ်ခွင့်များ တင်ပြလာပါက အိမ်ရှင်များအနေဖြင့် အိမ်ရှေ့ရေမြောင်းများကို စနစ်တကျဆောင်ရွက်ကာ ရေစီးရေလာကောင်းမွန်ရေးကို စည်ပင်သာယာအင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်စေလိုကြောင်း မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းက ပြောကြားသည်။

“ရေမြောင်းတွေလုပ်ရင် မြောင်းဖုံးတွေကိုပါ တစ်ပါတည်းလုပ်ဖို့လိုပါတယ်။ မုံရွာမြို့ကို ရေမြောင်းစနစ်လုပ်ရာမှာ မန္တလေးက ရွှေတချောင်းမြောင်းလို မြောင်းမကြီး(Main Drain)တစ်ခု လုပ်ဖို့လိုပါတယ်။ စည်ပင်သာယာအနေနဲ့ လမ်းတွေလုပ်တာထက် ရေမြောင်းစနစ်တွေကို ဦးစားပေးဆောင်ရွက်စေလိုပါတယ်။ စည်ပင်သာယာရေးကော်မတီပိုင် မြေ ၁၇ ဒသမ ၅ ဧက မြေနေရာကို အိမ်ရာမြေစီမံကိန်း ဖော်ထုတ်သွားမှာပါ”ဟု ၎င်းက ပြောကြားသည်။

ဖေဖော်ဝါရီလကုန်ပိုင်းက မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌရုံးတွင် ပြုလုပ်ခဲ့သော လေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းမှ ဒေသန္တရစီမံကိန်းများ အဆိုပြုလျာထားချက် ကော်မတီအစည်းအဝေးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၈-၂၀၁၉ ခုနှစ်မှ ၂၀၂၁-၂၀၂၂ ခုနှစ်အထိ လေးနှစ်စာ ငွေလုံးငွေရင်းလုပ်ငန်း ဒေသန္တရ စီမံကိန်းများ အဆိုပြုလျာထားချက် ရေးဆွဲရာတွင် နှစ်အလိုက် ပျမ်းမျှခန့်မှန်းတိုးတက် ရရှိဝင်ငွေ ငါးရာခိုင်နှုန်းဖြင့် ရေးဆွဲခြင်းဖြစ်ပြီး စီမံချက်တွင် နှစ်စဉ်ထောက်ပံ့ငွေကျပ် သန်း ၁၀၀၀ ထောက်ပံ့လျာထား ရေးဆွဲထားကာ ယခုစီမံ ကိန်းတွင် ယခင်နှစ် ဘတ်ဂျက်က ကျန်သည့်လုပ်ငန်းများ၊ လုပ်ငန်းလိုအပ်ချက်အရ လျာထားလုပ်ငန်းများနှင့် ရပ်ကွက်များကတင်ပြသည့် လုပ်ငန်းများကို ထည့်သွင်း၍ အဆိုပြုရေးဆွဲ လျက်ရှိကြောင်း မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းထံမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



**တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့၌ အမျိုးသမီးများဘဝ လုံခြုံမှု ပိုမိုရရှိစေရန်နှင့် အသက်မပြည့်သည့် မိန်းကလေးငယ်များအား အဓမ္မပြုကျင့်မှု ကင်းဝေးစေရန် ရည်ရွယ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အသိပညာပေးဆိုင်းဘုတ်ကို မြို့နယ်ပြည်သူ့စာကြည့်တိုက်ရှေ့၌ မတ် ၅ ရက်က စိုက်ထူနေစဉ်။**

(မြို့နယ် ပြန်/ဆက်)

# ကူးတို့သမားများ ကန့်ကွက်၍ တံတားတည်ဆောက်ရေး အခက်အခဲဖြစ်နေ

**ပွင့်ဖြူ မတ် ၈**



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ အနောက်ဘက်ရှိ ကျေးရွာများမှ ပွင့်ဖြူမြို့သို့ လာရာတွင် ဖြတ်သန်းရသည့် မုန်းချောင်းကူး တံတားတစ်စင်းကို ကျေးရွာများမှ ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် မြို့ပေါ်နေ အလှူရှင်တစ်ဦးက သစ်သားကြမ်းခင်းဖြင့် ယာယီတံတားအဖြစ် တည်ဆောက်ပေးမည့်ကိစ္စတွင် ကူးတို့လိုင်စင်ရသူများက ကန့်ကွက်သဖြင့် အခက်အခဲတွေ့ကြုံနေရကြောင်း သိရသည်။

သရက်ကုန်းကျေးရွာနေ ဒေသခံပြည်သူတစ်ဦးမှ “မုန်းအနောက်ဘက်ခြမ်းမှာ ငှက်ပျော၊ ပဲမျိုးစုံနဲ့ ဟင်းသီးဟင်းရွက်တွေ ထွက်ရှိပြီး ပွင့်ဖြူမြို့မဈေးကို သွားရောင်းရတာ။ မုန်းချောင်းကို ရေကြီးတဲ့အချိန် လှေနဲ့ ဖြတ်ကူးရတယ်၊ ရေကျချိန် ဆောင်းတွင်းရာသီမှာ ရေအနက် ငါးပေ၊ ခြောက်ပေလောက်ပဲရှိတော့ ကုန်ပစ္စည်း ခေါင်းပေါ်ရွက်ပြီး ဖြတ်ကူးကြတာများတယ်။ အချို့ လှေနဲ့ကူးတာရှိတယ်။ ကျွန်တော်တို့ ဘက်မှာက ပညာရေးအနေနဲ့ မူလတန်းအဆင့်ပဲရှိတော့ ပွင့်ဖြူ အထကကျောင်းကို အလယ်တန်းအဆင့်နဲ့ အထက်တန်းအဆင့် ကျောင်းသွားတက်ရတယ်။ ကျောင်းသားကျောင်းသူတွေလည်း လှေနဲ့တချို့ မုန်းချောင်းရေထဲ ဖြတ်ကူးတာတချို့ သွားလာနေရတယ်။ မြို့ပေါ်မှအလှူရှင်က နှစ်စဉ် သစ်သား/ဝါးကြမ်းခင်း ယာယီတံတား ထိုးပေးတယ်။ ဆိုင်ကယ်၊ စက်ဘီးနဲ့ ခြေကျင်သွားသူတွေ၊ ကျောင်းတက်တဲ့ ကျောင်းသား ကျောင်းသူတွေ အဆင်ပြေတယ်။ နောက်ပိုင်း ကူးတို့လိုင်စင်ချထားတော့ လိုင်စင်ရသူက တံတားအထိုးမခံဘူးလေ၊ အဲဒါကြောင့် မုန်းအနောက်ဘက်ခြမ်းနေ ဒေသခံပြည်သူတွေ သွားလာမှုအဆင်ပြေပြီး စီးပွားရေး၊ ကျန်းမာရေးနဲ့ ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးလာအောင် သက်ဆိုင်ရာဌာနက လာရောက်ညှိနှိုင်း ဆောင်ရွက်ပေးစေချင်ပါတယ်”ဟု ပြောသည်။

ပွင့်ဖြူမြို့နှင့် မုန်းချောင်းအနောက်ဘက်ခြမ်းရှိ ကျေးရွာများ ဆက်သွယ်ပေးမည့် အဆိုပါ မုန်းချောင်းကူး ယာယီတံတားကို တည်ဆောက်ပေးနိုင်ခဲ့လျှင် မုန်းချောင်းအနောက်ဘက်ရှိ သမန်းရင်းကျေးရွာ၊ ထူးကျေးရွာ၊ သမုန်းကုန်းကျေးရွာ၊ သရက်ကုန်းကျေးရွာ၊ မုန်းဇလဲကျေးရွာနှင့် ကျောင်းကုန်းကြီးကျေးရွာများမှ ဈေးသည်များနှင့် ကျောင်းသားကျောင်းသူများအနေဖြင့် ပွင့်ဖြူမြို့ပေါ်သို့ ပွင့်လင်းရာသီကာလအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

# သဘာဝဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် နေအိမ်များပြုပြင်ပေး

**မြင်းခြံ မတ် ၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်းရှိ အနိမ့်ကျေးရွာ၊ တောင်ကျွန်းကျေးရွာနှင့် နယ်ခြားကျေးရွာများတွင် သဘာဝဘေး ကြုံတွေ့ပါက ထိခိုက်ဆုံးရှုံးမှုနည်းပါးအောင် ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်အဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနက ဒေသခံပြည်သူများ၏ နေအိမ်များကို မတ် ၆ ရက်က ပြုပြင်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ကျေးရွာများရှိ ငွေကြေးချို့တဲ့၍ မိမိကိုယ်တိုင် မပြုပြင်နိုင်သော နေအိမ်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြုပြင်ပေးခြင်းဖြစ်ကာ နေအိမ်ပြုပြင်မှုများအဖြစ် အမိုးမိုးပေးခြင်း၊ လိုအပ်သလို ပြန်လည်ပြုပြင်ဆောက်လုပ်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ အနိမ့်ကျေးရွာမှ အိမ် ၁၁ လုံး၊ တောင်ကျွန်းကျေးရွာမှ အိမ် ၁၉ လုံး၊ နယ်ခြားကျေးရွာမှ အိမ် ၁၀ လုံးတို့ကို ပြုပြင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အိမ်ပြုပြင်မှုအတွက် တိုင်များ၊ ထရံများ၊ ဝါးများ၊ သွပ်ကြိုး၊ အိမ်ရိုက်သံ အစရှိသည်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဝယ်ယူပေးကာ မြင်းခြံမြို့ရှိ လူမှုကူညီရေးအသင်းများ၏ စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးမှ ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးထူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးယဉ်မောင်သန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည် ။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ခွေးရူးပြန်ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးပြီး ခွေးရူးရောဂါအကြောင်း ပညာပေးဟောပြော

**ညောင်တုန်း မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာမှ ဒေသခံပြည်သူများ၏ အိမ်မွေးခွေးများအား ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးများကို မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက မတ် ၆ ရက်က အခမဲ့ကွင်းဆင်းထိုးနှံပေးခဲ့ပြီး ဒေသခံပြည်သူများအား ခွေးရူးရောဂါအကြောင်း သိကောင်းစရာများကိုလည်း ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးပေးရာတွင် ညောင်တုန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာမြင့်ဆွေနိုင် ဦးဆောင်သော ဝန်ထမ်းများက ကျုံတမာကျေးရွာအတွင်း ခွေးရူးပြန်ရောဂါ မဖြစ်ပွားစေရေးအတွက် ဒေသခံပြည်သူများ၏ အိမ်မွေးခွေးနှင့် ကြောင်များအား ခွေးရူးရောဂါ ကြိုတင်ကာကွယ်ဆေးများကို အိမ်တိုင်ရာရောက် အခမဲ့ လိုက်လံထိုးပေးခဲ့ခြင်းဖြစ်သည်။


ထို့အပြင် ဒေသခံပြည်သူများအား ခွေးရူးပြန်ရောဂါ ဗိုင်းရပ်စ်ပိုးအကြောင်း၊ ရောဂါကူးစက်ပုံ၊ ရောဂါလက္ခဏာများ၊ ရောဂါပိုးသည် ဗဟိုအာရုံကြောသို့ ရောက်ရှိသွားပါက ရောဂါကြောင့် အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပုံများကို ဒေါက်တာမြင့်ဆွေနိုင်က အသေးစိတ် ရှင်းလင်းဟောပြောသည်။

ကျုံတမာကျေးရွာ၌ ကာကွယ်ဆေးထိုးပေးခြင်းနှင့် ပညာပေးဟောပြောပွဲအပြီးတွင် ဒေါက်တာမြင့်ဆွေနိုင် ဦးဆောင်သော မွေး/ကုဌာနဝန်ထမ်းများနှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးအောင်လွင် ဦးဆောင်သော ဝန်ထမ်းများ ပူးပေါင်း၍ ပဲရုံဆိပ်ကျေးရွာသို့ ဆက်လက်ကွင်းဆင်းသွားရောက်ကာ ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ရွှေယင်မျှော်စေတီ ဗုဒ္ဓပူဇနိယပွဲတော်အတွင်း ရွှေထီးတော်သစ်တင်လှူမည်



**သာစည် မတ် ၈**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ရွာကြီးကျေးရွာအနီးရှိ သမိုင်းဝင် ရွှေယင်မျှော်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ရက်များအတွင်း ရွှေထီးတော်အသစ်တင်လှူပူဇော်ပွဲကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စေတီတော်၏ ယခုနှစ် ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၈ ရက်(မတ် ၅ ရက်)မှ စတင်ကျင်းပလျက်ရှိရာ ပွဲတော်ရက်အတွင်း တပေါင်းလဆန်း ၁၂ ရက်(မတ် ၉ ရက်)တွင် တပ်မတော် ကြည်း၊ ရေ၊ လေ မိသားစုများမှ မတည်လှူဒါန်းငွေနှင့် ပြည်သူများ ထည့်ဝင်လှူဒါန်းမှုများဖြင့် ရွှေထီးတော်အသစ် တင်လှူပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ထီးတော်သစ် တင်လှူပူဇော်ပွဲတွင် နိုင်ငံတော်ဂုဏ်ထူးဆောင် ရွှေတံဆိပ်ဆုများရှင် မဟာရန်ကုန် သီရိမောင်မောင် မင်္ဂလာဆိုင်းအဖွဲ့နှင့် တွဲဖက်၍ ရွှေနန်းသဘင်နန်းဝင်းက မင်္ဂလာရတုပိုဒ်စုံ၊ မင်္ဂလာတေးထပ်၊ မင်္ဂလာအောင်သြဘာစာတမ်းများ သီကျူးပူဇော်သွားမည်ဖြစ်ပြီး ညပိုင်းတွင် ရွှေထီးတော်တင်အောင်ပွဲအဖြစ် ဇာတ်ပွဲဖြင့် ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေယင်မျှော်စေတီတော်ကြီးသည် ကျော်လေးဆူဟု ထင်ရှားသည့် စေတီတော်များထဲတွင် အပါအဝင်ဖြစ်ပြီး ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၈ ရက်မှ တပေါင်းလပြည့်နေ့အထိ ကျင်းပလေ့ရှိကာ ပျော်ပွဲရွှင်ပွဲများအဖြစ် ဇာတ်ပွဲများ၊ ကလေးဘောလုံးပွဲများ၊ မြန်မာ့ရိုးရာ နွားလှည်းပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပလေ့ရှိကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

# သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ခြွေလှေ့စက် ၃၃ လုံး ပေးအပ်

**ညောင်ဦး မတ် ၈**
ညောင်ဦးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသည့် တောင်သူများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ပြည်တွင်းဖြစ် ပဲမျိုးစုံခြွေလှေ့စက် ၃၃ လုံးကို တောင်သူများအား နိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် ချက်(စ်)ဗွီအဖွဲ့တို့ ပူးပေါင်း၍ မတ် ၆ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

သီးနှံများ၏ အရည်အသွေး တိုးတက်မြင့်မားလာစေရန်နှင့် စိုက်ပျိုးထားရှိသည့် သီးနှံစိုက်ခင်းများကို အချိန်မီမရိတ်သိမ်းနိုင်ခြင်းကြောင့် ဆုံးရှုံးမှုများ လျော့နည်းလာစေရန် ရည်ရွယ်၍ လုပ်ကွက်ငယ်တောင်သူများအဖွဲ့သို့ လက်ဝယ်အရောက် ပြည်တွင်းဖြစ် ပဲသီးနှံမျိုးစုံ ခြွေလှေ့စက်များကို ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည့် ခြွေလှေ့စက်များပေးအပ်ပွဲတွင် ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဌေးနိုင်က ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာ ၃၃ ရွာမှ လုပ်ကွက်ငယ်တောင်သူများ အဖွဲ့များအား ခြွေလှေ့စက်များပံ့ပိုးပေးခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်မှ Mr. Karma က စီမံကိန်းလုပ်ငန်းများကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ချက်(စ်)ဗွီအဖွဲ့မှ စီမံကိန်းမန်နေဂျာ ဦးမျိုးမင်းအောင်က တောင်သူများအနေဖြင့် ခြွေလှေ့စက်များကို ရေရှည်အကျိုးရှိရှိ သုံးစွဲနိုင်အောင် စနစ်တကျ ကိုင်တွယ်အသုံးပြုကြရန် အကြံပြုပြောကြားခဲ့ပြီး တာဝန်ရှိသူများက ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာ ၃၃ ရွာမှ လုပ်ကွက်ငယ်တောင်သူများအဖွဲ့ထံသို့ သီးနှံမျိုးစုံခြွေလှေ့စက် ၃၃ လုံးကို တစ်ရွာချင်းအလိုက် လွှဲပြောင်းပေးအပ်ခဲ့သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကိုယ့်အားကိုယ်ကိုးကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ပွဲကျင်းပ



**ကျိုက်လတ် မတ် ၈**
ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ထင်းကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံပြည်သူများ ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ခဲ့သော ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မတ် ၅ ရက်က ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် ကျောင်းဆောင်သစ်ကို အလှူရှင်များနှင့် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းလှိုင်၊ ခရိုင်ပညာရေးမှူး ဒေါ်စိန်မာအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ဌေးနှင့် မြို့နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အလှူရှင်တစ်ဦးဖြစ်သည့် ဦးပိုက်တင်က ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီး ဌာနကိုယ်စား ကျိုက်လတ်မြို့နယ် ပညာရေးမှူး ဆရာကြီးဦးဝင်းဌေးထံ လွှဲပြောင်းပေးအပ်ကာ ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါကျောင်းဆောင်သစ်ကို မတည်အလှူရှင် ဗိုလ်ကြီးတင့်အောင် (ငြိမ်း)-ဒေါ်တင်ဝင်း(အေဝမ်းလျှပ်စစ်ရောင်းဝယ်ရေး) မိသားစုနှင့် ထပ်ဆင့်ပံ့ပိုးအလှူရှင်များ၏ လှူဒါန်းမှုဖြင့် ဆောက်လုပ်ခဲ့ပြီး အလျား ပေ ၉၀၊ အနံ ပေ ၃၀၊ အမြင့် ၁၁ ပေရှိ အာရ်စီတစ်ထပ် အဆောက်အအုံဖြစ်ကာ အဆိုပါ စာသင်ဆောင်သစ်နှင့် ဆက်စပ်လုပ်ငန်းများကို စုစုပေါင်း ကျပ် ၆၁၉ သိန်းကျော် အသုံးပြု၍ တည်ဆောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျိုင်းတုံမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားနှစ်သောင်း သယ်လာသူကို ဖမ်းဆီးရမိ

**ကျိုင်းတုံ မတ် ၈**
ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် နောင်ဖာရဲကင်းအနီး၌ တစ်ဆင့်ပြန်လည်ရောင်းချရန် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို သယ်ဆောင်လာသူတစ်ဦးအား ကျိုင်းတုံ မူးယစ်တပ်ဖွဲ့စု(၂၈)နှင့် ပူးပေါင်းအဖွဲ့များက မတ် ၆ ရက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်တပ်ဖွဲ့စု(၂၈)မှ ရဲအုပ်အောင်မင်းသန်း ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ နောင်ဖာရဲကင်းမှ တပ်ဖွဲ့ဝင်များနှင့် သတင်းတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သတင်းအရ သက်သေများနှင့်အတူ နောင်ဖာရဲကင်းအနီး မိုင်းခတ်-ကျိုင်းတုံလမ်းမကြီးပေါ်၌ စောင့်ဆိုင်းစစ်ဆေးစဉ် ယန်းလောရွာဘက်မှ ကျိုင်းတုံမြို့တွင်းသို့ ဝမ်လတ်ရွာနေ စိုင်းနွဲ့ မောင်းနှင်လာသောဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါသော အထုပ် ၁၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စိုင်းနွဲ့အား စစ်ဆေးချက်အရ အဆိုပါ စိတ်ကြွဆေးပြားများကို ပြန်လည်ရောင်းချရန်အတွက် မိုင်းခတ်မြို့နယ်အတွင်းမှ ဝယ်ယူလာခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ စိုင်းနွဲ့အား ကျိုင်းတုံမြို့မရဲစခန်း၌ အမှုဖွင့်ထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိနိုင် ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်နိုင်**
**(ကျိုင်းတုံ)**

# ဝန်းသိုမြို့နယ်အတွင်း တရားမဝင်ရွှေတူးဖော်သူများဖမ်းမိ

**ဝန်းသို မတ် ၈**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ညောင်ပင်သာကြိုးပြင်ကာကွယ်တောအတွင်း၌ တရားမဝင် ရွှေတူးဖော်နေသူများကို မတ် ၆ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။

ညောင်ပင်သာ ကြိုးပြင်ကာကွယ်တောအတွင်း တရားမဝင်ရွှေတူးဖော်နေကြောင်း သတင်းအရ ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦးတို့ ဦးဆောင်သည့် ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ ကျောက်တန်းကျေးရွာနေ တင်မောင်ဆွေနှင့် ၎င်း၏ဇနီး မအေးအေးဝင်းတို့အား ရွှေတူးဖော်ရာတွင် အသုံးပြုသည့် လေးလုံးထိုး ကားအင်ဂျင်နှစ်လုံး၊ မှုံစုပ်ပိုက် ခြောက်စုံ၊ ရေစုပ်စက်ငါးလုံး၊ မီးစက်တစ်လုံး၊ ပိုက်ပျော့ ၁၁ ခွေ၊ ရွှေချိန်ခွင် နှစ်ခု၊ တင်မောင်ဆွေနှင့် မအေးအေးဝင်း အမည်ပါ ဘဏ်စာအုပ်တစ်အုပ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင် ရွှေတူးဖော်သူ တင်မောင်ဆွေနှင့် မအေးအေးဝင်းအား ဥပဒေအရ အရေးယူပေးရန် ဝန်းသိုရဲစခန်း၌ ဒုရဲအုပ်ရဲလင်းဖြိုးက တရားလိုပြုလုပ်၍ အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## မှုခင်းသတင်းတိုများ

### ထော်လာဂျီနှင့်ပရိုဘောက်စ်ကားတိုက်၍ လူ၁၈ဦးဒဏ်ရာရ

သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ နောင်ဘိုကျေးရွာ သက္ကဘုရားမုခ်ဝအနီး ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းပေါ်၌ ပရိုဘောက်စ်ကားနှင့် ထော်လာဂျီတိုက်မှု မတ် ၇ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ပြီး လူ ၁၈ ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။ ယာဉ်တိုက်မှုဖြစ်ပွားရာသို့ သိမ်ဆိပ်နယ်မြေရဲစခန်းမှ ဒုရဲအုပ်စံရွှေနှင့် တာဝန်ရှိသူများ၏ သွားရောက်စစ်ဆေးချက်အရ ဘီးလင်းမှ သထုံဘက်သို့ နိုင်လွင်ဦး မောင်းနှင်လာသော ပရိုဘောက်စ်ယာဉ်က ရှေ့မှမောင်းနှင်နေသော ထော်လာဂျီကို ကျော်တက်စဉ် ဝင်ရောက်တိုက်မိခြင်းဖြစ်ပြီး ထော်လာဂျီမှာ လမ်းဘေးသို့လည်ထွက်သွားကာ ပရိုဘောက်စ်ယာဉ်မှာ တိမ်းမှောက်သွားကြောင်း သိရသည်။ ဖြစ်စဉ်ကြောင့် ပရိုဘောက်ယာဉ်ပေါ်တွင် လိုက်ပါလာသူ ငါးဦးအနက် လေးဦးနှင့် ထော်လာဂျီပေါ်တွင် လိုက်ပါလာသူ ၁၅ ဦးအနက် ၁၄ ဦး၊ စုစုပေါင်း ၁၈ ဦးမှာ ဒဏ်ရာများရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူများအား သုဝဏ္ဏဝတီမြို့ လူမှုကယ်ဆယ်ရေးအဖွဲ့မှ အရေးပေါ်လူနာတင်ယာဉ်များဖြင့် သထုံခရိုင် ပြည်သူ့ဆေးရုံကြီးနှင့် သိမ်ဆိပ်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ပရိုဘောက်စ်ယာဉ်မောင်း နိုင်လွင်ဦး(၂၅ နှစ်)အား သိမ်ဆိပ်နယ်မြေရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

### အထောက်အထားမဲ့သယ်ဆောင်လာသော နွား ၁၉ ကောင်ကို ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ဟောင်းတုန်းကျေးရွာအုပ်စု ဆားမော်ရွာအနီး၌ နွား ၁၉ ကောင်ကို တရားမဝင် အထောက်အထားမဲ့ သယ်ဆောင်လာသူများအား မတ် ၆ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မော်လူးဒေသ ဟောင်းတုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆားမော်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံအနီး လမ်းမပေါ်တွင် နွားထီး ၁၀ ကောင်၊ နွားမ ကိုးကောင်ကို သယ်ဆောင်လာသူများအား စစ်ဆေးစဉ် နွားများကို သယ်လာသူများထဲမှ ဉာဏ်အောင်၊ ကျော်စိုးနှင့် အောင်ထူးတို့မှာ ထွက်ပြေးသွားပြီး အောင်တင်၊ ချစ်ဝင်း၊ မောင်လွင်၊ လင်းကျော်တို့ကို ဖမ်းဆီးရမိကာ နွားများကို သယ်ယူခွင့် တစ်စုံတစ်ရာမပါရှိဘဲ သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသဖြင့် နန့်စီးအောင်ရဲစခန်း၌ အမှုဖွင့်တိုင်ကြားခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူများနှင့် ထွက်ပြေးသွားသူများအား အမှုဖွင့်ကာ ထွက်ပြေးသွားသူများကို ဖမ်းမိရေးအတွက် မော်လူးနယ်မြေရဲစခန်းက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၆၉)**

### တရားမဝင်သစ်ခွဲသားများ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်အတွင်း တရားမဝင်သစ်များ ခုတ်လှဲခြင်း၊ ရောင်းချခြင်း၊ ခိုးထုတ်သယ်ယူခြင်းများကို မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်သစ်တော ဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်းပြီး အရှိန်အဟုန်မြှင့် ရှာဖွေဖမ်းဆီးလျက်ရှိရာ ကုန်းရွာကျေးရွာနှင့် ဆင်စွယ်ရွာကြားတွင် တရားမဝင် သစ်ခွဲသားများ တင်ဆောင်လာသည့် ထော်လာဂျီတစ်စီးကို မတ် ၆ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ယာဉ်မောင်း စိုးနိုင်ထွန်း (၃၀ နှစ်) မောင်းနှင်လာသည့် ထော်လာဂျီပေါ်မှ သပြေခွဲသား ၁၀၂ ချောင်း၊ နှောသား နှစ်ချောင်း(စုစုပေါင်းအလေးချိန် ၃ ဒသမ ၆၂၆ တန်)ကို သစ်ပိုင်ရှင် ရဲဝင်း(၄၁ နှစ်)နှင့်အတူ ဖမ်းမိခဲ့ခြင်းဖြစ်ပြီး ၎င်းတို့နှစ်ဦးအား ယင်းမာပင် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ထွန်းကိုကို(ယင်းမာပင်)**

### ပြင်ဦးလွင်နှင့်ကလောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ပြင်ဦးလွင်မြို့နယ်နှင့် ကလောမြို့နယ်တို့မှ သက်ဆိုင်ရာ မူးယစ်တပ်ဖွဲ့စုများ၏ ရှာဖွေဖမ်းဆီးမှုအရ စိတ်ကြွရူးသွပ်ဆေးပြားများကို မတ် ၅ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁)နေ ချစ်စိန်(ခ)ချီစိပ်လင့်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ချစ်စိန်(ခ)ချီစိပ်လင့်အား စိတ်ကြွရူးသွပ်ဆေးပြား ၂၀၁၈၀ နှင့် ငွေကျပ်လေးသိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။ ကလောမြို့နယ်တွင်လည်း မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လွိုင်ကော်-အောင်ပန်း-ကလော ကားလမ်းပေါ် မာတင်ချော်လဲ ပူးပေါင်းစစ်ဆေးရေးစခန်း၌ ရှာဖွေစဉ် ဆိုင်ကယ်မောင်းနှင်လာသူ ကျော်စိန်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀ ပြားကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **ကိုရဲ**

### ဆိုင်ကယ်နှင့် ချိတ်မိ၍ ကလေးငယ်တစ်ဦးသေဆုံး

တံတားဦးမြို့နယ်အတွင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ပေါ်ချောင်းခွနယ်မြေရဲစခန်းအပိုင်အတွင်း၌ ကလေးငယ်တစ်ဦးကို ဆိုင်ကယ်ဖြင့်ချိတ်တိုက်မိ၍ သေဆုံးမှု မတ် ၄ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ သပြေငူကျေးရွာနေ ဇော်လင်းအောင်(၁၈ နှစ်)မောင်းနှင်ပြီး ဇော်မျိုးအောင် (၁၈ နှစ်) နောက်မှလိုက်ပါလာသည့် ဆိုင်ကယ်သည် လမ်းဘေး၌ တံတားဆေးသုတ်နေသည့် ဦးဇော်နိုင်နှင့်အတူရှိနေသော မောင်လင်းထက်အောင် (၅ နှစ်)အား ချိတ်မိ၍ မောင်လင်းထက်အောင်မှာ လွင့်စဉ်လဲကျပြီး ဒဏ်ရာများရရှိကာ ကန္နားဆေးရုံသို့ တင်ပို့ကုသနေစဉ် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်မောင်းသူ ဇော်လင်းအောင်အား ချောင်းခွနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်ကြည်က အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**ရဲတင့်**

### ထော်လာဂျီနှင့်ဆိုင်ကယ်တိုက်၍ လူတစ်ဦးသေဆုံး

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တောတွင်းရွာ၌ မတ် ၅ ရက်က ထော်လာဂျီနှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ၍ ဆိုင်ကယ်မောင်းလာသည့် အသက်မပြည့်သေးသူလူငယ် သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာနေ ကျော်စန်းနိုင် (၃၃ နှစ်) မောင်းနှင်လာသော သဲတင်ထော်လာဂျီနှင့် မောင်ဆောင်းညီညီလှိုင် (၁၅ နှစ်)မောင်းနှင်လာသည့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် မောင်ဆောင်းညီညီလှိုင်မှာ နေရာတွင်ပင် သေဆုံးသွားခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ထော်လာဂျီမောင်းနှင်သူ ကျော်စန်းနိုင်အား စလင်းရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# မန္တလေးသင်္ကြန်အား မြန်မာ့ရိုးရာသင်္ကြန်နှင့် ခေတ်သင်္ကြန်အဖြစ်ပူးတွဲခံစားနိုင်စေရန် ကျင်းပသွားမည်

**မန္တလေး မတ် ၈**

မန္တလေးမြို့တော် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ယခင်နှစ်များနှင့်မတူ ထူးခြားစွာဖြင့် မြန်မာ့ရိုးရာ သင်္ကြန်နှင့် ခေတ်သင်္ကြန် အဖြစ်ပူးတွဲခံစားနိုင်စေရန် ဖော်ဆောင်ကျင်းပသွားမည် ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးရဲမွန်ကပြောသည်။

"မြန်မာ့ရိုးရာ ပုံရိပ်ဖြစ်တဲ့ လမ်းလျှောက်သင်္ကြန်ကို ကျုံးတောင်ဘက်မှာ လုပ်မှာဖြစ်တယ်။ ၂၆ လမ်းပေါ် ၆၆ လမ်းနဲ့ ၇၈ လမ်းကြားမှာ ဘယ်ယာဉ်မှ ဝင်ခွင့်မပြုဘဲ လမ်းလျှောက်သင်္ကြန်အဖြစ် ဖော်ဆောင်မယ်။ အဲဒီနေရာမှာ ရေပိုက်၊ ရေဖလားတွေနဲ့ ရေကစားကြမယ်။ ဆိုင်ခန်းတွေ ကလည်း ရိုးရာသင်္ကြန် အစားအစာတွေ ရောင်းမယ်။ ကျန်တဲ့ ကျုံးပတ်လည်မှာ ယခင်နှစ် တွေလိုပဲ ခေတ်သင်္ကြန်အဖြစ် ကားတွေ နဲ့ ဝင်ထွက်ပြီး ရေကစားလို့ရပါတယ်"ဟု ၄င်းကပြောသည်။

ကျုံးတောင်ဘက်မှလွဲ၍ ကျန်သည့် ကျုံးမျက်နှာသုံးဘက်တွင် တစ်ဖက်လျှင် ရေကစားမဏ္ဍပ် ရှစ်ခုစီကို လေလံစနစ်ဖြင့် နေရာချထားပေးမှာဖြစ်ပြီး ၂၆ လမ်း၊ ကျုံးတောင်ဘက်လမ်းတွင် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ နန်းမြို့သူ ရေကစားမဏ္ဍပ်တို့ နှစ်ခုသာထားရှိမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံခြားသားတွေကလည်း မြန်မာ့ရိုးရာသင်္ကြန် အရသာခံစားနိုင်အောင် နိုင်ငံတကာကို ဖြန့်ကြက်ပြီး တစ်ဆင့်ပြောနိုင်အောင် ဆပ်ကော်မတီတွေ သီးခြားဖွဲ့ပြီး စီစဉ်သွားမှာပါ။ မြို့ထဲမှာ ရေကစားမဏ္ဍပ် တည်ဆောက်ချင်ရင် ခွင့်ပြုပေးမှာဖြစ်လို့ မည်သူမဆို လာရောက်လျှောက်ထားနိုင်ပါတယ်"ဟု ဆက်လက်ပြောကြားသည်။

မြို့နယ်များအတွင်း ခွင့်ပြုချက်ရယူတည်ဆောက်မည့် ရေကစားမဏ္ဍပ်များအတွက်ရေရရှိရန် မြို့တော်စည်ပင်သာယာက ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မီးသတ်ပိုက်များဖြင့် ရေပက်ခွင့်ကို လုံးဝတားမြစ်သွားမည်ဖြစ်၍ တွေ့ရှိပါက မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သတ်မှတ်စည်းကမ်းများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောကြားရာတွင် "မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်မှာ အရင်နှစ်တွေလို နာမည်ကြီးအဆိုတော်တွေ ငှားရမ်းမှာမဟုတ်တော့ဘူး။ ငွေကြေးချွေတာတဲ့အနေနဲ့ ဆောင်ရွက်တာဖြစ်ပြီး အဲဒီငွေတွေကို မြို့တော်သာယာရေးအတွက် အကျိုးရှိတဲ့နေရာတွေမှာ အသုံးပြုသွားမယ်။ဖျော်ဖြေရေးအဖွဲ့တွေမြို့တော်မဟာသင်္ကြန်မဏ္ဍပ်မှာ ဖျော်ဖြေမယ်ဆိုရင်လည်း စီစဉ်ပေးမှာပါ။ သင်္ကြန်ရဲ့အစဉ်အလာဖြစ်တဲ့ သံချပ်အဖွဲ့တွေကိုလည်း အားပေးမယ်၊ ဂုဏ်ပြုချီးမြှင့်သွားမယ်"ဟု ဆိုသည်။

ယခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် ပျော်ရွှင်ကြမည့် မိဘပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်သူများ စိတ်ချမ်းသာစွာ ပါဝင်ဆင်နွှဲနိုင်ရန် လုံခြုံရေးကိုလည်း အလေးပေး စီစဉ်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ယမန်နှစ်က မန္တလေးသင်္ကြန်မြင်ကွင်းအချို့ကို တွေ့ရစဉ်

# စက်မှုဇုန်မှ ရေဆိုးထွက်ရှိသည့် စက်ရုံများအား ရှောင်တခင်စစ်ဆေး

**မန္တလေး မတ် ၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်သည် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး၊ မန္တလေးမြို့တော်ဝန်၊ သစ်တောနှင့် သယံဇာတဝန်ကြီး၊ ဒုတိယမြို့တော်ဝန်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများနှင့် အတူ မတ် ၆ ရက်က မန္တလေးစက်မှုဇုန်ရှိ ရေဆိုးထွက်ရှိသည့် စက်ရုံများအား ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်နှင့်အတူ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများ ပါဝင်သော စစ်ဆေးရေးအဖွဲ့သည် စက်မှုဇုန်ရှိ ရေဆိုးထွက်ရှိသော အရက်ချက်စက်ရုံ သုံးရုံ၊ သကြား စက်ရုံ နှစ်ရုံ၊ ဂျပ်စက္ကူပုံး စက်ရုံတစ်ရုံနှင့် နှမ်းအခွံချွတ်စက်ရုံ တစ်ရုံတို့၏ ထုတ်လုပ်မှုအဆင့်ဆင့်၊ ရေဆိုးထွက်ရှိမှုနှင့် မိမိအစီအစဉ်ဖြင့် ရေဆိုးသန့်စင်မှု အခြေ အနေများရှိမရှိကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး သက်ဆိုင်ရာပညာရှင်များက ရေဆိုးနမူနာများ ကောက်ယူခဲ့ကြသည်။

ထိုသို့ သွားရောက်စစ်ဆေးစဉ်တွင် ဝန်ကြီးချုပ်က စက်ရုံလုပ်ငန်းရှင်များအား ရေဆိုးများ ချောင်းများ၊ မြောင်းများအတွင်းသို့ တိုက်ရိုက်စွန့်ပစ်မှု မရှိရေး၊ သတ်မှတ်ချိန်များတွင်သာ စွန့်ပစ်သွားရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းကမ်းချက်များနှင့် ဥပဒေများကို လေးစားလိုက်နာရေး၊ မိမိအစီအစဉ်ဖြင့် စနစ်တကျသန့်စင်၍ ရေဆိုးပိုက်လိုင်းများအတွင်းသို့ စွန့်ပစ်သွားရေးနှင့် အခြားလိုက်နာရမည့် ကိစ္စရပ်များကို မှာကြားခဲ့သည်။

အဆိုပါ စစ်ဆေးမှုတွင် ကောက်ယူလာသော ရေဆိုးနမူနာများကို မြို့တော်စည်ပင်သာယာရေးကော်မတီ ဓာတ်ခွဲခန်းတွင် လည်းကောင်း၊ ရန်ကုန်မြို့ရှိ အဆင့်မြင့်ဓာတ်ခွဲဌာနတွင် လည်းကောင်း၊ ရေဆိုးပြင်းအားများ၊ BOD ပမာဏတို့ကို စစ်ဆေးသွားမည်ဖြစ်ပြီး သိရှိသင့်သည်များကိုလည်း ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အမရပူရမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ စက်မှုဇုန်တွင် ရေဆိုးထွက်နိုင်သည့် စက်ရုံပေါင်း ၆၀ကျော်ရှိပြီး ရေဆိုးများကို ညနေ ၆ နာရီမှ နံနက် ၅ နာရီအချိန်အတွင်း စွန့်ထုတ်ရန် စည်ပင်သာယာရေးကော်မတီက ကြေညာချက်ထုတ်ပြန်ထားကြောင်း၊ စက်မှုဇုန်မှ ရေဆိုးစွန့်ပစ်မှုအား စနစ်တကျဖြစ်စေရန်အတွက် စက်ရုံအသီးသီးမှ ရေဆိုးများကို ပိုက်လိုင်းအသီးသီးဖြင့် သွယ်ယူ၍ တစ်နေရာတည်းတွင် စုပေါင်းသန့်စင်နိုင်သော ရေဆိုးသန့်စင်စက်ရုံတစ်ခုကို အမရပူရမြို့နယ် တောင်အင်း၊ မြောက်အင်းဒေသတွင် တည်ဆောက်လျက်ရှိပြီး ၂၀၁၈ ခုနှစ်အတွင်းတွင် ပြီးစီးနိုင်မည်ဖြစ်ကြောင်း အဆိုပါ စက်ရုံမပြီးစီးခင်ကာလအတွင်း စက်မှုဇုန်မှ စွန့်ထုတ်သည့် ရေဆိုးများအား လုပ်ငန်းရှင်များက မိမိအစီအစဉ်ဖြင့် ညစ်ညမ်းမှုပမာဏလျော့ချကာ စနစ်တကျစွန့်ပစ်ရမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# နွေရာသီသောက်သုံးရေပြတ်လပ်မှုမရှိစေရေး အောင်လံမြို့နယ်အတွင်းစက်ရေတွင်းများတူးဖော်

**အောင်လံ မတ် ၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် တောင်သာရွာနှင့် ကသစ်စမ်းကျေးရွာတို့တွင် လက်ယက်တွင်းနှင့် စိမ့်စမ်းရေများကိုသာ အသုံးပြုနေရသဖြင့် နွေရာသီ၌ သောက်သုံးရေများ ပြတ်လပ်မှုမရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်ရေတွင်းများတူးဖော်ပေးခဲ့ရာ တစ်နာရီလျှင် ဂါလန် ၃၀၀၀ ထွက်ရှိကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် တော်ဝင်ရှုခင်းရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မတ် ၇ ရက်က စက်ရေတွင်းတူးဖော်ပြီးစီးမှုအခြေအနေအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတိုးကြည်နှင့် အရည်အသွေးစစ်ဆေးရေး အင်ဂျင်နီယာဝန်ထမ်း များမှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

# မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို) နာမကျန်း စာရေးဆရာများအား ထောက်ပံ့

**ရန်ကုန် မတ် ၈**

မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)မှ နာမကျန်းသူများနှင့် သက်ကြီးရွယ်အိုများအား ထောက်ပံ့ငွေများ ကူညီပေးအပ်လျက်ရှိရာ မြန်မာနိုင်ငံစာရေးဆရာအသင်း (တောင်ဥက္ကလာပ)မြို့နယ်မှ နာမကျန်းစာရေးဆရာများဖြစ်ကြသော ဆရာကြီးမင်းသူရိန်နှင့် ဆရာမြင့်ဝန်းနီတို့အား ထောက်ပံ့ငွေများ ပေးအပ်ရန်အတွက် မတ် ၇ ရက်က မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ဆရာပန်းမျိုးခင်၊ ဆရာမောင်မောင်ကြီးမြင့်၊ ဆရာမလွင်လွင်ဝေ (မြန်မာစာ )တို့က အိမ်တိုင်ရာရောက် သွားရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်ထွန်း(တောင်ဥက္ကလာ)**

# သီရိမွန်ပလာဇာဝင်းအတွင်း စည်းကမ်းတကျ ဆိုင်ခန်းများဖွင့်လှစ်ရေး ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၈**

လယ်ယာသုံးစက်ကိရိယာများ အဓိက ထား ရောင်းဝယ်နေသော သီရိမွန်ပလာဇာဝင်းအတွင်း စည်းကမ်းထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့အစည်းပေါင်းစုံမှ တာဝန်ရှိသူများ၊ သီရိမွန်ပလာဇာသာယာရေးနှင့် တိုက် ခန်းကြီးကြပ်ရေး၊ NGO အဖွဲ့မှ တာဝန် ရှိသူများ၊ ယင်းပလာဇာဝင်းအတွင်းရှိ ကုမ္ပဏီဖွင့်ရောင်းချသူများ၊ ဆိုင်ခန်း ရောင်းချသူများ၊ တိုက်ခန်းများတွင် နေထိုင်သူများ မတ် ၃ ရက်က တွေ့ဆုံမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းတွေ့ဆုံပွဲတွင် ကုမ္ပဏီများ အပါအဝင် ဆိုင်ခန်းရောင်းချသူများ စည်းကမ်းတကျ ရောင်းချရေးအတွက် လိုက်နာရမည့် အချက်များပါရှိပြီး သတ်မှတ်ရက်ပါ တစ်ပါတည်းဖော်ပြခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ ပလာဇာဝင်းအတွင်း ဆောင်ရွက်ထားမှုအပေါ် မတ် ၆ ရက် ညနေ တွင် အမှတ်(၁) ရဲဒေသမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်၊ အမှတ်(၂) လုံခြုံရေး၊ ကွပ်ကဲမှုအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်၊ လူမှုရေးအဖွဲ့တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များအဖွဲ့စုံဖြင့် လိုက်လံ ကြည့်ရှုခဲ့ကြသည်။

ကားလမ်းဘေးများတွင် လယ်ယာ သုံးစက်ကိရိယာအကြီးစားများ၊ ကုန်တင် ယာဉ်ငယ်များ၊ ဘီလပ်မြေဖျော်စက်များ အပါအဝင် စက်ပစ္စည်းမျိုးစုံထုထည်ကြီးမားစွာ စုပုံထားရှိသည်ကို မြင်တွေ့ရသည်။ နေရောင်ကာအမိုးငယ်အပါအဝင် လယ်ယာလုပ်ငန်းခွင်သုံး ယာဉ်ငယ်အချို့ ကိုပါ ပြခန်းသဖွယ် ပြသထားသည်ကို မြင်တွေ့ရသည်။ ယင်း ပလာဇာဝင်းအတွင်းထားရှိသော ပြခန်းသဖွယ် စက်ပစ္စည်းများ၊ လယ်ယာသုံး စက်ကိရိယာမျိုးစုံများကို တိုက်ခန်းရှေ့များတွင် သာမက လမ်းဘေးတွင် မြင်တွေ့ရသည်။

သီရိမွန်ပလာဇာဝင်းအနီးရှိ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ဇန်နဝါရီလ လယ်မှ စ၍ စည်းကမ်းတကျ ရောင်းဝယ်ရေး၊ နောက်ဖေးလမ်းကြားများ သန့်ရှင်းရေး၊ ယာဉ်ကြောရှင်းလင်းရေး၊ လျှပ်စစ် ဟောင်းနွမ်းဓာတ်ကြိုးများ အသစ် လဲလှယ်ရေး ဆောင်ရွက်နေသကဲ့သို့ သီရိမွန်ပလာဇာဝင်းတွင်ပါ လုပ်ဆောင် လာခြင်းဖြစ်သည်ဟု ယင်းဝင်းအတွင်း နေထိုင်သူတစ်ဦးက ပြောသည်။ **ခင်ဆိုင်**



FEB 2017 တွင် DRONE နှင့်ရိုက်ထားသော REAL PHOTO ဖြစ်သည်




INVEST လုပ်ရန်အကောင်းဆုံးအခွင့်အရေး

သိန်း (၉၀၀) ခန့်ပေးရုံဖြင့် ဝယ်သူကိုချက်ချင်းနေထိုင်ခွင့်ပေးမည်

# အခန်းပြန်ငှားလျှင်

# တစ်လ $ (2500) ခန့်ရနိုင်မည်

(၁၂၃) ပါရမီစိန်ဂေဟာမျက်စောင်းထိုး၊ ပါရမီလမ်း၊ 11,12, Mar-2017 တွင် (၂)ရက်ထဲသာရောင်းပါမည်။

## ဝင်ငွေခွန်(ကြိုတင်ခွန်)များ အချိန်မီပေးသွင်းကြရန် အသိပေးနှိုးဆော်ခြင်း

ဝင်ငွေနှစ်တစ်နှစ်အတွင်းရရှိသည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်ကျသင့်သည့် အခွန်ငွေများကို (ကြိုတင်ခွန်)အဖြစ် သက်ဆိုင်ရာဝင်ငွေနှစ်အတွင်း ပေးသွင်းရမည်ဖြစ်ကြောင်း တည်ဆဲဝင်ငွေခွန်ဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ပေးသွင်းရန် ပျက်ကွက်ခြင်း၊ လျော့နည်းပေးသွင်းခြင်းများပေါ်ပေါက်ခဲ့ပါက ယင်းပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့နည်းငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်ဟု ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-က ပုဒ်မခွဲ (ဂ)တွင် ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃)တွင် လက်ရှိအခွန်ထမ်းဆောင်နေကြသည့် ကုမ္ပဏီလုပ်ငန်းများနှင့် လက်ရှိဝင်ငွေနှစ်အတွင်း ဝင်ငွေဖြစ်ထွန်းပေါ်ပေါက်သည့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေကြသော ကုမ္ပဏီလုပ်ငန်းများတို့သည် မိမိတစ်နှစ်အတွင်းရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ကျသင့်ဝင်ငွေခွန်များကို သတ်မှတ်အချိန်ကာလအတွင်း အချိန်မီပေးသွင်းကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။

ယခုအခါ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်ဆုံးရန် လွန်စွာနီးကပ်နေပြီဖြစ်ပါသဖြင့် ၃၁-၃-၂၀၁၇ ရက်ထက် နောက်မကျဘဲ မိမိပေးသွင်းရမည့် ဝင်ငွေခွန်များကို တွက်ချက်၍ အချိန်မီပေးသွင်းကြပါရန် ထပ်ဆင့်အသိပေးနှိုးဆော်အပ်ပါသည်။ အကယ်၍ ပေးသွင်းရန် ပျက်ကွက်ခြင်း၊ လျော့နည်းပေးသွင်းခြင်းများ ပေါ်ပေါက်ပါက ယင်းပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့နည်းပေးသွင်းငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ဒဏ်ငွေများ အပြည့်အဝ တပ်ရိုက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေးအပ်ပါသည်။

မိမိပေးသွင်းရမည့် အခွန်ငွေများပေးသွင်းမည်ဆိုပါက အောက်တွင် ဖော်ပြပါရှိသည့်လိပ်စာပါ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃) တည်ရှိရာသို့လာရောက်၍ သတ်မှတ်ဘဏ်ငွေသွင်းချလန်များထုတ်ယူပြီး မြန်မာ့စီးပွားရေးဘဏ်(၂) ငွေစာရင်းအမှတ် MD 010145 သို့ ပေးသွင်းရမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ရုံးလိပ်စာ။** အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၃)
အမှတ် ၅၆/၆၄၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်
လောကနတ်ပန်းချီပြခန်း၏အပေါ်ထပ်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**စုံစမ်းမေးမြန်းနိုင်သည့်ဖုန်းနံပါတ်များ**

- ၀၁-၃၇၀၄၁၀
- ၀၁-၃၇၀၄၁၁
- ၀၉-၂၅၅၈၀၃၇၁၀ [ဒေါ်နွယ်နီမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု (၁)]
- ၀၉-၄၄၈၅၄၆၉၂၀ [ဒေါ်စောဥမ္မာ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု (၂)]
- ၀၉-၄၉၃၀၀၀၄၉ [ဦးအောင်ကျော်ထူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု (၃)]
- ၀၉-၅၀၆၁၇၄၄ [ဒေါ်သက်သက်နွယ်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု (၄)]
- ၀၉-၃၁၁၂၉၉၈၆ [ဒေါ်အေးအေးစိုး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု (၅)]
- ၀၉-၅၃၁၂၈၈၉ [ဒေါ်မာလာအောင် လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု (၆)]

**အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၃)**
**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
## မူဆယ်နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း
## (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေး
## ဖိတ်ကြားလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို အောက်ဖော်ပြပါအတိုင်း ပြုလုပ်ကျင်းပမည်ဖြစ်ပါသဖြင့် မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း အသင်းဝင်များအနေဖြင့် ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ တက်ရောက်ချီးမြှင့်ပေးနိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အဆိုပါနှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် (၂၀၁၄-၂၀၁၅)၊ (၂၀၁၅-၂၀၁၆) ဘဏ္ဍာနှစ်များအတွင်း နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာဖြင့် ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ ချီးမြှင့်သည့်ဝင်ငွေခွန် (၁ မှ ၁၀၀၀ ကြား) အများဆုံးထမ်းဆောင်ခဲ့သည့် အသင်းဝင်ကုမ္ပဏီလီမိတက်များအား ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်မည်ဖြစ်ပါသဖြင့် ဆုရအသင်းဝင်ကုမ္ပဏီလီမိတက်များမှ တက်ရောက်ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၀၁၇ ခုနှစ် မတ် ၂၆ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၁၀း၀၀ နာရီ
**ကျင်းပမည့်နေရာ** - မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း ခန်းမ၊ အကွက်အမှတ် (၂၁)၊ ပြည်ထောင်စုလမ်းမကြီး၊ မူဆယ်မြို့

**အလုပ်အမှုဆောင်အဖွဲ့**
**မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး**
**ကုန်သည်များအသင်း**
**မူဆယ်မြို့**

**ဆက်သွယ်ရန်** ဖုန်း-၀၈၂-၅၀၆၄၈၊ ၅၂၉၈၄၊ ၀၉-၅၂၃၂၂၅၀

---

**ဖောင်းကြွပျောက်ဆုံးခြင်း / လျှောက်ထားခြင်း**

ယာဉ်အမှတ် 3G/5956၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
### ရွှေပြည်သာမြို့နယ်တရားရုံးတော်
### ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၈

ဒေါ်သန်းသန်းမြင့် **နှင့်** ဒေါ်ဝင်းစိန် ပါ(၃)
**တရားလို** **တရားပြိုင်များ**

ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းကျေးရွာနေ ဒေါ်ဝင်းစိန်၊ ဒေါ်ရင်မြင့်၊ မောင်ထင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် ဒေါ်သန်းသန်းမြင့်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကြီး ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် မတ် ၁၆ရက် (၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၄ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**မို့မို့အေး**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ဓနုဖြူမြို့နယ်တရားရုံး
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၂

မမြရည်မွန် **နှင့်** ကိုစိုးမိုးအောင်
**တရားလို** **တရားပြိုင်**

ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ တလုပ်ကုန်းကျေးရွာအုပ်စု၊ အငူကြီးကျေးရွာနေ (ဘ)ဦးအောင်ဝင်း၏သား ကိုစိုးမိုးအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မမြရည်မွန်က အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် မတ် ၁၆ရက်(၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးကိုလာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စွာလင်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဓနုဖြူမြို့နယ်တရားရုံး**

---

## ၂၃-၂-၂၀၁၇ ရက်စွဲပါ ကြော်ငြာစာနှင့်ပတ်သက်၍
## ဦးတင်အုန်း၊ ဒေါ်အေးကျင်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၂-ရပ်ကွက်၊ မိဂသီ (၁၉)လမ်း၊ အမှတ် (၂၃၉)နေ ဒေါ်ခင် ၁၂/ဥကတ(နိုင်)၀၂၁၀၂၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ ၂၃-၂-၂၀၁၇ ရက်စွဲပါ မြန်မာ့သတင်းစာကြော်ငြာပါ အကြောင်းအရာနှင့်ပတ်သက်၍ ဦးတင်အုန်း၊ ဒေါ်အေးကျင်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်၏ပြောဆိုချက်အရ ဒေါ်ခင်သည် ဦးအေးနှင့် အိမ်ထောင်ပြုပြီးနောက် ရွှေဂုံတိုင်တွင်နေထိုင်စဉ် ဦးတင်အုန်း၊ ဒေါ်အေးကျင်တို့မှ လူမမယ်ကလေးများအဖြစ် တစ်ဦးချင်းစီ ရောက်ရှိလာရောက်နေထိုင်ကြကြောင်း၊ ရွှေဂုံတိုင်တွင်နေထိုင်ချိန်က ဆွေမျိုးအိမ်၌ မှီခိုနေထိုင်ခြင်းဖြစ်၍ ရပ်ကွက်ဖျက်စဉ် သီးခြားနေထိုင်သူများကဲ့သို့ မြေကွက်အစားမရခဲ့ကြောင်း၊ ဒေါ်ခင်သည် စုဆောင်းထားငွေဖြင့် မြေကွက်ရရှိသူထံမှတစ်ဆင့် ပြန်လည်ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ယင်းသို့ဝယ်ယူခြင်းနှင့်ပတ်သက်၍ တစ်ရပ်တည်းပြောင်းရွှေ့လာသူများလည်းသိရှိပြီး ယခုတိုင်ရှိနေကြောင်း သိရှိရပါသည်။ သို့အတွက် လူကြီးမင်းတို့ကြော်ငြာချက်မှာ လွဲမှားလျက်ရှိကြောင်း ဦးစွာသိစေအပ်ပါသည်။

ဦးအေးနှင့်ဒေါ်ခင်တို့က ပေါင်းသင်းနေစဉ် ဒေါ်သန်းငွေ၊ ဒေါ်သန်းအေး၊ ဦးခင်အေး၊ ဦးကျော်ထွေး၊ ဦးတင်မိုးကျော်နှင့် ဒေါ်ခင်နန်းထွေးဟူသည့် သားသမီးခြောက်ဦး မွေးဖွားထွန်းကားကြောင်းနှင့် ၎င်းတို့မှာ နှစ်ပါးစုံသားသမီးများဖြစ်ကြောင်း ရှင်းလင်းသိစေအပ်ပါသည်။

**ဒေါ်ခင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မွန်မွန်ဦး** | **ဒေါ်စန်းစန်းအေး** |
| **စဉ်-၄၀၆၃၈** | **စဉ်-၄၃၁၅၆** |

**အထက်တန်းရှေ့နေများ**
**ရှေ့နေများနားနေခန်း၊ မြို့နယ်တရားရုံးဝင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၂၂၃၈၉၅၈၊ ၀၉-၄၄၅၃၁၈၈၃၄**

---

## ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ မသိမ့်သိမ့်သူ ၁၂/ဥကမ(နိုင်)၂၂၄၈၇၀ သည် ခင်ပွန်း မောင်ချမ်းမြေ့ကျော် ၁၂/မရက(နိုင်)၁၄၆၂၃၂ နှင့် သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၁၈- ၁၀-၂၀၁၆ ရက်၌ ရန်ကုန်တရားရုံးချုပ်တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးပါကြောင်းနှင့် နောက်နောင်မည်သို့မျှပတ်သက်မှုမရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မသိမ့်သိမ့်သူ**

---

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
### မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၁၆ ခုနှစ် တရားမပြင်ဆင်မှုအမှတ် -၃၈၅

ဒေါ်တင်တင်ဝင်း **နှင့်** ဦးတင်ခ ပါ-၅
**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

လျှောက်ထားခံရသူ (၅) မဖြူပြာခိုင်၊ အကွက်အမှတ် ၉၀၂၊ သီတာအေးရပ်၊ နှင်းဆီလမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဒေါ်တင်တင်ဝင်းက ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၏ ဇာရီ ၅၆/၂၀၁၆ တွင် ၂-၉-၂၀၁၆ ရက်စွဲပါ အမိန့်နှင့်စပ်လျဉ်းသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၇ ခုနှစ် မတ် ၃၀ ရက် (၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၇ခုနှစ် မတ် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

---

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### မန္တလေးခရိုင်တရားမရုံးတော်၌
### ၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၅၀၅ နှင့်ဆက်သွယ်သည့်
### ၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၇၈ ။

ဦးသန်းထိုက် **နှင့်** ဦးကျော်ကျော်နိုင်(ခ)ကိုနိုင်(ခ)အောင်နိုင်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေး-ပုသိမ်ကြီးကားလမ်း၏တောင်ဘက်၊ နန်းဦးလွင်ကျေးရွာနေ ဦးကျော်ကျော်နိုင်(ခ)ကိုနိုင်(ခ)အောင်နိုင် (ဘ)ဦးခင်မောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

